ပဏ္ဍိတာနဉ္စ သေဝနာ ဧတံ မင်္ဂလ မုတ္တမံ၊ ပညာရှိကို ဆည်းကပ်ခြင်းသည် မြတ်သောမင်္ဂလာမည်၏။

မြန်မာ့အလင်း

၁၂၇၆ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၆ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၂ ရက်၊ ၂၀၀၄ ခုနှစ်၊ ဖေဖော်ဝါရီ ၁၇ ရက်၊ အင်္ဂါနေ့၊ အတွဲ(၄၁)၊ အမှတ်(၁၄၀)

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန် ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ကြည့်ရှုစစ်ဆေး

မြန်မာနိုင်ငံ ပညာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ၂၀၀၄ ခုနှစ် (၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ကချင်ပြည်နယ် မိုးညှင်းမြို့နယ် မိုးညှင်းဒီဂရီကောလိပ် ဖွင့်ပွဲအခမ်းအနားတွင် စာသင်ဆောင်များအတွင်း ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

(၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ဂုဏ်ပြု ကချင်ပြည်နယ် မိုးညှင်းဒီဂရီကောလိပ်ဖွင့်လှစ်

ပြည်ထောင်စုကြီးတစ်ရပ်လုံး တည်ငြိမ်အေးချမ်းမှု၊ တရားဥပဒေစိုးမိုးမှုလွှမ်းခြုံလာပြီး ပြည်နယ်၊တိုင်းအားလုံး မျှမျှတတဖွံ့ဖြိုးလာရေးသည် အဓိကအရေးပါသည့်အချက်ဖြစ်

ရန်ကုန် ဖေဖော်ဝါရီ ၁၆

၂၀၀၄ခုနှစ် (၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ကချင်ပြည်နယ် မိုးညှင်းမြို့နယ် မိုးညှင်းမြို့၌ တည်ဆောက်ပြီးစီးသွားသည့် ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန (အထက်မြန်မာပြည်) မိုးညှင်းဒီဂရီကောလိပ် ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၁ ရက် နံနက် ၈ နာရီခွဲတွင် အဆိုပါဒီဂရီကောလိပ်၌ကျင်းပရာ မြန်မာနိုင်ငံပညာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း တက်ရောက်အားပေးချီးမြှင့်ပြီး ကမ္ပည်းမော်ကွန်းကြေးပြားကို စက်ခလုတ်နှိပ်၍ဖွင့်လှစ်ပေးသည်။

မိုးညှင်းဒီဂရီကောလိပ်ဖွင့်ပွဲ အခမ်းအနားသို့ ကချင်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ မြောက်ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်ဆွေ၊ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ခင်မောင်၊ *စာမျက်နှာ ၈ ကော်လံ ၁* ■

ယနေ့ထုတ်စောင်ရေ - ၂၀၀၈၈၀

မြန်မာနိုင်ငံ ပညာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်း ၂၀၀၄ ခုနှစ် (၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ကချင်ပြည်နယ် မိုးညှင်းမြို့နယ် မိုးညှင်းဒီဂရီကောလိပ် ဖွင့်ပွဲအခမ်းအနား၌ ပင်မဆောင်ရှေ့တွင် စုပေါင်းဓာတ်ပုံရိုက်စဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၇ ရက်)

စီးပွားရေးနှင့် လူနေမှုဘဝ တိုးတက်မှုနှင့်အညီ ဆက်သွယ်ရေးကဏ္ဍ တိုးတက်မှုအရှိန်အဟုန် မြှင့်တင်

နိုင်ငံတော်အစိုးရသည် နိုင်ငံတော်ကြီးကို အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီး ဖြစ်ပေါ်လာရေးဦးတည်ချက်၊ ရည်မှန်းချက်ဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

တပ်မတော်အစိုးရ နိုင်ငံတာဝန်ယူချိန်မှစ၍ နိုင်ငံအေးချမ်းသာယာမှု ရရှိစေရန် တစိုက်မတ်မတ်ကြိုးပမ်းဆောင်ရွက်ခဲ့မှုကြောင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ ဥပဒေဘောင်အတွင်း ဝင်ရောက်ခဲ့ကြပြီး နယ်စွန်နယ်ဖျား ဒေသများပါမကျန် တည်ငြိမ်အေးချမ်းမှုများ ရရှိဖြစ်ထွန်းလာခဲ့သည်။

အဆိုပါ နယ်စပ်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းကို ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်ပေးနိုင်ခဲ့သည်နှင့်အညီ ယခုအခါ အစွန်အဖျားဒေသများပါမကျန် အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လျက်ရှိနေသည်။

ထို့အပြင် ပြည်နယ်နှင့်တိုင်းများအားလုံးအကြားအလပ်မရှိ မျှမျှတတဖွံ့ဖြိုးတိုးတက်စေရေးအတွက် အထူးဖွံ့ဖြိုးရေးဒေသကြီး ၂၄ခု စီမံကိန်းကိုချမှတ်ပြီး တက္ကသိုလ်၊ကောလိပ်များ၊အစိုးရနည်းပညာကောလိပ်၊ ကွန်ပျူတာ ကောလိပ်နှင့် ဆေးရုံကြီးများ တည်ထောင်ပေးခဲ့ပြီး အဆိုပါဒေသရှိ ပြည်သူများ စားဝတ်နေရေး ပြည့်စုံချောင်လည်စေရန်၊ လူနေမှုအဆင့်အတန်း တိုးတက်မြင့်မားစေရန်၊ ကျန်းမာရေးစောင့်ရှောက်မှု တိုးမြှင့်ပေးနိုင်စေရန်၊ ဒေသနေ လူငယ်လူရွယ်များ နိုင်ငံတကာအဆင့်မီ ပညာရည်မြင့်မားလာစေရန် ဆောင်ရွက်ပေးခဲ့သည်။

ဆက်လက်ပြီး အတွင်းပိုင်းရှိ ကျေးလက်ဒေသများပါမကျန် နိုင်ငံတော်ကြီးတစ်ရပ်လုံး တိုးတက်ဖြစ်ထွန်းလာစေရန် ကျေးလက်ဒေသဖွံ့ဖြိုးရေးစီမံကိန်းကို ချမှတ်၍အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိသည်။

ယခုအခါ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ ကျေးလက်ဒေသများ အလျင်အမြန် ဖွံ့ဖြိုးလာပြီး တောနှင့်မြို့ ကွာဟမှုများ လျော့နည်းလာစေရန် အစီအမံများ ဆောင်ရွက်နေသည်နှင့်အညီ ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းသည် ကျေးလက်ဒေသများတွင် အခြေခံ ဆက်သွယ်ရေးလိုအပ်ချက် ရရှိရေးအတွက် ကျေးလက်ဒေသဆက်သွယ်ရေး ဖွံ့ဖြိုးမှုစီမံကိန်းအဆင့်ဆင့်ကို အကောင်အထည်ဖော် ဆောင်ရွက်လျက် ရှိသည်။

ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း ရန်ကုန်တိုင်း ကွမ်းခြံကုန်းမြို့ နှင့်ကော့မှူးမြို့တို့၏ ဒစ်ဂျစ်တယ်အော်တိုအိတ်ချိန်းသစ် ဖွင့်ပွဲအခမ်းအနားများကို ဖေဖော်ဝါရီလ ၈ရက်နေ့က ကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်ချီးမြှင့်ခဲ့သည်။

အလားတူ စစ်ကိုင်းတိုင်း ကန့်ဘလူမြို့ ဒစ်ဂျစ်တယ်အီလက်ထရွန်နစ် အော်တိုအိတ်ချိန်းသစ်ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီလ ၅ ရက်နေ့ ညနေပိုင်းက အဆိုပါအော်တိုအိတ်ချိန်းသစ်၌ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်ချီးမြှင့်ခဲ့သည်။

ကွမ်းခြံကုန်းမြို့နှင့်ကော့မှူးမြို့ ဒစ်ဂျစ်တယ်အော်တိုအိတ်ချိန်းသစ်သည် KX-TD 500 အမျိုးအစားဖြစ်ပြီး ဒစ်ဂျစ်တယ်အော်တိုတယ်လီဖုန်းအလုံး ၄၀၀ စီ တပ်ဆင်အသုံးပြုနိုင်ကာ ယခုအခါ ကွမ်းခြံကုန်း၌ အော်တိုတယ်လီဖုန်း အလုံး ၃၀၀နှင့် ကော့မှူး၌ အလုံး ၂၀၀ တပ်ဆင်ထားပြီးဖြစ်သည်။ အဝေးဆက်သွယ်မှုမှာ မြန်မာနိုင်ငံအတွင်းသာမက ပြည်ပနိုင်ငံများကိုပါ ဆက်သွယ်ပြောဆိုနိုင်ကြောင်းသိရသည်။

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းသည် နယ်မြို့အော်တိုအိတ်ချိန်းစီမံကိန်းအရ ပြည်နယ်နှင့်တိုင်းအသီးသီး၌ မြို့ပေါင်း ၃၀ တွင် အော်တိုအိတ်ချိန်းသစ်များ တည်ဆောက်အကောင်အထည်ဖော်လျက် ရှိသည်။ ဆက်သွယ်ရေးလုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်လျက်ရှိရာ မြန်မာနိုင်ငံတစ်ဝန်း အော်တိုအိတ်ချိန်း ၁၃၀၊ လက်သုံးအိတ်ချိန်း ၆၁၄ ခုနှင့် တယ်လီဖုန်းလိုင်းပေါင်း လေးသိန်းခန့် တပ်ဆင်အသုံးပြုနိုင်ပြီဖြစ်ကြောင်းသိရသည်။

နိုင်ငံတော်က ဆက်သွယ်ရေးကဏ္ဍနှင့်ပတ်သက်၍ ကျေးလက်ဒေသ နယ်စွန်နယ်ဖျားများအထိ အချိန်အခါမရွေး ဆက်သွယ်နိုင်စေရန် စီမံဆောင်ရွက်ပေးလျက်ရှိသည်။ ထို့အပြင် နယ်စွန်နယ်ဖျားမကျန် နိုင်ငံတော်၏အခြေအနေမှန်များကို သိရှိနိုင်စေရန် ရုပ်သံထပ်ဆင့်လွှင့်စက်ရုံများကိုလည်း ထူထောင်ပေးလျက်ရှိသည်။

သို့ဖြစ်ရာ နိုင်ငံတော်၏ စီးပွားရေးတိုးတက်ခိုင်မာရေး၊ ပြည်သူများ၏ လူနေမှုဘဝ တိုးတက်မြင့်မားရေးတို့အတွက် ရှိုင်မာသည့် အခြေခံကောင်းများ တိုးတက်ဖြစ်ပေါ်နေသည့် အခြေအနေ အချိန်အခါနှင့်အညီ ဆက်သွယ်ရေးကဏ္ဍ တိုးတက်မှု အရှိန်အဟုန်ကို ဆက်လက်မြှင့်တင်သွားနိုင်မည်ဟု ယုံကြည်ကြောင်း ရေးသားလိုက်ရပါသည်။ ။

အမှတ် ၇၅ လမ်း ၅၀ပုဇွန်တောင်မြို့နယ်နေဦးနေဖီနှင့်သားသမီးတစ်စုက ကျေးဇူးရှင် ဒေါ်ကြီး ဒေါ်မွေးရီနှင့် မိခင်ဒေါ်မြကျင်တို့ကွယ်လွန်သည့် လေးနှစ်ပြည့်အထိမ်းအမှတ်အဖြစ် နာရေးကူညီမှုအသင်း(ရန်ကုန်)သို့ ငွေကျပ်နှစ်သိန်းနှစ်သောင်းငါးထောင်လှူဒါန်းရာ ဥက္ကဋ္ဌဦးအေးသန့်နှင့်ဒုတိယဥက္ကဋ္ဌ အကယ်ဒမီ ဦးကျော်သူတို့က ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်စဉ်။(က-ပ)

ရွှေဟောင်းဗုဒ္ဓဂယာ သတ္တဌာနဘုရား တပေါင်းပွဲတော်ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၆

ပဲခူးတိုင်း ဒိုက်ဦးမြို့နယ် ဖောင်တော်သီရွာမ ရွှေဟောင်းဗုဒ္ဓဂယာ သတ္တဌာနဘုရားတွင်တပေါင်းလဆန်း ၁၃၊ ၁၄ ရက် ညများတွင် တရားပွဲများ ကျင်းပမည်ဖြစ်သည်။

တပေါင်းလဆန်း ၁၀၊၁၁၊၁၂ ရက် (ဖေဖော်ဝါရီ ၂၇၊ ၂၈၊ ၂၉ ရက်) ညများတွင် သုံးညတိုင်တိုင် ရှုမဝဇာတ်သဘင်မှ ဖျော်ဖြေကပြမည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ဖေဖော်ဝါရီ ၁၅ ရက်က ကြည့်မြင်တိုင်မြို့နယ် စလင်းကျောင်းတိုက် ခေမာသီဝံကျောင်းဆရာတော် ဘဒ္ဒန္တ ကောသလာဘိဝံသ (မဟာဂန္ထဝါစက ပဏ္ဍိတ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ) ၏ မွေးနေ့တော် ဓမ္မပူဇာခေမာကာရီ ပရိယတ္တိစာမေးပွဲ စာအောင်သံဃာ ပူဇော်ပွဲအခမ်းအနားကို အဆိုပါ ကျောင်းတိုက်၌ ကျင်းပစဉ်။

(က-ပ)

ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ကုန်သွယ်မှု မူဝါဒ ဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၆

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့(WTO)တို့ ကြီးမှူးကျင်းပသည့် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ ကုန်သွယ်မှုမူဝါဒဆိုင်ရာ ဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက်၉နာရီတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် အလံပြဘုရားလမ်းရှိ Grand Palaza Park Royal ဟိုတယ်၌ ကျင်းပရာ ဝန်ကြီးချုပ်ရုံးဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။

အခမ်းအနားသို့ သမဝါယမဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်ဌေးဦး၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌ မြို့တော်ဝန်ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်ထွန်း၊ ဌာနဆိုင်ရာအကြီးအကဲများ၊ အကြံပေးပုဂ္ဂိုလ်များ၊ ကမ္ဘာ့ကုန်သွယ်ရေး အဖွဲ့မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ များမှ ဆွေးနွေးပွဲ တက်ရောက်သူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဝန်ကြီးချုပ်ရုံးဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေက အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် ကမ္ဘာ့ကုန်သွယ်ရေး အဖွဲ့ လေ့ကျင့်ရေးနှင့် နည်းပညာ ပူးပေါင်း ဆောင်ရွက်ရေးဌာနမှ အာရှ-ပစိဖိတ်ဒေသဆိုင်ရာ ညှိနှိုင်းရေးမှူး Dr. Raymond Krommeneckက နှုတ်ခွန်းဆက်စကား ပြောကြားပြီး ဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အဆိုပါကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ ကုန်သွယ်မှု မူဝါဒဆိုင်ရာ ဆွေးနွေးပွဲကို ယနေ့မှစ၍ ဖေဖော်ဝါရီ၁၉ရက်အထိ ကျင်းပသွားမည်ဖြစ်သည်။

(သတင်းစဉ်)

မဟာဓမ္မသုခဗိမာန် ထီးတော်တင်မင်္ဂလာ

ရန်ကုန် ဖေဖော်ဝါရီ ၁၆

တိုက်ကြီးမြို့ဖူးကြီးရေလှောင်ကန်အနီး ပန်းတစ်ပွင့်တောင် သာသနာပြုတောရကျောင်း ရွှေဟောင်း စကြာရှင်ဆုတောင်းပြည့် ဇမ္ဗူအေးတစ်ဆယ့်တစ်မီးငြိမ်းစေတီ အုတ်မြစ်ချမင်္ဂလာ၊ ဆရာတော်စံကျောင်း ရေစက်ချအခမ်းအနား၊ မဟာဓမ္မသုခဗိမာန် အထွတ်ထီးတော်တင်မင်္ဂလာနှင့် ပန်းတစ်ပွင့်တောင် ဆရာတော် ဘဒ္ဒန္တပညာသာရအား သိက္ခာထပ် မင်္ဂလာအခမ်းအနားများကို တစ်ပေါင်းလဆန်း ၃ ရက် (ဖေဖော်ဝါရီ ၂၂ ရက်) တနင်္ဂနွေနေ့ မင်္ဂလာအချိန်တွင် အဆိုပါ ပန်းတစ်ပွင့်တောင်၌ ကျင်းပမည်ဖြစ်သဖြင့် တပည့်ဒါယကာ ဒါယိကာမများ နံနက်၇နာရီ အရောက်အချိန်မီရောက်ရန် ဝေယျာဝစ္စအဖွဲ့က နှိုးဆော်ထားသည်။ **(က-ပ)**

ပြည်ထောင်စုနေ့ဂုဏ်ပြု စုပေါင်းသန့်ရှင်း

ရန်ကုန် ဖေဖော်ဝါရီ ၁၆

(၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဖေဖော်ဝါရီ ၁၀ ရက်က ကြံခင်းမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးပုနှင့်အဖွဲ့ဝင်များ၊ ကြံခင်းမြို့နယ် ရဲတပ်ဖွဲ့မှူး ဒုရဲမှူးညွန့်ဟန်နှင့် မိသားစုဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးခင်ဇော်ဝင်းနှင့် ဝန်ထမ်းများ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ ပါဝင်၍ မြို့နယ်စည်ပင်သာယာရေး အဖွဲ့ပိုင် မြို့မဈေးကြီးနှင့် ပြည်သူ့ဆေးရုံဝင်းအတွင်း စုပေါင်း သန့်ရှင်းရေး ဆောင်ရွက်ကြသည်။ **(က-ပ)**

ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ် အထက(၁) မိဘဆရာအသင်း နှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရည်ချွန်ဆု ချီးမြှင့်ပွဲကို ဖေဖော်ဝါရီ၁ ရက်က သံလွင် ခန်းမတွင် ကျင်းပရာ ကျောင်းအုပ်ဆရာကြီး ဦးသိန်းထွန်းက ၂၀၀၃ ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲ၌ ငါးဘာသာဂုဏ်ထူးဖြင့် အောင်မြင်သူ မောင်ကျော်စွာလင်းအား ဆုချီးမြှင့်စဉ်။

(က-ပ)

အမှာစကားပြောကြား

ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့်ရုပ်မြင်သံကြား (၅၈)နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားတွင် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း အဖွင့်အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

ထုတ်ကုန်နှစ်ဆ တိုးမြှင့်ကြ

နိုင်ငံတော်၏မူဝါဒလမ်းစဉ်(၇)ရပ်အောင်မြင်ရေး မီဒီယာနည်းဖြင့်စည်းရုံးဆောင်ရွက် သွက်လက်ထက်မြက်ပြီးအဆင့်အတန်းမြင့်မားသောမီဒီယာဖြစ်အောင်ကြိုးပမ်းစွမ်းဆောင်

ရန်ကုန် ဖေဖော်ဝါရီ ၁၆

ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့်ရုပ်မြင်သံကြား (၅၈)နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားကို ယနေ့မွန်းလွဲ ၁ နာရီတွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားရှိ စတူဒီယို(အေ) ခန်းမ၌ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း တက်ရောက်၍ အမှာစကားပြောကြားသည်။

နှစ်ပတ်လည်နေ့ အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများဖြစ်ကြသော ဦးသိန်းစိန်နှင့် ဗိုလ်မှူးချုပ်အောင်သိန်း၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဌေး၊ ပြန်ကြားရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများနှင့် လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ အင်ဂျင်နီယာချုပ်၊ညွှန်ကြားရေးမှူးများ၊ပြန်ကြားရေးဝန်ကြီးဌာန ရုံးအဖွဲ့မှူးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်းက အမှာစကားပြောကြားရာတွင် ယနေ့အခမ်းအနားသည် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏နှစ်ပတ်လည်နေ့အခမ်းအနားဖြစ်ရာ နှစ်ပတ်လည်နေ့များ ကျင်းပခြင်းဖြင့် ဌာနတွင်း စည်းလုံးညီညွတ်မှုနှင့်ဝန်ထမ်းအချင်းချင်းချစ်ကြည်ရင်းနှီးမှုတို့ကိုရရှိစေကြောင်း၊ လုပ်ငန်းများ အောင်မြင်မှုရရှိစေကြောင်း။

ရည်ရွယ်ချက်နှစ်ရပ်

နှစ်ပတ်လည် အခမ်းအနားများ ကျင်းပရာတွင် နှစ်ဟောင်းက မိမိဌာနအတွက် သတ်မှတ်ပေးထားသော ရည်မှန်းချက်တာဝန်များကို မည်သည့်အတိုင်းအတာအထိ အောင်မြင်အောင် ဆောင်ရွက်နိုင်ခဲ့သည်၊ အားသာချက်နှင့် အားနည်းချက်များရှိခဲ့သည်တို့ကို ပြန်လည်သုံးသပ်ပြီး လာမည့်နှစ်တွင် မည်ကဲ့သို့ ပိုမိုတိုးတက်အောင် လုပ်မည်၊ မည်သို့သောရည်မှန်းချက်များ ချမှတ်ဆောင်ရွက်မည်တို့ကို ချမှတ်အကောင်အထည်ဖော်ရန်နှင့် ယှဉ်ပြိုင်မှုရှိမှ တိုးတက်မှုရှိသည် ဆိုသောသဘောအရ မိမိဌာနအတွင်း၌ စည်းလုံးညီညွတ်တက်ကြွစွာဖြင့် ကြိုးစားလိုစိတ်၊ ယှဉ်ပြိုင်လိုစိတ်များဖြစ်ပေါ်လာအောင် ဆုပေးသင့်သူများအား ဆုပေး၊ ချီးမြှင့်ထိုက်သူများကို ချီးမြှင့်ရန်ဆိုသည့် ရည်ရွယ်ချက်နှစ်ရပ်ဖြင့် ကျင်းပကြရခြင်းဖြစ်ကြောင်း။

မိမိတို့ဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်ရှေ့ဆက်သွားမည့်မူဝါဒ လမ်းစဉ် (၇)ရပ်အောင်မြင်ရေးတွင် မိမိတို့ကျရာကဏ္ဍက ပူးပေါင်းပါဝင် ဆောင်ရွက်ရေး၊ မိမိဌာနဝင်ငွေတိုးတက်ရေးနှင့် ခြိုးခြံချွေတာသုံးစွဲရေးတို့ကို အဓိကထားလုပ်ဆောင်ကြရမည်ဖြစ်ကြောင်း။

၂၀၀၄ ခုနှစ်တွင် ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် အလေးထားဆောင်ရွက်ရမည်မှာ မိမိနှင့်ဆိုင်သော စက်မှု လုပ်ငန်းများ တိုးတက်ရေး၊ Telecomunication ဖွံ့ဖြိုးရေးတွင် မိမိတို့နှင့် သက်ဆိုင်သော အပိုင်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ နိုင်ငံတော်၏ရှေ့လုပ်ငန်းစဉ် မူဝါဒများကို ပြည်သူများသိရှိပြီး ပူးပေါင်းပါဝင်လာအောင် မီဒီယာနည်းဖြင့် စည်းရုံးဆောင်ရွက်ရေးတို့ပင် ဖြစ်ကြောင်း။

အဓိကလုပ်ငန်းတာဝန်

ထို့အပြင်အဓိကအားဖြင့် နိုင်ငံတော်မူဝါဒလမ်းစဉ်(၇)ရပ်အောင်မြင်ရေးအတွက် မီဒီယာနည်းဖြင့် စည်းရုံးဆောင်ရွက်ရေး၊ နယ်စပ်ဒေသအပါအဝင်တစ်နိုင်ငံလုံး Media Coverဖြစ်အောင်ဆောင်ရွက်ရေး၊ ပြည်တွင်းသာမကပြည်ပသို့ပါ မီဒီယာ ထိုးဖောက်နိုင်အောင် ဆောင်ရွက်ရေး၊ သွက်လက်ထက်မြက်ပြီး အဆင့်အတန်း မြင့်မားသော မီဒီယာဖြစ်အောင် ဆောင်ရွက်ရေး၊ နိုင်ငံတော်အကြီးအကဲက လမ်းညွှန်ထားသော ၂၀၀၄ ခုနှစ်အတွင်း အလေးထားဆောင်ရွက်ရမည့်လုပ်ငန်းများတွင် မိမိတို့နှင့် သက်ဆိုင်သည့်အပိုင်းတွင် ပါဝင်၍ ယခင်ထက်တိုးမြှင့်ဆောင်ရွက်ရေး၊ ဝင်ငွေတိုးတက်ရရှိရေးနှင့် ခြိုးခြံချွေတာရေးတို့ကို ၂၀၀၄ခုနှစ်၏ အဓိကလုပ်ငန်း တာဝန်များအဖြစ်သတ်မှတ်ဆောင်ရွက်ကြရန်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ဆုများပေးအပ်ချီးမြှင့်

ဆက်လက်၍ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်းက ဝန်ထမ်းစံပြဆုရလက်ထောက်ညွှန်ကြားရေးမှူးဦးကံမြင့်၊ ဦးစီးအရာရှိ (ထုတ်လုပ်) ဒေါ်ယဉ်ယဉ်လှ၊ ဦးစီးအရာရှိ (ထုတ်လုပ်)ဦးစံဝင်း၊ ဦးစီးအရာရှိ (ထုတ်လုပ်) ဒေါ်သီတဂူဖေယျနှင့် လက်ထောက်အင်ဂျင်နီယာ ဦးစိန်ဦးတို့အားလည်းကောင်း၊ပြည်သူ့ဝန်ထမ်းကောင်းတံဆိပ်ရ ဒေါ်H.Pရွှယ်ဆိုင်းနှင့် သင်တန်းအသီးသီးတို့တွင် ထူးချွန်ဆုရရှိကြသည့် ဒေါ်ခင်စန္ဒာမြင့်၊ဒေါ်ဝေဝေလှိုင်နှင့် ဦးသိန်းထွန်းတို့အား လည်းကောင်းဆုများကိုပေးအပ်ချီးမြှင့်သည်။

ထို့နောက် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသိန်းစိန်က ဌာနတွင်ထူးချွန်ဆုရအရာထမ်းဝန်ထမ်း ၅၈ဦးတို့ကိုယ်စား ဝန်ထမ်း ခုနစ်ဦးတို့အားလည်းကောင်း၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်းက ရုံးတက်မှန်ဆုနှင့် ဝန်ထမ်းသားသမီးများ၏ ပညာရည်ထူးချွန်ဆု၊ အနုပညာထူးချွန်ဆု၊ အားကစားထူးချွန်ဆု၊ ဆုရ အရာထမ်းဝန်ထမ်းနှင့်မိသားစုဝင်များ၃၃ဦးတို့ကိုယ်စား အရာထမ်း ဝန်ထမ်း၁၂ ဦးတို့အားလည်းကောင်း ဆုများကို ပေးအပ်ချီးမြှင့်ကြသည်။

ချီးမြှင့်

ဆက်လက်၍ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဌေးက မြန်မာ့အသံနှင့် ရုပ်မြင်သံကြားဌာနအသီးသီးမှဝန်ထမ်းများအတွက် ဝတ်စုံစရိတ်ချီးမြှင့်ငွေများကို ဌာနခွဲတာဝန်ခံများအား လည်းကောင်း၊ နှစ်ပတ်လည်နေ့ ဂုဏ်ပြုအငြိမ့်အထူးဆုရ ဝန်ထမ်းများအား လည်းကောင်း ဆုများကိုပေးအပ်ချီးမြှင့်သည်။

ထို့နောက် ဆုရရှိကြသူများကိုယ်စား ရုပ်မြင်သံကြားဌာနခွဲမှ ရုပ်သံကျွမ်းကျင်(၁)ဒေါ်ခင်မိုးဉက ကျေးဇူးတင်စကားပြောကြားပြီး အခမ်းအနားကို မွန်းလွဲ ၂ နာရီခွဲတွင် ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

ဗဟိုအမျိုးသမီးဆေးရုံကြီးသို့အလှူငွေနှင့်ပစ္စည်းများလှူဒါန်း

ရန်ကုန် ဖေဖော်ဝါရီ ၁၆

ဦးကိုကိုထွေး-ဒေါ်အေးအေးသန်း (Taw Win Family Co., Ltd.) မိသားစုက နိုင်ငံတကာအဆင့်မီ ဘွဲ့ကြို/ဘွဲ့လွန်ဆေးပညာသင်ကြားရေးတွင် အသုံးပြုရန် ရည်ရွယ်၍ တန်ဖိုးငွေကျပ် တစ်ဆယ့်ကိုးသိန်းငါးသောင်းတန် Broad Band Internet လှူဒါန်းခြင်း အခမ်းအနားကို ရန်ကုန်မြို့ ဗဟိုအမျိုးသမီးဆေးရုံကြီးရှိ သင်ကြားရေးခန်းမဆောင်၌ ယနေ့နံနက် ၉ နာရီခွဲကကျင်းပသည်။ အခမ်းအနားသို့ ဆေးတက္ကသိုလ်(၁) ပါမောက္ခချုပ် ဒေါက်တာဦးမျိုးမြင့်၊ ဒုတိယပါမောက္ခချုပ် ဒေါက်တာဦးမြင့်အောင်၊ သားဖွားနှင့်မီးယပ် ပါမောက္ခဌာနမှူး ဒေါက်တာဒေါ်သန်းသန်းတင်၊ ဆေးရုံအုပ်ကြီး ဒေါက်တာ ဦးရွှေအိုးနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြပြီး ရှေးဦးစွာ အလှူရှင်ဦးကိုကိုထွေးက လှူဒါန်းရခြင်းအကြောင်းရှင်းပြ၍ လှူဒါန်းသည့်ပစ္စည်းများနှင့် ဦးကိုကိုထွေး-ဒေါ်အေးအေးသန်းမိသားစုက ထပ်မံလှူဒါန်းသည့် အလှူငွေကျပ် သုံးသိန်း၊ ဦးမျိုးဇော်ထွန်း-ဒေါ်ဝတ်ရည်ထွေးမိသားစုက ကျပ်တစ်သိန်းတို့ကို ဆေးတက္ကသိုလ်(၁) သားဖွားနှင့် မီးယပ်ပါမောက္ခဌာနမှူး ဒေါက်တာဒေါ်သန်းသန်းတင်**(ယာပုံ)** ကလက်ခံရယူပြီး ဆေးတက္ကသိုလ်(၁) ပါမောက္ခချုပ် ဒေါက်တာဦးမျိုးမြင့် နှင့် ဒုတိယပါမောက္ခချုပ် ဒေါက်တာ ဦးမြင့်အောင်တို့က ကျေးဇူးတင်စကားပြော ကြားကြသည်။ ထို့နောက် ပါမောက္ခ ဌာနမှူး ဒေါက်တာဒေါ်သန်းသန်းတင်က လှူဒါန်းထားသည့်ပစ္စည်းများအား ရှင်းလင်းပြသပြီး အခမ်းအနားကိုရုပ်သိမ်းလိုက်သည်။

(က-ပ)

နိဗ္ဗာန်ရောက်ကြောင်း တရားဟောကြားမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၆

ရန်ကုန်တိုင်း လမ်းမတော်မြို့နယ် သရက်တောကျောင်းတိုက် အောင်စကြာတိုက်ကျောင်း ဦးစီးပဓာန နာယက (ဓမ္မကထိက ဗဟုဇန ဟိတဓရ)ဘဒ္ဒန္တ စန္ဒသူရိယ အောင်စကြာဆရာတော်သည် ဖေဖော်ဝါရီ ၂၂ ရက် ညတွင် လှိုင်သာယာမြို့နယ် (၁၁)ရပ်ကွက် ကန်သာယာလမ်း၊ ၂၃ ရက် ညတွင် သုံးခွမြို့ အောင်မြေလောက သွန်းဘုရားကြီး၊ ၂၄ ရက်ညတွင် ရွှေပြည်သာမြို့နယ် ဈ/၃၄ (၁၀) ရပ်ကွက် သီတဂူပန်းခြံ၊ ၂၅၊၂၆၊၂၇ ရက် ညများတွင်လက်ပံတန်းမြို့သာသနာ့ဒါယကာ ရှင်ပြု အသင်း၊ ၂၉ ရက် ညတွင် ကျောက်တန်းမြို့ ရေလယ်ဘုရားပွဲ၊ မတ်လ ၂၊ ၃၊ ၄ ရက် ညများတွင် ကျုံပျော်မြို့နယ် ခနော်အုပ်စု လိမ်ကုန်းကျေးရွာတို့တွင် နိဗ္ဗာန်ရောက်ရေးနည်းလမ်းပေးတရားတော်များ ဟောကြားတော်မူမည်ဟု သိရသည်။ **(က-ပ)**

တရားရေးအရာရှိများ အင်္ဂလိပ်ဘာသာကျွမ်းကျင်မှု အဆင့်မြင့်သင်တန်းဖွင့်

ရန်ကုန် ဖေဖော်ဝါရီ ၁၆

တရားရေး အရာရှိများ အင်္ဂလိပ်ဘာသာကျွမ်းကျင်မှု အဆင့်မြင့်သင်တန်းအမှတ်စဉ်(၁) ဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် တရားရုံးချုပ် ပင်မ အဆောက်အအုံ၏ မြောက်ဘက်ခြမ်းရှိ သုံးထပ်အဆောက်အအုံအပေါ်ဆုံးထပ်၌ကျင်းပရာ တရားသူကြီးချုပ်ဦးအောင်တိုးတက်ရောက်၍ အဖွင့်အမှာစကား ပြောကြားသည်။

ယင်းဖွင့်ပွဲအခမ်းအနားသို့ ဒုတိယတရားသူကြီးချုပ် ဦးသိန်းစိုး၊ တရားရုံးချုပ် တရားသူကြီးများ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် ညွှန်ကြားရေးမှူးများ၊ တိုင်းတရားသူကြီး၊တွဲဖက်တိုင်းတရားသူကြီးများ၊ ဒုတိယညွှန်ကြားရေးမှူးများ၊အကြံပေးအရာရှိများနှင့် သင်တန်းဆရာများ၊ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

(သတင်းစဉ်)

သာယာမည်

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ သာယာမည်။

အီရတ်၌ ယခုသီတင်းပတ်အတွင်း ဖြစ်ပွားခဲ့သောတိုက်ခိုက်မှုများ လုံခြုံရေးတပ်ဖွဲ့ထူထောင်ရေး ကန်တို့ကြိုးပမ်းချက်ကိုအားနည်းစေခဲ့

ဘဂ္ဂဒက် ဖေဖော်ဝါရီ ၁၅

အီရတ်နိုင်ငံ၌ ဖြစ်ပွားနေသော လုံခြုံရေးပြဿနာသည် နိုင်ငံတွင်း တိုက်ရိုက်ရွေးကောက်ပွဲကျင်းပရေး အစီအစဉ်ကို များစွာအဟန့်အတားဖြစ်စေလျက်ရှိကြောင်း သိရသည်။

ယခုလသည် အီရတ်စစ်ပွဲပြီးဆုံးကတည်းက သေဆုံးမှုအများဆုံးလတစ်လဖြစ်နေပြီး ယခုသီတင်းပတ်အတွင်း အမေရိကန် စစ်ဘက်ယာဉ်တန်းတစ်ခုသည် ဘဂ္ဂဒက်မြို့အနောက်ဘက်၌ ချုံခိုတိုက်ခိုက်ခံခဲ့ရပြီး အပြန်အလှန်ပစ်ခတ်မှုဆက်လက်ဖြစ်ခဲ့ကြောင်းသိရသည်။ ပြီးခဲ့သည့်ရက်များက ဖြစ်ပွားခဲ့သော အသေခံဗုံးဖောက်ခွဲတိုက်ခိုက်မှုနှစ်ကြိမ်၌ လူတစ်ရာကျော်သေဆုံးခဲ့ရပြီး ဗုံးဖောက်ခွဲသူများသည် အီရတ်ရဲတပ်ဖွဲ့ဝင်များနှင့် အီရတ်လုံခြုံရေးတပ်ဖွဲ့ အသစ်တို့ကို ပစ်မှတ်ထားကာ တိုက်ခိုက်ခဲ့ကြောင်း သိရသည်။

ပထမတိုက်ခိုက်မှုမှာ ရဲတပ်ဖွဲ့ဝင် တပ်သားအသစ်အဖြစ် အလုပ်ရရှိရေးအတွက် ရဲစခန်းအပြင်ဘက်၌ တန်းစီစောင့်ဆိုင်းနေကြစဉ် တိုက်ခိုက်ခံရခြင်းဖြစ်ပြီး ဒုတိယပေါက်ကွဲမှုမှာ တပ်သားအသစ် စုဆောင်းရေးစခန်း အပြင်ဘက်၌ ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး လူအများအပြား သေဆုံးခဲ့ရသည်။

ဆောင်ရွက်

ယင်းတိုက်ခိုက်မှုများသည် လာမည့် ဇွန်လကုန်၌ အီရတ်တို့ထံအချုပ်အခြာအာဏာလွှဲ ပြောင်းပေးရေးအတွက် အမြန်ဆောင်ရွက်နိုင်ရန်အတွက် အီရတ်လုံခြုံရေး တပ်ဖွဲ့များ ထူထောင်ရန် အမေရိကန်တို့၏ ကြိုးပမ်းမှုကို အားနည်းလျော့ ပါးအောင် ဦးတည်ဆောင်ရွက်ခြင်း ဖြစ်ကြောင်း အမေရိကန်တာဝန်ရှိသူများက ပြောကြားလျက်ရှိသည်။

(စီအင်န်အင်န်)

ဖေဖော်ဝါရီ၁၅ရက်က ဘဂ္ဂဒက်မြို့ အဝေးပြေးလမ်းမတစ်ခုတွင် မီးလောင်ပျက်စီးနေသော မော်တော်ယာဉ်တစ်စီးကို အမေရိကန်တပ်ဖွဲ့ဝင်များ ကြည့်ရှုစစ်ဆေးနေစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အီရတ်တွင်သေဆုံးသော ကန်တပ်ဖွဲ့ဝင် ၅၃၇ဦးရှိပြီ

ဝါရှင်တန် ဖေဖော်ဝါရီ ၁၅

အီရတ်နိုင်ငံတွင် စစ်ပွဲစတင်သည်မှ ဖေဖော်ဝါရီ ၁၃ ရက်သောကြာနေ့ရောက်ချိန်တွင် အီရတ်၌ သေဆုံးသော အမေရိကန်တပ်ဖွဲ့ဝင် ၅၃၇ ဦးရှိကြောင်း အမေရိကန်ကာကွယ်ရေးဌာနက ကြေညာသည်။ ယင်းအနက် ၃၇၃ဦးမှာ တိုက်ပွဲ၌သေဆုံးပြီး ၁၆၄ ဦးမှာ တိုက်ပွဲ၌ မဟုတ်ဘဲ သေဆုံးသည်ဟု ဆိုသည်။

သေဆုံး

စစ်ပွဲပြီးကြောင်း ကြေညာသည့် မေ ၁ ရက်မှစပြီး အီရတ်၌ သေဆုံးသော အမေရိကန် တပ်ဖွဲ့ဝင်မှာ ၃၉၉ဦးဖြစ်ပြီး ယင်းအနက် ၂၅၈ဦးမှာတိုက်ပွဲ၌ သေဆုံးပြီး ၁၄၁ဦးမှာ တိုက်ပွဲ၌ မဟုတ်ဘဲ သေဆုံးသည်။

စစ်ပွဲစသည်မှ တိုက်ပွဲ၌ ဒဏ်ရာရသော အမေရိကန်တပ်ဖွဲ့ဝင် ၂၆၂၉ဦးဖြစ်ပြီး တိုက်ပွဲ၌မဟုတ်ဘဲ ဒဏ်ရာရသူ အရေအတွက်မှာ ၄၁၀ ဖြစ်သည်။

(အင်တာနက်)

အီရတ်တစ်ဦးအား မြစ်ထဲ အဓမ္မဆင်းခိုင်းသဖြင့် သေဆုံးခဲ့ရမှု အမေရိကန်တပ်ဖွဲ့ဝင်ငါးဦးကို တရားစွဲဆို

ဆာမာရာ ဖေဖော်ဝါရီ ၁၅

အမေရိကန်တပ်ဖွဲ့ဝင်ငါးဦးမှာ ၎င်းတို့ကို အဓိကခုခံတိုက်ခိုက်နေသည့် နေရာတစ်ခုဖြစ်သည့် တိုက်ကရစ်မြစ်တွင်းသို့အသက်(၁၉)နှစ်အရွယ်ရှိ အီရတ်အရပ်သားတစ်ဦးအား အဓမ္မဆင်းခိုင်းပြီး သေဆုံးစေခဲ့မှုဖြင့် တရားစွဲဆိုခံနေရသည်ဟု အင်တာနက် သတင်းတစ်ရပ်၌ ရေးသားဖော်ပြထားသည်။

သေဆုံး

ဇီဒွန်ဖတ်ဟီးလ်နှင့် ၎င်း၏ညီအစ်ကိုဝမ်းကွဲတော်စပ်သူ မာဝမ်ဖတ်ဟီးလ်တို့အား အမေရိကန်တပ်ဖွဲ့ဝင် များက အတင်းအကြပ်သေနတ်ဖြင့် ထောက်၍မြစ်ထဲသို့ ခုန်ချရန်စေခိုင်းခဲ့ကြောင်း၊ သို့ရာတွင် ၎င်းတို့အနေဖြင့် မြစ်ထဲသို့ ခုန်ချရန် ငြင်းဆန်ခဲ့ကြောင်း၊ ဇီဒွန်မှာ ရေစီးသန်သော မြစ်ထဲတွင် ရေမကူးနိုင်၍ ရေနစ်သေဆုံး သွားကြောင်း အသက်ရှင်ကျန်ရစ်သူ ၎င်း၏ညီအစ်ကို ဝမ်းကွဲက ပြန်လည်ပြောပြချက်အရ သိရသည်။

စုံစမ်းနေ

ဆာမာရာရှိ အမေရိကန်တပ်ဖွဲ့ဝင်များက ရေနစ်သေဆုံးခဲ့သည့် မိသားစုအား ပြောကြားရာတွင် ယင်းကိစ္စကို အမေရိကန်စစ်တပ်အနေဖြင့် သတင်း အပြည့်အစုံရရှိရေး စုံစမ်းနေဆဲဖြစ်ကြောင်း၊ သေဆုံးသူ၏ ညီအစ်ကိုဝမ်းကွဲနှင့် ဦးလေးတော်စပ်သူတို့ကို တွေ့ဆုံမေး မြန်းလျက်ရှိကြောင်းသေဆုံးသူ၏မိသားစုရှေ့နေကပြောကြားသည်။

ဆင်းနိုင်း

အခင်းဖြစ်ပွားမှုမှာ ဇန်နဝါရီ ၃ရက်က ဖြစ်သည်။ ဇီဒွန်နှင့် မာဝမ်တို့သည် ဘဂ္ဂဒက်မှ ဆာမာရာသို့အပြန်ကင်းလှည့်လာသော အမေရိကန်စစ်ယာဉ်တန်းနှင့်တွေ့ဆုံပြီး အဆိုပါညီအစ်ကိုနှစ်ဦးအား ဖမ်းဆီးသွားပြီး တိုက်ကရစ်မြစ်ထဲသို့ သေနတ်ဖြင့်ထောက်၍ အဓမ္မဆင်းခိုင်းခဲ့သည်ဟု ဆိုသည်။

(အင်တာနက်)

အိုင်အမ်အက်ဖ်၏မူဝါဒ နိုင်ငံအများအပြားအကျိုးစီးပွားထိခိုက် ကျူးဘားသမ္မတ ကက်စ်ထရိုက အိုင်အမ်အက်ဖ်ကို ပြစ်တင်ရှုတ်ချ

ဟာဗားနား ဖေဖော်ဝါရီ ၁၅

ကျူးဘားသမ္မတဖီဒယ်ကက်စ်ထရိုသည် နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့ (အိုင်အမ်အက်ဖ်)၏ မူဝါဒကို ပြစ်တင်ရှုတ်ချလိုက်သည်။ အိုင်အမ်အက်ဖ်၏မူဝါဒသည် ဆင်းရဲသောနိုင်ငံအများအပြား၏အကျိုးစီးပွားကိုထိခိုက်ကြောင်း ကတ်စ်ထရိုက ပြောကြားသည်။

ပြောကြား

ကက်စ်ထရိုသည် တစ်ကမ္ဘာလုံး လွှမ်းခြုံ ပေါင်းစည်းမှုနှင့် ဖွံ့ဖြိုးရေးပြဿနာများဆိုင်ရာနိုင်ငံတကာစီးပွားရေးပညာရှင်များအစည်းအဝေး၏အပိတ်အစည်းအဝေး၌ မိန့်ခွန်းပြောကြားရာတွင်ထိုသို့ပြောကြားခြင်းဖြစ်သည်။

အစည်းအဝေးကို တနင်္လာနေ့က စတင် ကျင်းပခဲ့ရာ နိုင်ငံ၅၀ခန့်မှ ကျွမ်းကျင်ပညာရှင် ၁၀၀၀ကျော် တက်ရောက်ခဲ့ကြသည်။

ဆုံးရှုံး

ကျူးဘား ခေါင်းဆောင် ကက်စ်ထရို က အိုင်အမ်အက်ဖ်သည် တတိယကမ္ဘာတွင် ၎င်း၏ဂုဏ်သိက္ခာဆုံးရှုံးကြောင်း၊ အထူးသဖြင့်လက်တင်အမေရိကနိုင်ငံများ၌ ဖြစ်ကြောင်း၊ အတိုးနှုန်းများ မြင့်တင်ခြင်းနှင့် နှုန်းရှင်ကျင့်သုံးခြင်းတို့ကြောင့် ဆင်းရဲနိုင်ငံများကို နိုင်လိုမင်းထက်ပြုခဲ့ကြောင်း ပြောဆိုသည်။ လွန်ခဲ့သည့် ဆယ်စုနှစ်လေးခုနှင့် လက်ရှိကမ္ဘာ့စီးပွား ရေးတွင် ဆင်းရဲနိုင်ငံများ၏ ငွေကြေးသည် အမေရိကန်ဒေါ်လာ အပြင် အခြားခိုင်မာသော ငွေကြေးများထက်လျှင်မြန်စွာ တန်ဖိုးကျဆင်းခဲ့ကြောင်း ကက်စ်ထရိုက ပြောကြားသည်။ **အမ်အင်အေ၊ဆင်ဟွာ**

မြန်မာ့အလင်း နိုင်ငံတကာသတင်းများ

ကုလကိုယ်စားလှယ်အဖွဲ့၏ အီရတ်ခရီးစဉ်ပြီးဆုံး

ဘဂ္ဂဒက် ဖေဖော်ဝါရီ ၁၅

အီရတ်တို့ထံ အမေရိကန်တို့ အုပ်ချုပ်ရေးလွှဲပြောင်းမပေးမီ ရွေးကောက်ပွဲတစ်ရပ် ကျင်းပပေးရန် အခြေအနေရှိ၊ မရှိ ဆိုသည်ကို သွားရောက်လေ့လာခဲ့သော ကုလသမဂ္ဂ အဖွဲ့၏ အီရတ်ခရီးစဉ်သည် ပြီးဆုံးသွားပြီဖြစ်သည်။

ပြောကြား

အီရတ်ကိုသွား ရောက်ခဲ့သော ကုလသမဂ္ဂ ကိုယ်စား လှယ်အဖွဲ့၏ ခရီးစဉ်သည် ဖြစ်ရပ်မှန် အခြေအနေအပေါ် စူးစမ်းလေ့လာ သောခရီးစဉ်သာ ဖြစ်ကြောင်း၊ စေ့စပ်ညှိနှိုင်း၊ ကြားဝင်ဖြေရှင်းထောက်ခံချက်ပေးမည့် ခရီးစဉ် မဟုတ်ကြောင်း၊ မိမိတို့အနေဖြင့် အီရတ်ပြည်သူများအပေါ်မှာလည်း တစ်စုံတစ်ရာ ထောက်ခံပြောကြားမည်မဟုတ်ကြောင်း စုံစမ်းလေ့လာရေးအဖွဲ့ခေါင်းဆောင် ဘရာဟီးမိက အစီရင်ခံတင်ပြပြီးမှ ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ကိုဖီအာနန်က အဆုံးအဖြတ်ပေးမှာဖြစ်ကြောင်း ပြောကြားသည်။

တွေ့ဆုံခဲ့

မိမိတို့အဖွဲ့အနေဖြင့် ပြီးခဲ့သောရက်အနည်းငယ်အတွင်း အီရတ်နိုင်ငံရှိ လူတန်းစားအလွှာအသီးသီးမှ အီရတ်ပြည်သူရာပေါင်းများစွာတို့ကို တွေ့ဆုံခဲ့ကြောင်း၊ လေ့လာတွေ့ရှိခဲ့ရသည့် အခြေအနေအရ ယခုအချိန်မှစပြီး လာမည့်ဇွန် ၃၀ရက်အတွင်း ရွေးကောက်ပွဲကျင်းပပေးနိုင်ဖွယ် အခြေအနေမရှိကြောင်း ကုလသမဂ္ဂမှပြောရေးဆိုခွင့်ရှိသူ အာမက်ဖော်ဇီက ပြောကြားသည်။ **(စီအင်န်အင်န်)**

လုံခြုံရေးစောင့်ကြပ်

ဖေဖော်ဝါရီ၁၅ရက်က ဖော်လူဂျာမြို့လမ်းမတစ်ခုတွင် စစ်ယာဉ်တစ်စီးနှင့် လုံခြုံရေးစောင့်ကြပ်နေသော အမေရိကန်တပ်ဖွဲ့ဝင်များကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

တောင်ကိုရီးယားတပ်များအီရတ်သို့စေလွှတ်မှု ပြည်သူများကန့်ကွက်

ဆိုးလ် ဖေဖော်ဝါရီ ၁၄

အီရတ်နိုင်ငံ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ၌ ပါဝင် ဆောင်ရွက်သွားရန် နောက်ထပ်တောင်ကိုရီးယားတပ်ဖွဲ့ဝင်သုံးထောင်ခန့်ကို အီရတ်နိုင်ငံမြောက်ပိုင်းသို့ ထပ်မံစေလွှတ်ပေးရေးအတွက် တောင်ကိုရီးယားလွှတ်တော်၌ ယမန်နေ့က မဲခွဲ ဆုံးဖြတ်အတည်ပြုပေးလိုက်ပြီဖြစ်သည်။

သို့ရာတွင် ပြည်သူလူထုက အဆိုပါကိစ္စအပေါ်ဆန့်ကျင်ကန့် ကွက်မှုများရှိနေခြင်းကြောင့် နှောင့်နှေးကြန့်ကြာနေသည်။ ၎င်းတပ်ဖွဲ့ဝင်များကို တစ်လလေ့ကျင့် သင်ကြားပေးပြီးမှ တောင်ကိုရီးယားတပ်ဖွဲ့သည် အီရတ်နိုင်ငံမြောက်ပိုင်း ကယ်ကွတ်မြို့သို့ မတ်လ နှောင်းပိုင်း၌ ထွက်ခွာဖြစ် လိမ့်မည်ဟု သက်ဆိုင်ရာက ပြောကြားသည်။ တောင်ကိုရီးယားတပ်ဖွဲ့ဝင်များသည် လူမှုရေး ကူညီထောက်ပံ့ရေးလုပ်ငန်းများတွင်သာမကလိုအပ်လာလျှင် လုံခြုံရေးကိစ္စများ၌ပါဝင်ဆောင်ရွက်ပေးမှာဖြစ်ကြောင်း သိရသည်။ **(အင်န်အိပ်ချ်ကေ)**

မြန်မာ့အလင်း နိုင်ငံခြား သတင်းများ

အီရတ်၌ ခုခံတိုက်ခိုက်မှုများ ဆက်လက်ဖြစ်ပွားနေဆဲ လုံခြုံရေးအခြေအနေတည်ငြိမ်မှုမရှိသေးဟု ကုလအဖွဲ့သုံးသပ်

ဘဂ္ဂဒက် ဖေဖော်ဝါရီ ၁၅

အီရတ်နိုင်ငံ ပြန်လည်ထူထောင်ရေးလုပ်ငန်းတွင် အခက်အခဲဆုံး ကြုံတွေ့နေသည့်အချက်မှာ တော်လှန်တိုက်ခိုက်မှုတွေ ဖြစ်ပွားလျက်ရှိသည်။ အီရတ်နိုင်ငံသားများအားနိုင်ငံအုပ်ချုပ်ရေးအတွက် အကောင်းဆုံး နည်းလမ်းရရှိရေးပင်ဖြစ်သည်။

ကုလသမဂ္ဂအဆင့်မြင့် ကိုယ်စားလှယ်များ၏ အီရတ်ခရီးစဉ်သည် လွန်ခဲ့သောနှစ်ကအီရတ်ရှိကုလသမဂ္ဂ ဌာနချုပ်ဗုံးဖောက်ခွဲတိုက် ခိုက်ခံခဲ့ရပြီးနောက်ပိုင်း ပထမဆုံးခရီးစဉ်ဖြစ်သည်။

ကုလသမဂ္ဂကိုယ်စားလှယ် အဖွဲ့ခေါင်းဆောင် ဘာရာဟီမီက အီရတ်ပြည်သူများနှင့် တွေ့ဆုံရာတွင် မိမိတို့အနေနှင့် လုံခြုံရေးအတွက်များစွာ စိုးရိမ်ပူပန်လျက်ရှိပြီး လုံခြုံရေး အခြေအနေကြောင့်လည်း တိုင်းပြည် သည် ယခုတိုင်အဆင်သင့်မဖြစ်သေးကြောင်း အီရတ်ပြည်သူများက ပြောကြားခဲ့သည်။

အီရတ်နိုင်ငံတွင် ကုလသမဂ္ဂအဖွဲ့ရောက်ရှိနေစဉ်အချိန်အတွင်း၌ အသေခံဗုံးဖောက်ခွဲတိုက်ခိုက်မှုနှစ်ကြိမ်ဖြစ်ပွားခဲ့ရာ လူ ၁၀၀ကျော် သေဆုံးခဲ့သည်။

အမေရိကန်တပ်ဖွဲ့ဝင်များစီစဉ်ထားသကဲ့သို့ အမေရိကန်တို့ အာဏာလွှဲပြောင်းပေးလိုသည့် အချိန် နီးကပ်လာလေလေ၊ အီရတ်နိုင်ငံ၌ ပဋိပက္ခများ ပိုမိုတိုးပွားလာလေလေဆိုသည့် အခြေအနေမျိုးရှိမည်ဟု အမေရိကန်တာဝန်ရှိသူများက ပြောကြား လိုက်သည်။ **(စီအင်န်အင်န်)**

ကန်ထိပ်တန်းအကြီးအကဲ သုံးဦး တိုက်ခိုက်ခံရမှု လုံခြုံရေးကိစ္စအတွက် မေးစရာဖြစ်လာ

ဘဂ္ဂဒက် ဖေဖော်ဝါရီ ၁၅

အီရတ်နိုင်ငံ အနောက်ပိုင်း ဖော်လူဂျာမြို့၌ အီရတ်ရှိအမေရိကန် စစ်ဘက်ဆိုင်ရာ အကြီးအကဲ ဂျွန်အဘီဇိဒ်နှင့်အဖွဲ့ စီးနင်းလိုက်ပါလာသော ယာဉ်တန်း ယမန်နေ့က ပစ်ခတ်တိုက်ခိုက်ခံခဲ့ရရာ ဂျွန်အဘီဇိဒ် အသက်ဘေး အန္တရာယ်မှ သီသီလေးလွတ်သွားခဲ့သည်။

ယင်းသည်တတိယမြောက် အီရတ်ရှိ အမေရိကန်အကြီးအကဲ တိုက်ခိုက်ခံရခြင်းဖြစ်သည်။ ပြီးခဲ့သောဒီဇင်ဘာလတွင် အီရတ်ရှိအမေရိကန် အရပ်ဘက်အုပ်ချုပ်ရေးမှူး ပေါလ်ဘရီမာ၏ ယာဉ်တန်းတိုက်ခိုက်ခံခဲ့ရသည်။ ထို့အပြင် အောက်တိုဘာလတွင်လည်း အမေရိကန်ဒုတိယ ကာကွယ်ရေး အကြီးအကဲ ပေါလ်ဝူလ် ဖိုဝစ်တည်းခိုနေသော ဘဂ္ဂဒက်ဟိုတယ်ကိုဒုံးကျည်များဖြင့်တိုက်ခိုက်ခံခဲ့ရပြန်သည်။ အဆိုပါအနေအထားများကြောင့် အီရတ်တို့ထံ အီရတ်နိုင်ငံအားပြန်လွှဲပေးမည့် အမေရိကန်တို့ အနေဖြင့် လုံခြုံရေးဆိုင်ရာပြဿနာများကို မည်သို့ထိန်းချုပ်ကိုင်တွယ်မည်ဆို သည်ကို မေးမြန်းစရာဖြစ်လာနေကြောင်း သိရသည်။ **(စီစီတီဗွီ)**

ဖေဖော်ဝါရီ၁၅ရက်က စပိန်နိုင်ငံ ဗလန်စီယာမြို့တွင် အီရတ်၌ အမေရိကန်တို့ ကျူးကျော်နေမှုကို ဆန့်ကျင်ကန့်ကွက်သည့်အနေဖြင့် ပိုစတာ ကိုင်၍ ဆန္ဒပြနေသူတစ်ဦးကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

စစ်ဘက်ဆိုင်ရာလျှို့ဝှက်ချက်များပေးရန် ကြိုးပမ်းမှု အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးကို တရားစွဲ

ဆီယက်တဲလ် ဖေဖော်ဝါရီ ၁၅

စစ်ဆင်ရေးတစ်ခုတွင် ဝါရှင်တန်ပြည်နယ်ရှိ အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးကို ဖမ်းဆီးရမိခဲ့ပြီးနောက် ထိုသူအား စစ်ဘက်ဆိုင်ရာ လျှို့ဝှက်ချက်များကို စစ်သွေးကြွ အယ်လ်ခိုင်ဒါအုပ်စုသို့ပေးရန် ကြိုးပမ်းမှုဖြင့် တရားစွဲဆိုလိုက်ကြောင်း အမေရိကန်စစ်ဘက်အရာရှိများက ကြာသပတေးနေ့၌ ပြောကြားသည်။

လျာထား

တင့်ကားတပ်ဖွဲ့ဝင် တပ်ကြပ်ရင်းအင်ဒါဆင်ကို ယခုနှစ်နွေရာသီ၌ ဝါရှင်တန်ပြည်နယ်တာကိုမာမြို့အနီးရှိ ဖို့တ်လူးဝစ်အခြေစိုက်မှနေ၍ အီရတ်သို့ စေလွှတ်ရန်လျာထားခဲ့သည်။

ဖမ်းဆီး

၎င်းအား အယ်လ်ခိုင်ဒါ အကြမ်းဖက်အဖွဲ့ကို သတင်းပေးရန် ကြိုးပမ်းခြင်းဖြင့် ရန်သူကို အထောက်အကူပေးမှုဖြင့် ကြာသပတေးနေ့က ဖမ်းဆီးခဲ့ခြင်းဖြစ်ကြောင်း ပြောရေးဆိုခွင့်ရှိသူ ဒုတိယဗိုလ်မှူးကြီး စတီဗင်ဘာဂျာက ပြောဆိုသည်။ အင်ဒါဆင် (၂၆)နှစ်သည် ဝါရှင်တန်ပြည်နယ် အဲဗားရက်၌ ကြီးပြင်းခဲ့ပြီး ၂၀၀၂ခုနှစ်၌ ဝါရှင်တန်ပြည်နယ် တက္ကသိုလ်ဘွဲ့ရဖြစ်သည်ဟု ဒေသလူထုဆက်သွယ်ရေးက ဖော်ပြခဲ့သည်။ **အမ်အင်အေ၊ရိုက်တာ**

ဖေဖော်ဝါရီ ၁၅ရက်က ဘဂ္ဂဒက်မြို့စစ်ဆေးရေးစခန်းတစ်ခု၌ စစ်ယာဉ်တစ်စီးနှင့် လုံခြုံရေးဆောင်ရွက်နေသော အမေရိကန်တပ်ဖွဲ့ဝင်များကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အာဖဂန်နစ္စတန်၌ သီးခြားတိုက်ခိုက်မှုနှစ်ခုဖြစ်ပွား အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးသေဆုံး

ခိုစ့်(အာဖဂန်နစ္စတန်) ဖေဖော်ဝါရီ ၁၅

အာဖဂန်နစ္စတန်၌ သီးခြားဖြစ်ပွားသောတိုက်ခိုက်မှုများတွင် အာဖဂန်နှစ်ဦးထက်မနည်းနှင့် အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးသေဆုံးပြီး ၁၅ဦး သောကြာနေ့က ဒဏ်ရာရရှိခဲ့သည်ဟု အာဖဂန်နစ္စတန် ရဲအဖွဲ့နှင့် အမေရိကန်စစ်တပ်က ပြောကြားသည်။

ဂက်ဇ်နီအနီး၌ မိုင်းတစ်လုံးပေါက်ကွဲမှုကြောင့် အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးသေဆုံးပြီးအခြားကိုးဦး ဒဏ်ရာရရှိကြောင်း အမေရိကန်ဗဟိုဌာနချုပ်က ပြောကြားသည်။

အာဖဂန်နစ္စတန် အရှေ့တောင်ဘက် ခိုစ့်မြို့တွင်အစိုးရစစ်စခန်းတစ်ခုအနီး၌ ဖြစ်ပွားသော ပေါက်ကွဲမှု၌ အာဖဂန်နှစ်ဦးထက်မနည်း သေဆုံးပြီး ခြောက်ဦးဒဏ်ရာရခဲ့သည်ဟု ရဲအဖွဲ့က ပြောကြားသည်။ အမေရိကန်ဦးဆောင်သော တပ်များ အခြေစိုက်ထားသည့် ခိုစ့်လေဆိပ်အနီး ဒုံးကျည် ၂၀ ကျော် ကျရောက်ခဲ့ပြီးနောက် ထိုသို့ ပေါက်ကွဲမှုများဖြစ်ပွားခဲ့ကြောင်း၎င်းတို့က ပြောကြားသည်။ **အမ်အင်အေ၊ရိုက်တာ**

ရီယာ့ဒ်၌ ပြည်သူများ နိုးကြားစွာနေကြရန်သတိပေး

ရီယာ့ဒ် ဖေဖော်ဝါရီ ၁၄

ရီယာ့ဒ်မြို့၌ ရာဇဝတ်မှု ကျူးလွန်ရန်ဖောက်ခွဲရေးပစ္စည်းများ အပြည့်တင်ထားသောကားကို အသုံးပြု တိုက်ခိုက်မည်ဆိုသော ခိုင်လုံသည့်သတင်း ရရှိထား ကြောင်း ဆော်ဒီအာရေဗျက သောကြာနေ့၌ ပြောကြားသည်။

ပြည်ထဲရေး ဝန်ကြီးဌာနက ပြည်သူများနိုးကြားမှု ရှိကြရန်နှင့် ထိုကားနှင့် ပတ်သက်၍ သတင်းတစ်စုံတစ်ရာရလျှင်သက်ဆိုင်ရာ အာဏာပိုင်များကို အကြောင်း ကြားရန် မေတ္တာရပ်ခံထားသည်။**အမ်အင်အေ၊ ရိုက်တာ**

မိုဇမ်ဘစ်တောင်ပိုင်းနှင့် အလယ်ပိုင်း၌ မိုးခေါင် အစားအစာတန်ချိန် ၅၃၀၀၀ခန့် လိုအပ်

မာပူတို ဖေဖော်ဝါရီ ၁၅

မိုဇမ်ဘစ်နိုင်ငံသည် ဖွန်လထိတိုင်အောင် နိုင်ငံ၏တောင်ပိုင်းနှင့် အလယ်ပိုင်းတွင်ရှိသော ပြည်နယ်လေးခုမှမိုးခေါင်မှုဒဏ်ခံနေကြရသော လူများအတွက် အစားအစာတန် ၅၃၀၀၀ခန့် ထောက်ပံ့ရန် လိုအပ်သည်ဟုဆိုသည်။ နိုင်ငံတောင်ပိုင်း၌ လာဇာနှင့်အင်ဟမ်ဘိန်းပြည်နယ်မှ ခရိုင်အချို့တွင် မိုးနည်းပါးပြီး အလယ်ပိုင်းဒေသရှိ မာနီကာနှင့်ဆိုဖာလာပြည်နယ်များတွင်လည်း မိုးနည်းပါးခဲ့သဖြင့် ထိုဒေသရှိလူများသည် အစားအစာ ထောက်ပံ့ကူညီမှုကို အားထားခဲ့ကြရကြောင်း မိုဇမ်ဘစ်အမျိုးသား ကပ်ဘေးအန္တရာယ်စီမံကွပ်ကဲရေးဌာန (အိုင်အင်ဂျီစီ)က ပြောဆိုသည်။

၂၀၀၃ခုနှစ် ဒီဇင်ဘာလ၌ အိုင်အင်ဂျီစီသည် အလုပ်အတွက် အစားအစာ အစီအစဉ် သို့မဟုတ် လွတ်လပ်စွာအစားအစာဖြန့်ဖြူးခြင်းမှ တစ်ဆင့်မိုးခေါင်မှုဒဏ်ခံရသူ ၆၅၉၀၀၀ အနက်မှ ၅၈၇၉၅၇ဦး သို့မဟုတ် လျာထားလူဦးရေ၏ ၈၀ ရာခိုင်နှုန်းကို အကူအညီပေးခဲ့ကြောင်း ပြောဆိုသည်။ ဖွန်လအထိကာလအတွက် အိုင်အင်ဂျီစီသည် အစားအစာတန် ၃၀၅၀၀ ကိုသာရရှိထားသည်ဟု သတင်းရပ်ကွက်များက ပြောဆိုသည်။ **အမ်အင်အေ၊ဆင်ဟွာ**

အီရန်၏ နျူကလီးယား အစီအစဉ် ငြိမ်းချမ်းရေးအတွက်သာဟု ပြောဆို

တီဟီရန် ဖေဖော်ဝါရီ ၁၄

အီရန်နိုင်ငံသည် နျူကလီးယားလောင်စာရည်ထုတ်လုပ်နိုင်စွမ်းရှိသော နည်းပညာရှိကြောင်း အီရန်နိုင်ငံခြားရေးဝန်ကြီး ကမဲလ်ကရာဇီက ပြောကြားခဲ့သည်။ ထို့အပြင် အဆိုပါ နျူကလီးယားလောင်စာရည်ကို ပြည်ပဝယ်ယူသူများအား ရောင်းချရန် အဆင်သင့်ရှိကြောင်းလည်း ကရာဇီက ပြောကြားခဲ့သည်။

နိုင်ငံတကာ အဏုမြူစွမ်းအင်အေဂျင်စီ (အိုင်အေအီးအေ)က အီရန်၏ ထုတ်ဖော်ကြေညာခြင်းမရှိသော ကိရိယာသည် ဗုံးထုတ်လုပ်ရာ၌ အသုံးပြုနိုင်သော အရာဖြစ်ကြောင်း တွေ့ရှိခဲ့ပြီးနောက် ယခုသီတင်းပတ်အတွင်း အီရန်နိုင်ငံအပေါ် အမေရိကန်၏ ဖိအားပေးမှု တိုးပွားလာသည်။

အီရန်နိုင်ငံသည် နျူကလီးယားလက်နက် ထုတ်လုပ်ရန် ရည်ရွယ်ချက်ရှိသည်ဆိုသော စွပ်စွဲချက်မှန်သမျှကို ကမဲလ်ကရာဇီက ငြင်းဆန်ပြောကြားခဲ့သည်။ ထို့အပြင် အီရန်၏ နျူကလီးယား အစီအစဉ်သည်ငြိမ်းချမ်းရေးရည်ရွယ်ချက်အတွက်သာဖြစ်ကြောင်း အလေးထားပြောကြား သွားခဲ့သည်။ သို့ရာတွင် အီရန်နိုင်ငံသည် နိုင်ငံတကာ အသိုင်းအဝိုင်းအား တစ်ပတ်ရိုက်လှည့်ဖြားလျက် ရှိသည်ဟု အမေရိကန် နိုင်ငံခြားရေးဝန်ကြီးဌာနမှ ဂျွန်ဘိုလ်တန်က စွပ်စွဲပြောကြားခဲ့သည်။ အီရန်၏ ပြည့်ဝနျူကလီးယား အစီအစဉ်အား ရပ်ဆိုင်းပစ်ကာ ဂျာမနီ၊ ဗြိတိန်နှင့် ပြင်သစ်နိုင်ငံတို့က ယမန်နှစ်က တိုက်တွန်းခဲ့ဖူးကြောင်း သိရသည်။**(စီစီတီဗွီ)**

လုံခြုံရေးစောင့်ကြပ်

ဖေဖော်ဝါရီ ၁၅ရက်က ဘဂ္ဂဒက်မြို့တွင် မီးလောင်လျက်ရှိသည့် အမေရိကန်စစ်ယာဉ်တစ်စီးကို တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

အမေရိကန်စစ်ဆင်ရေးသတင်း လုံခြုံမှုပေါက်ကြား

အီရတ်ရှိအမေရိကန်အခြေစိုက်စခန်းများ တိုက်ခိုက်ခံရ

ဘဂ္ဂဒက် ဖေဖော်ဝါရီ ၁၅

အီရတ်တွင်ရှိသော အခြေစိုက်စခန်းများကို ခုခံတိုက်ခိုက်ရေးသမားများက အမေရိကန်စစ်ဆင်ရေးနှင့်ပတ်သက်သည့် ရရှိသော သတင်းပေါက်ကြားမှုအခြေခံပြီး တိုက်ခိုက်ခြင်းဖြစ်ဖွယ်ရှိကြောင်း ပင်တဂွန်အရာရှိများက ပြောဆိုကြသည်။

အမေရိကန်အဆင့်မြင့်အရာရှိကြီး သုံးဦးကို မကြာသေးမီက တိုက်ခိုက်မှုများဖြစ်ခဲ့ပြီးနောက် ထိုစိုးရိမ်မှုများ ကြာသပတေးနေ့က ဖြစ်ပေါ်ခဲ့ခြင်းဖြစ်သည်။

သတိထားခဲ့

အမေရိကန်ပြည်ထောင်စုက ဖန်တီးထားသော လုံခြုံရေးတပ်ဖွဲ့များအတွင်းသို့ အီရတ်ခုခံရေးသမားများ စိမ့်ဝင်နိုင်ဖွယ်ရှိမှုကို ပင်တဂွန်က သတိထားခဲ့ကြောင်း ကာကွယ်ရေးဌာနအရာရှိများက ပြောဆိုခဲ့ကြသည်။

ပြီးခဲ့သောကြာသပတေးနေ့တွင် ဗိုလ်ချုပ်ကြီး အဘီဇိဒ်လိုက်ပါလာသောယာဉ်တန်း ဖော်လူဂျာအနီး၌ တိုက်ခိုက်ခြင်းခံခဲ့ရသော်လည်း အဘီဇိဒ်နှင့် သူ့အဖွဲ့သည် ထိခိုက်ဒဏ်ရာရခြင်းမရှိခဲ့ချေ။

ပြီးခဲ့သည့်နှစ် အောက်တိုဘာ ၂၆ ရက်၌ ကာကွယ်ရေးဝန်ကြီး ပေါလ်ဝူလ်ဖိုဝစ်ဇ် တည်းခိုရာ ဘဂ္ဂဒက်ဟိုတယ် တိုက်ခိုက်ခြင်းခံခဲ့ရသည်။

ချုံခိုတိုက်ခိုက်ခံရ

တစ်ဖန် ပြီးခဲ့သည့်နှစ် ဒီဇင်ဘာ ၆ ရက်ကလည်း အမေရိကန် အရပ်ဘက်အုပ်ချုပ်ရေးမှူး ပေါလ်ဘရီမာ ဘဂ္ဂဒက်နိုင်ငံတကာလေဆိပ်အနီး၌ ချုံခိုတိုက်ခိုက်ခံခဲ့ရပြန်သည်။

အနေးနှင့်အမြန်

သူတို့သည် ဝူလ်ဖိုဝစ်ဇ်၊ ဘရီမာနှင့် ယခုအခါ အဘီဇိဒ်တို့ကို လွဲချော်ခဲ့ကြသည်။ အမေရိကန် အဆင့်မြင့်အရာရှိကြီးများ ပြောက်ကျားတို့လက်ချက်မိမည်မှာ အနေးနှင့်အမြန်ဖြစ်သည်ဟု ကာကွယ်ရေး ဆန်းစစ်လေ့လာသူများလ်စပီနာက ပြောဆိုသည်။ **(အင်တာနက်)**

၅၉ဦးမြောက် ဗြိတိန်တပ်ဖွဲ့ဝင်သေဆုံး

လန်ဒန် ဖေဖော်ဝါရီ ၁၅

တော်ဝင်လျှပ်စစ်နှင့် စက်မှုအင်ဂျင်နီယာတပ်ဖွဲ့မှ စက်ပြင်ဆရာဖြစ်သော တပ်ကြပ်ရစ်ချတ်သောမတ်စ်ဒေးဗစ်အီဗဲလ် (၂၉)နှစ်သည် ရှေဘာထောက်ပို့ အခြေစိုက်၌ ကြာသပတေးနေ့တွင် သေဆုံးသွားကြောင်း ဗြိတိန်ကာကွယ်ရေးဝန်ကြီးဌာနက ပြောကြားသည်။

ပြောကြား

အီရတ်နိုင်ငံတောင်ပိုင်း ထောက်ပို့ အခြေစိုက်၌ တပ်ကြပ်အီဗဲလ်သေဆုံးခြင်းသည် တိုက်ပွဲကြောင့် မဟုတ်ကြောင်း ကာကွယ်ရေးဝန်ကြီးဌာနက ပြောကြားသည်။

စုံစမ်းနေ

၎င်းသည် အီရတ်၌ သေဆုံးသော ၅၉ ဦးမြောက် ဗြိတိန်တပ်ဖွဲ့ဝင်ဖြစ်ပြီး ဗြိတိန်နိုင်ငံ ဆောက်သ်ယော့ရှိုင်းယာပြည်နယ် ဒွန်ကာ့စ်တာမြို့မှဖြစ်၍ ကလေးသုံးယောက်ဖခင် အိမ်ထောင်သည်ဖြစ်သည်။ မည်သို့ သေဆုံးသည်ကို စုံစမ်းနေကြောင်း ဗြိတိန်ကာကွယ်ရေး ဝန်ကြီးဌာနက ပြောကြားသည်။

(အင်တာနက်)

ဖမ်းဆီးခံနေရသည့် အီရတ်တစ်ဦးက သားငယ်ကိုချော့မြူနေသည့်ဓာတ်ပုံ

ကမ္ဘာ့သတင်းဓာတ်ပုံပြိုင်ပွဲ၌ အေပီဓာတ်ပုံသတင်းထောက် ပထမဆုရရှိ

ဘဂ္ဂဒက် ဖေဖော်ဝါရီ ၁၅

ဖမ်းဆီးထိန်းသိမ်းခံထားရသော အီရတ်လူမျိုးတစ်ဦးက ၎င်း၏ သားငယ်ကို နှစ်သိမ့်ချော့မြူနေသည့် ဓာတ်ပုံဖြင့် အေပီသတင်းဌာနတွင် တာဝန်ထမ်းဆောင်နေသော ပြင်သစ်ဓာတ်ပုံသတင်းထောက်သည် ၂၀၀၃ ခုနှစ် ကမ္ဘာ့သတင်းဓာတ်ပုံပြိုင်ပွဲ၌ ဆုရရှိသွားကြောင်း သိရသည်။

အဖြူအမည်းဓာတ်ပုံ၊ ရောင်စုံဓာတ်ပုံ၊ ရိုးရိုးကင်မရာသုံး ဓာတ်ပုံ၊ ဒစ်ဂျစ်တယ် ဓာတ်ပုံများ စသည်ဖြင့် ကမ္ဘာတစ်ဝန်းရှိ အဖြစ်အပျက်များကို ဓာတ်ပုံရိုက်ကူး မှတ်တမ်းတင်ထားသော ပြိုင်ပွဲဝင်ဓာတ်ပုံပေါင်း ခြောက်သောင်းရှစ်ထောင်ကို အကဲဖြတ်အဖွဲ့ဝင် ကိုးဦးပါဝင်သော ရွေးချယ်ရေးအဖွဲ့က သီတင်းနှစ်ပတ်ကြာအတွင်း အဆင့်ဆင့်အကဲဖြတ်ရွေးချယ်ခဲ့ခြင်းဖြစ်ကြောင်း အကဲဖြတ်အဖွဲ့ဝင်တစ်ဦးဖြစ်သူ ဂယ်ရီနိုက်က ပြောကြားသည်။

လုံခြုံမှုမရှိ

အီရတ်စစ်ပွဲသည် အခြားစစ်ပွဲများနှင့်မတူ တမူထူးခြားသော စစ်ပွဲဖြစ်ပြီး ဘဂ္ဂဒက်မြို့ထဲနှင့်တစ်ဝိုက်ကို သွားရောက်ရေးသည် အမေရိကန်တပ်ဖွဲ့တို့နှင့်အတူ လိုက်ပါသတင်းရယူနေသည်ဖြစ်စေကာမူ လုံခြုံစိတ်ချရမှု မရှိသည့်အတွက် ခက်ခဲကာ လွတ်လွတ်လပ်လပ် သတင်းရယူနိုင်ခြင်း မရှိကြောင်းလည်း ဂယ်ရီနိုက်က ပြောကြားသည်။ **(စီအင်န်အင်န်)**

ဆာမာဝါမြို့အနီး ပေါက်ကွဲမှုဖြစ်ပွား

တိုကျို ဖေဖော်ဝါရီ ၁၄

အီရတ်နိုင်ငံတောင်ပိုင်း ဆာမာဝါမြို့၏ လူနေဒေသအနီး၌ လမ်းတစ်လမ်းပေါ်တွင် ပေါက်ကွဲမှုဖြစ်ခဲ့ကြောင်း ကျိုဒိုသတင်းဌာနက ကြာသပတေးနေ့တွင် ပြောကြားသည်။ ယင်းသို့ ပေါက်ကွဲခဲ့သော်လည်း ထိခိုက်ဒဏ်ရာရသူမရှိဟုဆိုသည်။

ပစ်ခတ်ခဲ့

ဂျပန်စစ်ဘက်ပြောခွင့်ရှိသူက တိုကျို၌ စစ်ဘက်ပုဂ္ဂိုလ်များ ထိခိုက်ဒဏ်ရာရသည့် သတင်းမရကြောင်း ပြောဆိုပြီး ဖြစ်ပျက်မှုနှင့်စပ်လျဉ်း၍ နောက်ထပ် အသေးစိတ်ပြောဆိုခြင်းမပြုဟု ဆိုသည်။ ပေါက်ကွဲမှုကြောင့် အနီးရှိအိမ်များမှ ပြတင်းပေါက်မှန်များကွဲကုန်ကြောင်း စိန်ပြောင်းကျည်ဆန်နှင့်တူသော အရာတစ်ခုဖြင့် ဖြစ်ပွားရာနေရာသို့ ပစ်ခတ်ခဲ့သည်ဆိုသော သတင်းများရရှိကြောင်း ဗီနီချီရှင်ဘွန်းသတင်းစာက ရေးသားဖော်ပြသည်။ **အမ်အင်အေ၊ရိုက်တာ**

မိုးခေါင်မှုဒဏ်ခံရသော သီရိလင်္ကာမှ ဒုက္ခသည်များအား နိုင်ငံတကာမှ အကူအညီပေးကြရန်မေတ္တာရပ်ခံထား

ကိုလံဘို ဖေဖော်ဝါရီ ၁၅

သီရိလင်္ကာနိုင်ငံ၌ လောလောဆယ်ဖြစ်ပွားနေသော မိုးခေါင်မှုဒဏ်ကြောင့် လူအများကြုံနေရသည့် အခက်အခဲကို လွတ်မြောက်အောင် သီရိလင်္ကာနိုင်ငံ၏ ကြိုးပမ်းမှုတွင်အကူအညီပေးကြရန် နိုင်ငံတကာအသိုင်းအဝိုင်းသို့ သီရိလင်္ကာနိုင်ငံက သောကြာနေ့တွင် မေတ္တာရပ်ခံလိုက်သည်။

သီရိလင်္ကာနိုင်ငံ၏ ခရိုင်ခုနစ်ခုရှိ လူဦးရေ ၁၉ သန်းအနက် ၁၃သမ ၄၄ သန်းတွင် ပါဝင်သော မိသားစု ၂၃၀၀၀၀ကျော်သည် မိုးဆက်တိုက်ခေါင်မှုဒဏ်ကို ဆိုးဆိုးရွားရွားခံနေကြရသည်ဟု လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီး အပြင် ဘေးဒုက္ခအန္တရာယ် စီမံကွပ်ကဲရေးအဖွဲ့ငယ် ဥက္ကဋ္ဌ ဂုဂျာယာဆူရိယာက ပြောကြားသည်။

မဖြစ်ထွန်း

လွန်ခဲ့သည့်နှစ် အောက်တိုဘာလကစပြီး မိုးရွာသွန်းမှုနည်းခဲ့သဖြင့် ယင်းခရိုင်ဒေသများ၌ စပါးသီးနှံများ လုံလောက်စွာ မဖြစ်ထွန်းခဲ့ကြောင်း ရေအားလျှပ်စစ် ရေကန်များတွင်လည်း ရေမျက်နှာပြင် လျော့ကျထိခိုက်ခဲ့ရကြောင်း ၎င်းက ပြောဆိုသည်။

မေတ္တာရပ်ခံ

ထို့ကြောင့် သီရိလင်္ကာ အစိုးရက နိုင်ငံတကာဆိုင်ရာအလှူရှင်များကို မေတ္တာရပ်ခံရခြင်းဖြစ်ကြောင်း ၎င်းက ပြောဆိုသည်။ **အမ်အင်အေ၊ ဆင်ဟွာ**

ကမ္ဘာတွင်ဆေးဝါးတီထွင်မှု၌ ရင်းနှီးမြှုပ်နှံမှုနည်းပါး

ဂျီနီဗာ ဖေဖော်ဝါရီ ၁၃

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (ဒဗလျူအိပ်ချ်အို)သည် တတိယကမ္ဘာ၏ သေမင်းတမန်ရောဂါများကို နှိမ်နင်းမည့်ဆေးဝါးများ တီထွင်ဖော်စပ်မှု၌ ရင်းနှီးမြှုပ်နှံမှုနည်းပါးခြင်းကြောင့် တုန်လှုပ်ချောက်ချားမှုဖြစ်ခဲ့ရပြီး ယင်းအခြေအနေကို မည်သို့ကုစားမည်ကို ကြာသပတေးနေ့က စတင်စူးစမ်းမှုပြုလိုက်သည်။

စုံစမ်းမှုစတင်ရေးကို လွန်ခဲ့သည့် မေလက ကျင်းပခဲ့သော ဒဗလျူအိပ်ချ်အို နှစ်ပတ်လည်ညီလာခံ၌ အတည်ပြုခဲ့သည်။ သို့ရာတွင် ဆေးဝါးသုတေသနပြုလုပ်ငန်းတိုးတက်ရေးတွင် နိုင်ငံတကာဆိုင်ရာ အခွင့်အရေး၏ အခန်းကဏ္ဍအပေါ် ဆင်းရဲနိုင်ငံများနှင့် ချမ်းသာနိုင်ငံများ အချေအတင်ဆွေးနွေးပြီးနောက်မှသာ အတည်ပြုခဲ့ခြင်းဖြစ်သည်။ ဒဗလျူအိပ်ချ်အိုအဆိုရ ၁၉၇၅ခုနှစ်နှင့် ၁၉၉၉ ခုနှစ်ကြားတွင် ဆေးဝါးသစ် ၁၄၀၀ ခန့်ကို တီထွင်ထုတ်လုပ်ခဲ့သော်လည်း ဆေးဝါး ၁၃မျိုးသာလျှင် အပူပိုင်းဒေသရောဂါများအတွက်နှင့် သုံးမျိုးသာလျှင် နှစ်စဉ်လူနှစ်သန်းနီးပါး သေဆုံးရသော အဆုတ်ရောဂါအတွက် ထုတ်လုပ်ခဲ့ကြောင်း သိရသည်။ **အမ်အင်အေ၊ရိုက်တာ**

ယှဉ်ပြိုင်ကစား

ဖေဖော်ဝါရီ ၁၅ရက်က အက်ဖ်အေဖလားဘောလုံးပြိုင်ပွဲကို ဆက်လက်ကျင်းပရာ အာဆင်နယ်နှင့် ချဲလ်ဆီးအသင်းတို့ ယှဉ်ပြိုင်စဉ်။
(ယင်းပွဲတွင် အာဆင်နယ်က နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။) (ဓာတ်ပုံ-အင်တာနက်)

နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)အတွက် အလှူငွေပေးအပ်ပွဲကျင်းပရက်ပြောင်းရွှေ့

ရန်ကုန် ဖေဖော်ဝါရီ ၁၆

နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)အတွက် ကျပ်သိန်းတစ်ထောင် ဆွမ်းပဒေသာပင်အလှူငွေနှင့် ပညာပါရမီကုသိုလ်တော် အလှူငွေပေးအပ်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၉ ရက် (ကြာသပတေးနေ့) နံနက် ၉ နာရီတွင် ကျင်းပရန် အလှူရှင်များအား ဖိတ်ကြားခဲ့သည်။ ထိုရက်အစား ဖေဖော်ဝါရီ ၁၈ ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂ နာရီ၌ ပြောင်းရွှေ့ပြုလုပ်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

စက်မှုစွမ်းအား ခေတ်ကျော်လွှား

ပို့ဆောင်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်လှမြင့်ဆွေ ခန္တီးလေယာဉ်ပြေးလမ်းတိုးချဲ့ခြင်းစီမံကိန်းလုပ်ငန်းများကြည့်ရှုစစ်ဆေး

ရန်ကုန် ဖေဖော်ဝါရီ ၁၆

ပို့ဆောင်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်လှမြင့်ဆွေသည် လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းမောင်နှင့် တာဝန်ရှိသူများလိုက်ပါလျက် ယနေ့နံနက်ပိုင်းတွင် မြန်မာ့လေကြောင်းဖြင့် ခန္တီးလေဆိပ်သို့ ရောက်ရှိကြသည်။

ဝန်ကြီးအား ခန္တီးလေယာဉ်ပြေးလမ်း တိုးချဲ့ခြင်း စီမံကိန်း ရှင်းလင်းဆောင်၌ ပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်းမှ စီမံကိန်းအင်ဂျင်နီယာ ဦးဝင်းလွင်က မြေကြီး လုပ်ငန်းပြီးစီးမှု၊ စက်ယန္တရားများ အသုံးပြုနိုင်မှုအခြေအနေ၊ လမ်းခင်းကျောက်စုဆောင်းရရှိထားမှု၊ စက်သုံးဆီရရှိမှု အခြေအနေ၊ နှစ်အလိုက် ရန်ပုံငွေရရှိမှုအခြေအနေ နှင့် ဆက်လက်ဆောင်ရွက်ရန်လိုအပ်သော အစီအမံများကို ပုံစံကားချပ်ဖြင့် ရှင်းလင်းတင်ပြသည်။

ထို့နောက်နယ်မြေခံစစ်ဗျူဟာမှူး ဗိုလ်မှူးကြီးမင်းဆွေက ကျောက်ရရှိရေးအတွက် ဒေသမှဆောင်ရွက်ပေးနေမှု အခြေအနေ၊ လိုအပ်သော စက်သုံးဆီ ရရှိရေးအတွက် ပံ့ပိုးဆောင်ရွက်ပေးမှုနှင့် လေယာဉ်ပြေးလမ်း တိုးချဲ့တည်ဆောက်ခြင်းလုပ်ငန်းအား ခရီးစဉ်မပျက် တစ်ပတ်လျှင် ငါးရက် နေ့ည တာဝန်စုဖွဲ့ ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းမောင်က လုပ်ငန်း ဆောင်ရွက်မှုကို ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ဝန်ကြီးက ယခုနှစ်မိုးမကျမီ လေယာဉ်ပြေးလမ်းအရှည် ပေ ၅၁၀၀၊ အကျယ် ၇၅ ပေအပြီး ဆောင်ရွက်ရေး မှာကြားပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းပေးသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက်ဝန်ကြီးနှင့်အဖွဲ့သည် လေယာဉ်ပြေးလမ်း အနောက်တောင်ဘက် ကျောက်ကတ္တရာခင်းခြင်းလုပ်ငန်း တိုးချဲ့ ပြေးလမ်းအတွက် လျာထားမြေနေရာအား သွားရောက် ကြည့်ရှုစစ်ဆေးရာ **(အပေါ်ပုံ)** တာဝန်ရှိသူများက ရှင်းလင်းပြသကြသည်။

ခန္တီး လေယာဉ်ကွင်း မူလ လေယာဉ်ပြေးလမ်းမှာ ကျောက်ရော မြေကြီးကွင်းဖြစ်ပြီး အရှည်ပေ ၄၂၀၀ နှင့် အကျယ်ပေ ၁၀၀ ဖြစ်သည်။ ယခု တည်ဆောက်လျက် ရှိသည့် လေယာဉ်ပြေးလမ်းမှာကျောက်ကတ္တရာ ခင်း အမျိုးအစားဖြစ်ပြီး အရှည်ပေ ၅၁၀၀ နှင့် အကျယ်ပေ ၁၀၀ အထိ တိုးချဲ့ တည်ဆောက်လျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

✡ *အမျိုးသားညီလာခံမှ*

အဆိုပါ အစည်းအဝေးသို့ အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင် ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ကော်မရှင်အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုး၊ ဒုတိယ ဥက္ကဋ္ဌ ရှေ့နေချုပ် ဦးအေးမောင်နှင့် အတွင်းရေးမှူးများ၊ အမျိုးသားညီလာခံ ကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်၊ ဒုတိယဥက္ကဋ္ဌ ဗိုလ်ချုပ်သန်းဌေးနှင့် အတွင်းရေးမှူးများ တက်ရောက်ကြသည်။

ရှင်းလင်းမှာကြား

အစည်းအဝေးတွင် အမျိုးသားညီလာခံကျင်းပရေး ကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး(၂) ဒုတိယ ဗိုလ်ချုပ်ကြီးသိန်းစိန်က အမျိုးသားညီလာခံကျင်းပရေးဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းမှာကြားသည်။

ထို့နောက် အမျိုးသားညီလာခံကျင်းပရေးကော်မရှင် အတွင်းရေးမှူး ဗိုလ်မှူးချုပ်ကျော်ဆန်းက အမျိုးသားညီလာခံသို့ တက်ရောက်မည့် ကိုယ်စားလှယ်များအခြေအနေနှင့် ညီလာခံအတွက်လိုအပ်မည့် နေရာထိုင်ခင်းနှင့် ပစ္စည်းများစီစဉ်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းဆွေးနွေး

ဆက်လက်၍ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုးက လုပ်ငန်းကော်မတီ၏ ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် ပတ်သက်၍လည်းကောင်း၊ အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်က စီမံခန့်ခွဲမှု ကော်မတီ၏ ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် ပတ်သက်၍လည်းကောင်း ရှင်းလင်းဆွေးနွေးကြသည်။

ယင်းနောက် အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်က နိဂုံးချုပ် အမှာစကားပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

အမျိုးသားညီလာခံကျင်းပရေးကော်မရှင် အတွင်းရေးမှူး ဗိုလ်မှူးချုပ်ကျော်ဆန်းက အမျိုးသားညီလာခံသို့ တက်ရောက်မည့် ကိုယ်စားလှယ်များ အခြေအနေ၊ ညီလာခံအတွက် လိုအပ်မည့်နေရာထိုင်ခင်းနှင့် ပစ္စည်းများစီစဉ်ထားရှိမှု အခြေအနေများကို ရှင်းလင်း တင်ပြစဉ်။ (သတင်းစဉ်)

အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်က စီမံခန့်ခွဲမှု ကော်မတီ၏ ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းဆွေးနွေးစဉ်။ (သတင်းစဉ်)



အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုးက လုပ်ငန်း ကော်မတီ၏ ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းဆွေးနွေးစဉ်။ (သတင်းစဉ်)

ဖေဖော်ဝါရီ ၁၄ ရက်က ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် အမှတ်(၁၈) အခြေခံပညာမူလတန်းကျောင်း၏ ၂၀၀၂-၂၀၀၃ ခုနှစ် မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲတွင် ကျောင်းအုပ်ဆရာမကြီး ဒေါ်ရီရီမြက သူငယ်တန်းမှ စတုတ္ထတန်းအထိ ပထမစံပြထူးချွန်ဆုရရှိသော မောင်အောင်မြင့်မြတ်အား ဆုချီးမြှင့်စဉ်။ (က-ပ)

ခုခံအားကျဆင်းမှုကူးစက်ရောဂါတိုက်ဖျက်ရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်မှု ပြန်လည်သုံးသပ်ညှိနှိုင်း

ရန်ကုန် ဖေဖော်ဝါရီ ၁၆

မဲခေါင်မြစ်ဝှမ်းဒေသနိုင်ငံများအတွင်း ပြောင်းရွှေ့လူအုပ်စုများတွင် ခုခံအားကျဆင်းမှုကူးစက်ရောဂါ တိုက်ဖျက်ရေး လုပ်ငန်းများ ပူးပေါင်းဆောင်ရွက်မှု နားလည်မှုစာချွန်လွှာ အချက်အလက်များ ပြန်လည်သုံးသပ် ညှိနှိုင်း အစည်းအဝေးဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ဆူးလေဘုရားလမ်းရှိ ကုန်သည်ကြီးများဟိုတယ်၌ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့် တက်ရောက်၍ အမှာစကားပြောကြားသည်။

အခမ်းအနားသို့ ကျန်းမာရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ မြဦး၊ ရန်ကုန်မြို့တော် စည်ပင်သာယာ ရေးကော်မတီဒုတိယဥက္ကဋ္ဌ ဒုတိယ မြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါ၊ ကမ္ဘာ့ ကျန်းမာရေးအဖွဲ့ ဌာနေကိုယ်စားလှယ် Dr. Agostino Borra၊ ကျန်းမာ ရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာန များမှ ညွှန်ကြားရေးမှူးချုပ်များနှင့် နီးနွယ်သော ဝန်ကြီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ်များ၊ပါမောက္ခချုပ် များ၊ ညွှန်ကြားရေးမှူးများ၊ ဆေးရုံအုပ် ကြီးများ၊ မြန်မာနိုင်ငံမိခင်နှင့် ကလေး စောင့်ရှောက်ရေးအသင်း၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၊ မြန်မာ နိုင်ငံကြက်ခြေနီအသင်းနှင့် မြန်မာနိုင်ငံ ဆရာဝန်အသင်းတို့မှ တာဝန်ရှိသူများ၊ မဲခေါင်ဒေသနိုင်ငံ သံရုံးများမှကိုယ်စား လှယ်များ၊ ကုလသမဂ္ဂ လက်အောက်ခံ အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ မဲခေါင်မြစ်ဝှမ်းဒေသတွင်း နိုင်ငံများမှ ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထား သူများ တက်ရောက်ကြသည်။

ရှေးဦးစွာ အခမ်းအနားမှူး ဒေါ်သီတာဆွေက အခမ်းအနား အစီ အစဉ်များကိုကြေညာပြီး အခမ်းအနား ဖွင့်လှစ်ကြောင်း ကြေညာသည်။

ထို့နောက် ကျန်းမာရေးဝန်ကြီး ဌာနဝန်ကြီး ဒေါက်တာကျော်မြင့်က အဖွင့်အမှာစကား ပြောကြားသည်။

ဆက်လက်၍ ကမ္ဘာ့ကျန်းမာရေး အဖွဲ့ ဌာနေကိုယ်စားလှယ် Dr. Agostino Borra က အဖွင့် အမှာ စကားပြောကြားပြီး ဖွင့်ပွဲအခမ်းအနား ကို ရုပ်သိမ်းလိုက်သည်။

ယင်းနောက် ဒုတိယပိုင်းအစည်း အဝေးအစီအစဉ်များကို ဆက်လက် ကျင်းပသည်။ **(သတင်းစဉ်)**

ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးတည်ဆောက်အံ့





မြန်မာနိုင်ငံ ပညာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်း ၂၀၀၄ ခုနှစ် (၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ကချင်ပြည်နယ် မိုးညှင်းမြို့နယ်ရှိ မိုးညှင်းဒီဂရီကောလိပ် ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

■ *ရှေ့ဖုံးမှ*

သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာချမ်းငြိမ်း၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးညွန့်၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦး၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်မှ စစ်ဗျူဟာမှူး ဗိုလ်မှူးကြီးတင်ရှိန်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ကချင်ပြည်နယ်မှ ပြည်နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြစ်ကြီးနားခရိုင်နှင့် မိုးညှင်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ၊ အဖွဲ့ဝင်များ၊ ခရိုင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မိုးညှင်းဒီဂရီကောလိပ် ကျောင်းအုပ်ကြီးနှင့် ပါမောက္ခများ၊ တွဲဖက်ကထိကများ၊ လက်ထောက်ကထိကများ၊ နည်းပြများ၊ ကျောင်းသားကျောင်းသူများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဘင်ခရာ၊ ပန်းဖွား၊ ကဗျာလွတ်အကအဖွဲ့နှင့် ကာယအလှနှင့် အကအဖွဲ့များ၊ ဒေသခံတိုင်းရင်းသားတိုင်းရင်းသူများ တက်ရောက်ကြသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ရှေးဦးစွာ မိုးညှင်းဒီဂရီကောလိပ် အဝင်မုခ်ဦးဖွင့်ပွဲ အခမ်းအနားကို စတင်ကျင်းပရာ မိုးညှင်းဒီဂရီကောလိပ်မှ ပထမနှစ် ရူပဗေဒအထူးပြု ကျောင်းသား မောင်ကျော်မင်းနှင့် ပထမနှစ် ရူပဗေဒအထူးပြုကျောင်းသူ မစောနန်းဝတ်ရည်တို့က အဝင်မုခ်ဦးကို ရွှေကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ ပင်မဆောင်ဖွင့်ပွဲ အစီအစဉ်ကို ပင်မဆောင်ရှေ့၌ ကျင်းပရာ ပထမနှစ် ဓာတုဗေဒအထူးပြု ကျောင်းသား မောင်နေမင်းထွေးနှင့် ပထမနှစ် မြန်မာစာအထူးပြုကျောင်းသူ မအိရွှေစင်တို့က ပင်မဆောင်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ခရေပင်စိုက်ပျိုး

ထို့နောက် မိုးညှင်းဒီဂရီကောလိပ်ဖွင့်ပွဲ အထိမ်းအမှတ် သစ်ပင်စိုက်ပျိုးပွဲကို ပင်မဆောင်ရှေ့၌ကျင်းပရာ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက ခရေပင်ကို စိုက်ပျိုးပေးသည်။

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်ဆွေက ခရေပင်ကို စိုက်ပျိုးပေးသည်။

ထို့နောက် ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်၊ ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းနှင့် ဒုတိယဝန်ကြီးများက ခရေပင်နှင့် ကံ့ကော်ပင်များကို စိုက်ပျိုးပေးကြသည်။

ယင်းနောက် ပင်မဆောင်ရှိ ကမ္ဘည်းမော်ကွန်းကြေးပြားဖွင့်လှစ်ခြင်း အစီအစဉ်ကိုကျင်းပရာ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက စက်ခလုတ်နှိပ်၍ ကမ္ဘည်းမော်ကွန်းကြေးပြားကို ဖွင့်လှစ်ပေးသည်။

နံ့သာရည်ပက်ဖျန်း

ဆက်လက်၍ အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ကမ္ဘည်းမော်ကွန်းကြေးပြားကို နံ့သာရည်များပက်ဖျန်းပေးကြသည်။

ထို့နောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် Computer Training Centre၊ စာရေးကိရိယာဆိုင်နှင့် Language Labတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် ဘက်စုံသုံးခန်းမဆောင်၌ ဖွင့်ပွဲအစီအစဉ်များကို ကျင်းပရာ မြန်မာနိုင်ငံပညာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်းက အမှာစကားပြောကြားရာ၌ ယနေ့ကျင်းပသည့်အခမ်းအနားသည် ပင်မဆောင်ဖွင့်ပွဲ အခမ်းအနားဖြစ်သကဲ့သို့ ကောလိပ်တစ်ခု၏ ရှိသင့်ရှိထိုက်သော အင်္ဂါရပ်များစုံလင်ပြီးဖြစ်သည့် မိုးညှင်းဒီဂရီကောလိပ်ကို ခံ့ညားထည်ဝါစွာ အသိအမှတ်ပြုဖွင့်လှစ်ပေးသော အခမ်းအနားလည်းဖြစ်ကြောင်း။

၂၀၀၄ ခုနှစ် (၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုကြိုဆို ဖွင့်လှစ်လိုက်သော ကချင်ပြည်နယ် မိုးညှင်းမြို့နယ်ရှိ မိုးညှင်းဒီဂရီကောလိပ်ကို တွေ့ရစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံ ပညာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်း ၂၀၀၄ ခုနှစ် (၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့်ကချင်ပြည်နယ် မိုးညှင်းမြို့နယ်ရှိ မိုးညှင်းဒီဂရီကောလိပ် ဖွင့်ပွဲအခမ်းအနားတွင် ပင်မဆောင်ရှေ့၌ ခရေပင်ကို စိုက်ပျိုးပေးစဉ်။ (သတင်းစဉ်)

စာအုပ်ပြခန်းများ ကြည့်ရှုစစ်ဆေး

မြန်မာနိုင်ငံပညာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ၂၀၀၄ ခုနှစ် (၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ကချင်ပြည်နယ် မိုးညှင်းမြို့နယ်ရှိ မိုးညှင်းဒီဂရီကောလိပ် ဖွင့်ပွဲအခမ်းအနားတွင် စာအုပ်ပြခန်းများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

တိမ်အသင့်အတင့်

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

စီးပွားကူးသန်း ရှေ့သို့လှမ်း

လွှဲပြောင်းပေးအပ်

မြန်မာနိုင်ငံပညာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ၂၀၀၄ ခုနှစ် (၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ကချင်ပြည်နယ် မိုးညှင်းမြို့နယ်ရှိ မိုးညှင်းဒီဂရီကောလိပ် ဖွင့်ပွဲအခမ်းအနားတွင် ပညာရေးငွေပဒေသာပင်အတွက် လှူဒါန်း ငွေကျပ် သိန်း ၂၀၀ ကို ကျောင်းအုပ်ကြီး ဦးသန်းညွန့်ထံ လွှဲပြောင်းပေးအပ်စဉ်။ (သတင်းစဉ်)

အဓိကအရေးပါ

နိုင်ငံတော်အစိုးရသည် အမိပြည်ထောင်စုကြီး နိုင်ငံတကာနှင့် ရင်ပေါင်တန်း ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ဘက်စုံကဏ္ဍစုံက လိုအပ်သော ပြုပြင်ပြောင်းလဲ တည်ဆောက်မှုများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ စနစ်ဟောင်းတစ်ခုမှ စနစ်သစ်တစ်ခုကို အောင်မြင်ချောမွေ့စွာ ကူးပြောင်းနိုင်ရေးအတွက် လိုအပ်သည့်အခြေခံများ ပြည့်စုံအောင် အင်တိုက်အားတိုက် လုပ်ကိုင်ဆောင်ရွက်ရာ၌ ဒေသတစ်ခုနှင့်တစ်ခုအကြား ဆူကြဲနိမ့်မြင့်ကွာဟမှုများကို လျော့နည်းကျဆင်းပြီး ပြည်နယ်၊ တိုင်းအားလုံး မျှမျှတတ ဖွံ့ဖြိုးတိုးတက်လာစေရေးသည် အဓိကအရေးပါသည့် အချက်ဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒေသခံ တိုင်းရင်းသားများ၏ လူမှုစီးပွားရေးဘဝ တိုးတက်မြင့်မားရေးအတွက် ကြိုးပမ်းဆောင်ရွက်ရာတွင် လမ်း၊ တံတား၊ စွမ်းအင်၊ ဆက်သွယ်ရေး စသည့် ဖွံ့ဖြိုးမှုဆိုင်ရာ အခြေခံအဆောက်အအုံများ၊ ပညာရေး၊ ကျန်းမာရေး၊ ပြည်သူ့ဆက်ဆံရေးစသည့် လူမှုရေးဆိုင်ရာ အခြေခံအဆောက်အအုံများ၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ဆည်မြောင်း၊ သစ်တော၊ သတ္တုစသည့် စီးပွားရေးဆိုင်ရာ အခြေခံအဆောက်အအုံများကို ဒေသ၏လိုအပ်ချက်၊ ဒေသ၏ဖွံ့ဖြိုးမှုအလားအလာများနှင့်အညီ ပြည်နယ်၊ ပြည်မ၊ တောင်တန်းဒေသ မခွဲခြားဘဲ စနစ်တကျစီမံကိန်းချမှတ်ဆောင်ရွက်လျက်ရှိကြောင်း။

နိုင်ငံအဝန်း ဖွံ့ဖြိုးရေးလုပ်ငန်းများကို အဆက်အစပ်မိမိ အရှိန်အဟုန်ဖြင့် ဆောင်ရွက်ပေးနေခြင်းသည် ပြည်ထောင်စုကြီး၏ နယ်မြေဒေသအသီးသီး၊ လူမျိုးစုအသီးသီး ဟန်ချက်ညီညီ မျှမျှတတ ဖွံ့ဖြိုးတိုးတက်လာပြီး ပြည်ထောင်စုစိတ်ဓာတ်ထွန်းကား ပြန့်ပွားခိုင်မာနေရန် ရည်ရွယ်ဆောင်ရွက်နေခြင်းဖြစ်ကြောင်း။

ကဏ္ဍစုံဖွံ့ဖြိုးရေး

ယနေ့ဆိုလျှင် ကချင်ပြည်နယ်အပါအဝင် ပြည်ထောင်စုကြီး တစ်ရပ်လုံးသည် တည်ငြိမ်အေးချမ်းမှု၊ တရားဥပဒေစိုးမိုးမှုတို့ လွှမ်းခြုံလာပြီး တိုင်းရင်းသားညီအစ်ကို မောင်နှမများအကြား အပြန်အလှန်နားလည်မှု၊ စာနာမှု၊ ပူးပေါင်းမှုများ တိုးတက်ရရှိလာနေပြီဖြစ်ကြောင်း၊ အမျိုးသားပြန်လည်စည်းလုံး ညီညွတ်မှုသည်လည်း ရှေးယခင်များနှင့်မတူ အလွန်ကောင်းမွန်သည့်အဆင့်ကို ခိုင်မြဲစွာရောက်ရှိနေပြီဖြစ်ကြောင်း၊ ကချင်ပြည်နယ်သည်လည်း ရာနှုန်းပြည့်ငြိမ်းချမ်းမှု၊ တည်ငြိမ်မှုရရှိနေသည့် ပြည်နယ်ဖြစ်နေပြီဖြစ်ကြောင်း။

ဤကဲ့သို့ ငြိမ်းချမ်းမှု၊ တည်ငြိမ်မှု ရရှိလာသည်နှင့်အမျှ နိုင်ငံတော်အစိုးရသည် ကချင်ပြည်နယ်တစ်ခုလုံး ကွက်ပြည့်ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြစ်ကြီးနားနှင့် ဗန်းမော်ဒေသတို့ကို ဖွံ့ဖြိုးရေးအထူးဒေသများအဖြစ် သတ်မှတ်ပြီး စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေးစသည်ဖြင့် ကဏ္ဍစုံဖွံ့ဖြိုးတိုးတက်အောင် အလေးပေးဆောင်ရွက်ခဲ့ကြောင်း။

ကချင်ပြည်နယ်၌ ၁၉၈၈ခုနှစ်တုန်းက မြစ်ကြီးနားဒီဂရီကောလိပ်တစ်ခုသာရှိခဲ့ရာမှ မြစ်ကြီးနားတက္ကသိုလ်၊ ဗန်းမော်ဒီဂရီကောလိပ်၊ မြစ်ကြီးနားပညာရေးကောလိပ်၊ မြစ်ကြီးနားအစိုးရနည်းပညာကောလိပ်၊ မြစ်ကြီးနားအစိုးရကွန်ပျူတာကောလိပ်၊ ဗန်းမော်အစိုးရနည်းပညာကောလိပ်၊ ဗန်းမော်အစိုးရကွန်ပျူတာကောလိပ်ဆိုပြီး တက္ကသိုလ်၊ ကောလိပ်ခုနစ်ခု ထူထောင်ခဲ့ပြီးဖြစ်ကြောင်း။

လူသားအရင်းအမြစ်ဖွံ့ဖြိုးရေး

ဆက်လက်ပြီး ကချင်ပြည်နယ်၌ မိုးညှင်းဒေသသည် လူဦးရေအများဆုံးဖြစ်ပြီး ဆန်စပါးသီးနှံအပါအဝင် လယ်ယာစိုက်ပျိုးမှုအားကောင်းသည့် ဒေသ၊ အချက်အချာကျသည့် ဒေသတစ်ခုအဖြစ် တည်ရှိသည့်အတွက် မိုးညှင်းဒေသ၌လည်း ပညာရေး၊ ကျန်းမာရေးစသည့် လူသားအရင်းအမြစ် ဖွံ့ဖြိုးရေးတို့ကို အလေးထားတိုးချဲ့ ဆောင်ရွက်ပေးရန် နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက လမ်းညွှန်ခဲ့ကြောင်း။

ထို့ကြောင့် မိုးညှင်းဒေသ၌ ယခုကဲ့သို့ ဒီဂရီကောလိပ်နှင့် အစိုးရစက်မှုလက်မှုသိပ္ပံတို့ တိုးချဲ့ပေါ်ထွက်လာခဲ့ခြင်းဖြစ်ကြောင်း၊ ခြုံလိုက်လျှင် ကချင်ပြည်နယ်တစ်ခုလုံး၌ တက္ကသိုလ်တစ်ခု၊ ဒီဂရီကောလိပ်နှင့် ကောလိပ်ခုနစ်ခု၊ သိပ္ပံတစ်ခု၊ စုစုပေါင်းကိုးခုအထိ တိုးတက်ဖြစ်ထွန်းလာပြီဖြစ်ကြောင်း၊ တစ်နိုင်ငံလုံးနှင့်ခြုံပြောမည်ဆိုလျှင် ယခင်က တက္ကသိုလ်နှင့် ကောလိပ်၃၂ခုရှိခဲ့ရာမှ ယခုဆိုလျှင် တက္ကသိုလ်၊ ဒီဂရီကောလိပ်နှင့် ကောလိပ်ပေါင်း ၁၅၄ခုအထိ ရှိလာခဲ့ပြီး တက္ကသိုလ်၊ ကောလိပ်ကျောင်းသားကျောင်းသူပေါင်း ကိုးသိန်းနီးပါးခန့်အထိ မြင့်မားတိုးတက်လာနေပြီဖြစ်ကြောင်း။

ဤကဲ့သို့ အဆင့်မြင့်ပညာ သင်ကြားသူ သိန်းချီများပြားလာခြင်းသည် အဆင့်မြင့်ပညာသင်ကြားနိုင်မှု အခွင့်အလမ်းများကို ဒေသအလိုက် တိုးချဲ့ဖွင့်လှစ်ပေးခဲ့၍ဖြစ်ကြောင်း၊ တစ်နည်းအားဖြင့် ပြည်နယ်၊ တိုင်း၁၄ခု၌ ဖွံ့ဖြိုးရေးဒေသကြီး ၂၄ ခုသတ်မှတ်ပြီး တက္ကသိုလ်၊ ကောလိပ်များကို တိုးချဲ့ထူထောင်ခဲ့သကဲ့သို့ လူဦးရေထူထပ်ပြီး အချက်အချာကျသော မြင်းခြံ၊ မိုးညှင်း စသည့်ထူးခြားသောဒေသများ၌လည်း တက္ကသိုလ်၊ ကောလိပ်များကို တိုးချဲ့ဖွင့်လှစ်နိုင်ခြင်းကြောင့်ဖြစ်ကြောင်း။

ပညာရှင်များမွေးထုတ်

ဒေသအလိုက် ဖွင့်လှစ်ထားသည့် ယခုကဲ့သို့ တက္ကသိုလ်၊ ကောလိပ်များကြောင့် ဒေသအလိုက်တွင် အဆင့်မြင့်ပညာကို လက်လှမ်းတမီပညာသင်ကြားလိုသူများအတွက် အခွင့်အလမ်းပွင့်သွားပြီဖြစ်သကဲ့သို့ ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ ဒေသတည်ငြိမ်အေးချမ်းရေးကို စောင့်ရှောက်ထိန်းသိမ်းသယ်ဆောင်သွားမည့် ပညာရှင်များကိုလည်း ဒေသအလိုက်မွေးထုတ်နိုင်တော့မည်ဖြစ်ကြောင်း။

ယနေ့ကမ္ဘာသည် သတင်းနှင့် ဆက်သွယ်ရေးဆိုင်ရာ နည်းပညာခေတ်ကို ကြီးမားသော အရှိန်အဟုန်ဖြင့် ကူးပြောင်းနေပြီဖြစ်သည့်အတွက် ကမ္ဘာ့နိုင်ငံတိုင်းသည် ဤအရှိန်အဟုန်ကို အမီလိုက်နိုင်ရန် မိမိတို့၏ပညာရေးစနစ်ကို အမြန်ပြုပြင်ပြောင်းလဲတည်ဆောက်လျက်ရှိကြကြောင်း၊ ပညာရေးစနစ်သည် ခေတ်နှင့်အညီပေါ်ထွန်းလာသည့် နည်းပညာကို အချိန်နှင့်တစ်ပြေးညီ အသုံးချနိုင်မည့် အသိပညာ၊ အတတ်ပညာမြင့်မားသော လူသားအရင်းအမြစ်များကို မွေးထုတ်ပေးနိုင်ရမည်ဖြစ်ကြောင်း။

ထို့ကြောင့် မူလတန်းပညာ လူတိုင်းတတ်မြောက်ရေး၊ အလယ်တန်းပညာ လူတိုင်းတတ်မြောက်ရေး၊ အထက်တန်းပညာ လူတိုင်းတတ်မြောက်ရေးဆိုသည့် ရည်မှန်းချက်များဖြင့် ရောင့်ရဲတင်းတိမ်နေ၍ မဖြစ်တော့ဘဲ အဆင့်မြင့်ပညာကို လူတိုင်း လက်လှမ်းတမီ သင်ယူနိုင်ရန် ယခုကဲ့သို့ တက္ကသိုလ်၊ ကောလိပ်များကို ဒေသအလိုက် တိုးချဲ့ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း။

ထိထိရောက်ရောက်ကြိုးစား

မိုးညှင်းဒီဂရီကောလိပ်သည် နိုင်ငံတော်၏ရေရှည်မျှော်မှန်းချက်များကို ဖြည့်ဆည်းနိုင်သည့် ကောလိပ်ဖြစ်အောင် အသွင်သဏ္ဌာန်အရ သာမက အနှစ်သာရပါ ထိထိရောက်ရောက် ကြိုးစားလုပ်ဆောင်သွားကြရန်လိုအပ်ကြောင်း။

ကချင်ပြည်နယ်၏ အဆင့်မြင့်ပညာရေးကဏ္ဍ လိုအပ်ချက်များနှင့် ချိတ်ဆက်မိရန်အတွက် အခြေခံပညာရေးကဏ္ဍ၌လည်း ဖြည့်ဆည်း စီမံအဆင့်မြှင့်လျက်ရှိကြောင်း၊ ယခင်က အထက်တန်းကျောင်း ၃၀ရှိခဲ့ရာမှ ယခုအထက်တန်းကျောင်း ၄၆ ကျောင်း၊ အထက်တန်းကျောင်းခွဲ ကိုးကျောင်း၊ တွဲဖက်အထက်တန်းကျောင်း ၁၅ ကျောင်းတို့ကို တိုးချဲ့ဖွင့်လှစ်ခဲ့သကဲ့သို့ အလယ်တန်းကျောင်း ၆၈ ကျောင်းမှ ၈၂ကျောင်း၊ မူလတန်းကျောင်း ၁၀၈၀ မှ ၁၁၈၄ ကျောင်း၊ မူလတန်းလွန်ကျောင်း ၁၁၄ကျောင်းအထိ တိုးချဲ့ဖွင့်လှစ်ထားပြီးဖြစ်ကြောင်း။

ပညာရေးနှင့် ဆက်စပ်နေသည့် ဆက်သွယ်ရေးနှင့် ပြန်ကြားရေးအပိုင်း၌လည်း ယခင်က တယ်လီဖုန်းအိတ်ချိန်း ၁၂ခုရှိခဲ့ရာမှ တယ်လီဖုန်းအိတ်ချိန်း ၃၈ခု၊ ဂြိုဟ်တုစခန်း ငါးခု၊ မိုက္ကရိုဝေ့ဗ် ၁၃ခု၊ ကျေးလက်ဆက်သွယ်ရေးစခန်း ၁၂ခု၊ ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်ရုံ ၁၈ခုအထိ တိုးချဲ့ထားပြီးဖြစ်ကြောင်း။

အမှန်တကယ်ဖြည့်ဆည်း

ထို့ကြောင့် ခေတ်မီနိုင်ငံတော်ကြီး တည်ဆောက်ရေးအတွက် လိုအပ်သည့် အရည်အချင်းမြင့်မားသော လူ့စွမ်းအားအရင်းအမြစ်များပေါ်ထွက်လာရေးကို မျှော်မှန်းပြီး တိုးချဲ့ဖွင့်လှစ်လိုက်သည့် မိုးညှင်းဒီဂရီကောလိပ်သည် စွမ်းရည်ထက်မြက်သည့် အသိပညာရှင်၊ အတတ်ပညာရှင်များ မွေးထုတ်နိုင်အောင် ကြိုးစားကြပါ၊ ပြောင်းလဲနေသည့် ခေတ်စနစ်နှင့်အညီ ဒေသ၏လိုအပ်ချက်၊ နိုင်ငံတော်၏လိုအပ်ချက်များကို အမှန်တကယ်ဖြည့်ဆည်းထမ်းဆောင်နိုင်သည့် အဆင့်အတန်းရှိသော ကောလိပ်ဖြစ်အောင် ကြိုးစားကြပါဟု မှာကြားသည်။

ထို့နောက် ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်ဆွေက အမှာစကားပြောကြားရာ၌ မိုးညှင်းဒီဂရီကောလိပ်တည်ဆောက်ရေးအတွက် ပန္နက်တင်မင်္ဂလာအခမ်းအနားကို ၂၀၀၃ခုနှစ် ဇွန် ၅ရက်တွင် ကျင်းပခဲ့ပြီး အဆောက်အအုံကို စတင်ဆောက်လုပ်ခဲ့ကြောင်း၊ မိုးညှင်း ဒီဂရီကောလိပ်ကို ၂၀၀၃ခုနှစ် ဒီဇင်ဘာ ၁၈ ရက်တွင် စတင်ဖွင့်လှစ်ပေးပြီး ပညာစတင်သင်ကြားပေးခဲ့ကြောင်း။

အဘက်ဘက်ကပံ့ပိုးပေး

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော်ကြီးခေတ်မီဖွံ့ဖြိုးတိုးတက်ရေး၏ အခြေခံအကျဆုံး၊ အခိုင်မာဆုံး စွမ်းအားဖြစ်သည့် ပညာရေးကဏ္ဍ မြင့်မားတိုးတက်ရေးအတွက် အဘက်ဘက်မှ ပံ့ပိုးဖြည့်ဆည်းပေးလျက်ရှိကြောင်း။

ထို့ကြောင့် ဆရာ ဆရာမများကလည်း ပညာရေးကဏ္ဍ မြင့်မားတိုးတက်ရေးအတွက် ကြိုးပမ်းသွားကြရမည်ဖြစ်သကဲ့သို့ ကျောင်းသားကျောင်းသူ များကလည်း ဘာသာရပ်အလိုက် ထူးချွန်ထက်မြက်တတ်ကျွမ်း နားလည်အောင် လေ့လာသင်ယူသွားကြရန်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးမျိုးညွန့်က အမှာစကားပြောကြားရာ၌ မိုးညှင်းဒေသဖွံ့ဖြိုးရေး၊ ဒေသအလိုက် အရည်အချင်း ပြည့်မီသည့် လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ လမ်းညွှန်ချက်အရ မိုးညှင်းဒီဂရီကောလိပ်ကို ဖွင့်လှစ်နိုင်ခဲ့ပြီဖြစ်ကြောင်း။

ကြိုးစားပညာသင်

ထို့ကြောင့် နိုင်ငံတော်နှင့် နိုင်ငံသားများအတွက် သယ်ပိုးထမ်းဆောင် ကြမည့် ပညာရှင်များဖြစ်ပေါ်လာအောင် ဆရာ ဆရာမများအနေဖြင့် သင်ကြားပို့ချပေးကြရန်ဖြစ်ကြောင်း၊ မိမိတို့ကိုယ်တိုင်လည်း အစဉ်သင်ယူ လေ့လာနေဆဲပုဂ္ဂိုလ်များအဖြစ် ဆက်လက်လေ့လာကြိုးစားကြရမည်ဖြစ်ကြောင်း၊ ကျောင်းသားကျောင်းသူများကလည်း မိမိဒေသနှင့် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုမည့် နိုင်ငံ့သားကောင်းပညာရှင်များ ဖြစ်လာအောင် ကြိုးစားပြီး ပညာသင်ကြားကြရန်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ပထမနှစ် ပထဝီဝင်အထူးပြုကျောင်းသူ မနန်းလွင်လွင်အေးက မိုးညှင်းဒေသတွင် ခံညားထည်ဝါလှသည့် မိုးညှင်းဒီဂရီကောလိပ် တည်ဆောက်ဖွင့်လှစ်ပေးခြင်းအတွက်လည်းကောင်း၊ အဆင့်မြင့်ပညာများကို ရပ်ဝေးသို့ မသွားရဘဲ ဒေသ၌ပင် စရိတ်ကုန်ကျမှုသက်သာစွာဖြင့် ပညာသင်ကြားခွင့် ရရှိခြင်းအတွက်လည်းကောင်း ဂုဏ်ယူဝမ်းမြောက်ရပါကြောင်းနှင့် ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးတည်ဆောက်ရန် ကြိုးပမ်းသွားမည်ဖြစ်ပါကြောင်းဖြင့် ရှင်းလင်းတင်ပြသည်။

လွှဲပြောင်းပေးအပ်

ယင်းနောက် မြန်မာနိုင်ငံပညာရေးကော်မတီဒုတိယဥက္ကဋ္ဌ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းထံ မိုးညှင်းဒီဂရီကောလိပ် ပညာရေးငွေပဒေသာပင်အတွက် အလှူငွေကျပ် သိန်း ၂၀၀ ကို Ever Green ဆောက်လုပ်ရေးကုမ္ပဏီမန်နေဂျင်းဒါရိုက်တာ ဦးသန်းရွှေကပေးအပ်ရာ အတွင်းရေးမှူး(၁)က လက်ခံပြီး ကျောင်းအုပ်ကြီး ဦးသန်းညွန့်အား လွှဲပြောင်းပေးအပ်သည်။

ဆက်လက်၍ မိုးညှင်းဒီဂရီကောလိပ်ဖွင့်ပွဲအထိမ်းအမှတ် လက်ဆောင်များကို အတွင်းရေးမှူး(၁)၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များအား ကျောင်းအုပ်ကြီးက ပေးအပ်ပြီး ဖွင့်ပွဲအခမ်းအနား အစီအစဉ်များ ကျင်းပပြီးစီးသွားသည်။

အခမ်းအနားအပြီးတွင် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ITကုမ္ပဏီများ၏ပြခန်းကိုလည်းကောင်း၊ စာအုပ်ပြခန်းကိုလည်းကောင်း ကြည့်ရှုစစ်ဆေး ကြသည်။

စုပေါင်းဓာတ်ပုံရိုက်

ထို့နောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့်အဖွဲ့ဝင်များသည် ဒေသခံတိုင်းရင်းသား တိုင်းရင်းသူများအား ရင်းရင်းနှီးနှီးလိုက်လံ နှုတ်ဆက်ကြပြီး ပင်မဆောင်ရှေ့၌ စုပေါင်းဓာတ်ပုံရိုက်ကြသည်။

မိုးညှင်းဒီဂရီကောလိပ်ပင်မဆောင်မှာ အလျား ၃၈၅ ပေ၊ အနံ ၂၂၈ ပေရှိသည်။

ပင်မဆောင်တွင် စာသင်ခန်း ၁၇ ခန်း၊ ကွန်ပျူတာခန်း လေးခန်း၊ Language Lab တစ်ခန်း၊ ဓာတ်ခွဲခန်း နှစ်ခန်း၊ စာကြည့်တိုက် တစ်ခန်း၊ ရုံးခန်း နှစ်ခန်း၊ Theatre တစ်ခန်းနှင့် ဘက်စုံသုံးခန်းမတစ်ခန်းတို့ ပါရှိသည်။

မိုးညှင်းဒီဂရီကောလိပ်တွင် အထူးပြုဘာသာရပ်ရှစ်မျိုး၊ အထောက် အကူပြုဘာသာရပ် လေးမျိုး စုစုပေါင်းဘာသာရပ် ၁၂ မျိုး သင်ကြားပေးလျက်ရှိပြီး ကျောင်းသား ကျောင်းသူ စုစုပေါင်း ၃၄၃ ဦးတို့တက်ရောက်၍ ပညာသင်ကြားလျက်ရှိသည်။ **(သတင်းစဉ်)**

မြို့ စိမ်းလန်းစိုပြည်လှပရေးဆောင်ရွက်

ရန်ကုန် ဖေဖော်ဝါရီ ၁၆

မင်းဘူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမြင့်အောင်နှင့်တာဝန်ရှိသူများသည် ဇန်နဝါရီ ၂၆ရက်က မြို့နယ်စည်ပင်သာယာရေးနယ်နိမိတ်အတွင်း စိမ်းလန်းစိုပြည်သာယာလှပရေး၊ သန့်ရှင်းကောင်းမွန်ရေးအတွက် ဆောင်ရွက်ခဲ့ပြီး ပန်းခြံနှင့်ပျိုးဥယျာဉ်အတွင်း စိမ်းလန်းစိုပြည်သာယာလှပရေးနှင့် မြေခင်းအလှဆောင်ရွက်ထားရှိမှုတို့ကို အနီးကပ်ကြီးကြပ်ဆောင်ရွက်လျက် ရှိကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

သားငါးပွံ့ဖြိုး ပြည်အကျိုး

စီးပွားရေးပိတ်ဆို့မှုများဟာ ဒီမိုကရေစီထွန်းကားရေးအတွက် အပြုပိုင်းမဟုတ်

အောင်မိုးခ

ဒီကနေ့လို အမေရိကန်နဲ့ အနောက်အုပ်စုအပေါင်းပါ နိုင်ငံတွေရဲ့စီးပွားရေးဆုတ်ယုတ်ကျဆင်းအောင်လုပ်မှ(စီးပွားရေးပိတ်ဆို့မှ)ဒီမိုကရေစီထွန်းကားမယ်ဆိုတဲ့ မူဝါဒကို ကမ္ဘာ့သမိုင်းဖြစ်စဉ်က လက်မခံပါ။ လူ့သမိုင်းဖြစ်ပေါ်တိုးတက်ရေးတရားကလဲ လက်မခံပါ။ စီးပွားရေး ကုန်လုပ်စွမ်းအားစုတွေဆုတ်ယုတ်ပျက်ပြားကျဆင်းနေတဲ့ နိုင်ငံတွေမှာ ဒီမိုကရေစီထွန်းကားလေ့မရှိလို့ဖြစ်ပါတယ်။ **"မဖွံ့ဖြိုးသေးတဲ့နိုင်ငံတစ်ရပ်တွင် ခိုင်မာတဲ့ဒီမိုကရေစီ စနစ်တစ်ရပ်ချက်ချင်းအမြစ်တွယ် တည်ဆောက်ကျင့်သုံးနိုင်တယ်ရယ်လို့ သမိုင်းမှာ မကြုံဖူးသေးပါ။ နိုင်ငံများဟာ စီးပွားရေးဖွံ့ဖြိုးတိုးတက်လာပြီး လူနေမှု အဆင့်အတန်းနဲ့စာပေတတ်မြောက်မှု အဆင့်မြင့်လာတဲ့အချိန်ကျမှသာ၊ အခြေခံစားဝတ်နေမှုအခွင့်အရေးတွေ တူညီသလောက်ရလာတဲ့အချိန်ကျမှသာ ဒီမိုကရေစီအပြည့်အဝကျင့်သုံးမှုဟာ စတင်လေ့ရှိတယ်။ ဒါ့အပြင် အခြား ကြိုတင်လိုအပ်ချက်တွေကတော့ လူထုလွတ်လပ်မှု၊ တရားဥပဒေစိုးမိုးမှုနဲ့ လူထုကိုယ်စားလှယ်ပြုနိုင်ငံရေး ဖွဲ့စည်းအုပ်ချုပ်မှု (Effective responsive political Institutions)တွေမှာ ကျင့်သားရရှိပြီး ခိုင်မာနေဖို့လိုတယ်"** ဆိုတဲ့ လူမှုသိပ္ပံတရားကြောင့် ဖြစ်ပါတယ်။

ဒါကြောင့် ဒီမိုကရေစီ အမြန်ဆုံး ထွန်းကားလာဖို့အတွက် မြန်မာနိုင်ငံအပေါ် စီးပွားရေးပိတ်ဆို့အရေးယူတယ်ဆိုတဲ့ အမေရိကန်နဲ့ အနောက်အုပ်စုအပေါင်းပါတွေရဲ့ အကြောင်းပြချက်ဟာလဲ အရသာမဟုတ်၊ လက်တွေ့မှာ အဆိပ်သာ ဖြစ်နေပါတယ်။ ဆိုလိုတာက ဒါဟာ ဒီမိုကရေစီနဲ့ ပိုမိုအလှမ်းဝေးတဲ့လမ်းကို တွန်းပို့သလို ဖြစ်နေပါတယ်။

၂၀၀၃ ခုနှစ် နိုဝင်ဘာလ ၁၀ ရက်နေ့ထုတ် အင်တာနေရှင်နယ်လ်ဟာရယ်ထရီဗျူးမ်သတင်းစာပါ-မြန်မာအပေါ်စီးပွားရေးပိတ်ဆို့ အရေးယူမှုတွေဟာ အလုပ်မဖြစ်ပါ။ (Sanctions don't work-by Nicholas D Kristorf) ဆောင်းပါးတွင် အခုလိုဖော်ပြခဲ့ပါတယ်-

> "ဘုရှ်အစိုးရဟာ ကျူးဘား၊ ဆီးရီးယား၊ မြောက်ကိုရီးယားနဲ့ မြန်မာနိုင်ငံတို့ကိုနည်းမျိုးစုံနဲ့ ပိတ်ဆို့အရေးယူမှုတွေပြုလုပ်နေပါတယ်။လွှတ်တော်အတွင်းက ဒီမိုကရက်အမတ်များကလည်း မြန်မာနိုင်ငံမှ သွင်းကုန်တွေ ပိတ်ပင်ရေးကို ရှေ့ဆောင်ရှေ့ရွက်ပြုခဲ့ကြတယ်။၁၉၉၆ခုနှစ်မှ ၂၀၀၁ ခုနှစ်ကာလအတွင်း အမေရိကန်ဟာ နိုင်ငံရပ်ခြား တိုင်းပြည်များအပေါ် မိမိတစ်နိုင်ငံတည်းက စီးပွားရေးပိတ်ဆို့အရေးယူမှုအသစ်တွေ (၈၅)ကြိမ် ပြုလုပ်ခဲ့ပါတယ်။ ဒါတွေကြောင့် ၁၉၉၅ခုနှစ် တစ်နှစ်တည်းမှာပင် အမေရိကန်ကုမ္ပဏီများအဖို့ ဒေါ်လာ ၁၉ ဘီလီယံ နစ်နာမှုဖြစ်ပွားခဲ့ပြီး မိမိတို့ ကူညီဖို့ရည်ရွယ်တဲ့ လူထုများကိုသာ အထိနာစေခဲ့ပါတယ်။ ပြီးခဲ့တဲ့လမှာတော့ အမေရိကန်လွှတ်တော်နှစ်ရပ်ပေါင်းဟာ ကျူးဘားနိုင်ငံသို့ ခရီးသွားလာရေး ပိတ်ပင်မှုကို လျှော့ချဖို့ သဘောတူခဲ့ကြတယ်။ ဒါဟာ ကျူးဘားပြည်သူတွေကိုသာ ထိခိုက်စေပြီး ဖိဒယ်ကက်စထရိုအဖို့ မိမိရဲ့စီးပွားရေး စီမံချက်များမအောင်မြင်မှုအတွက် တရားခံအငှားရှာလို့ရစေတဲ့ စီးပွားရေးပိတ်ဆို့မှုတွေကို အမေရိကန်က ရုပ်သိမ်းမယ့် အလားအလာအချို့ ပေါ်လာတာ ဖြစ်ပါတယ်။ အခုနှစ်တွင် ရီပတ်ဗလီကင်ရော ဒီမိုကရက်အမတ်များပါ မြန်မာနိုင်ငံအပေါ် အရေးယူမှုအသစ်တွေ တိုးမြှင့်ပြဋ္ဌာန်းဖို့ ဆန္ဒမဲပေးခဲ့ကြပါတယ်။ ကျူးဘားတွင် အနှစ်၄၀ကျော်၊ အီရတ်တွင် ၁၂နှစ်ခန့်နဲ့ ပြီးခဲ့တဲ့၁၄နှစ်အတွင်း မြန်မာနိုင်ငံအပေါ် အနောက်ရဲ့ ပိတ်ဆို့မှုတွေဟာ မအောင်မြင်ကြောင်း လက်တွေ့ဘဝက ပြသနေပါတယ်။ အီရတ်ကိုလက်နက်ရောင်းချမှု ပိတ်ပင်ရေးနဲ့ ကုလသမဂ္ဂရဲ့ ကြီးကြပ်စစ်ဆေးမှုများကသာ တစ်စုံတစ်ရာ အောင်မြင်မှုတွေရခဲ့ပြီး စီးပွားရေးပိတ်ဆို့မှုတွေကတော့ ကလေးသူငယ်တွေကိုသာ သေဆုံးပျက်စီးစေခဲ့ပါတယ်။ ကုလသမဂ္ဂကလေးသူငယ် ရန်ပုံငွေအဖွဲ့ရဲ့ စစ်တမ်းတစ်စောင်အရ ပိတ်ဆို့အရေးယူမှုများဟာ ကလေးသူငယ် ငါးသိန်းခန့်သေဆုံးစေခဲ့တယ်လို့ ဖော်ပြခဲ့ဖူးပါတယ်။ ဒါဟာ တစ်စုံတစ်ရာ ချဲ့ကားထားတယ်လို့ ပြောနိုင်စရာရှိပေမယ့် အရေးယူပိတ်ဆို့မှုတွေဟာ အီရတ်ကလေးသူငယ်တွေ အာဟာရချို့တဲ့မှုနဲ့ သေဆုံးနှုန်းကို တိုးပွားစေခဲ့တာကတော့ သံသယရှိစရာမလိုပါ"။

အမေရိကန်အစိုးရ အစီရင်ခံစာအရ မြန်မာသွင်းကုန်တွေကို ပိတ်ပင်လိုက်မှုကြောင့် အထည်ချုပ်အလုပ်သမ ၃၀၀၀၀မှ ၄၀၀၀၀အထိ အလုပ်လက်မဲ့ဖြစ်ကုန်ပြီး အခြားအသက်မွေးဝမ်းကျောင်း အလုပ်မရရှိလို့ အချို့အမျိုးသမီးငယ်တွေ ပြည့်တန်ဆာဘဝကို ရောက်ရှိသွားနိုင်စရာ ရှိတယ်လို့ ဆက်လက်ဖော်ပြထားတယ်။ "အမေရိကန်အစိုးရ ပြောရေးဆိုခွင့်ရှိသူ ရစ်ချတ်ဘောက်ချာက အလုပ်လက်မဲ့ဖြစ်သွားတဲ့ အမျိုးသမီးငယ်အချို့ဟာ ပြည့်တန်ဆာအလုပ်ဘက်ကို ရောက်သွားနိုင်တယ်ဆိုတာ ယုံကြည်ရပါတယ်။ ဒါပေမယ့် ပြည်သူတစ်ရပ်လုံးရေရှည်ကောင်းစားဖို့ စီးပွားရေးပိတ်ဆို့ရတာပါလို့ ရှင်းလင်းခဲ့ပါတယ်။ လောလောဆယ် အဖြေပေါ်တာကတော့ အမေရိကန်စီးပွားရေး ပိတ်ဆို့မှုဟာ လူတစ်သိန်းလောက် အလုပ်လက်မဲ့ဖြစ်စေပြီး တပ်မတော်ခေါင်းဆောင်များကတော့ ဆားမသီရန်မခ အခြေအနေမှာ ရှိနေတာပါပဲ…"ဒါ့အပြင် ၂၀၀၃ခုနှစ် အောက်တိုဘာလ ၃၀ရက်နေ့ အမေရိကန်အစိုးရ သတင်းစာရှင်းလင်းပွဲတစ်ခုမှာ သတင်းထောက်တစ်ဦးက အမေရိကန်အစိုးရရဲ့ မြန်မာနိုင်ငံဆိုင်ရာ ဒုတိယခြောက်လပတ် အစီရင်ခံစာတွင် ဩဂုတ်လအတွင်းက ချမှတ်ခဲ့တဲ့ အမေရိကန်ရဲ့ စီးပွားရေးပိတ်ဆို့ အရေးယူမှုကြောင့် မြန်မာအမျိုးသမီး အထည်ချုပ် အလုပ်သမ ၃၀၀၀၀မှ ၄၀၀၀၀အထိ အလုပ်လက်မဲ့ဖြစ်ကုန်ပြီး အချို့ဟာ ပြည့်တန်ဆာလုပ်ငန်းဘက်ကိုတောင် ရောက်ကုန်တယ်လို့ ပါရှိပါတယ်။ ဒီလိုဖြစ်ရတာဟာ ကုလသမဂ္ဂကြီးတွင် အမေရိကန်သမ္မတဘုရှ်က လိင်ကုန်ကူးမှု (Sex Trafficking)ကမ္ဘာ့အကြီးမားဆုံး လူမှုဒုက္ခကြီးဖြစ်တယ်၊ ဒါကိုပပျောက်အောင် လုပ်ရမယ်လို့ အဆိုပြုသွားတာနဲ့ ရှေ့စကားနဲ့ နောက်စကား ညီညွတ်ပါရဲ့လားလို့ မေးတဲ့အခါ၊ ပြောရေးဆိုခွင့်ရှိသူ မစ္စတာဘောက်ချာက အဲဒီအစီရင်ခံစာတွေကို ကျွန်တော် သေသေချာချာပြန်လေ့လာပါဦးမယ်။ မြန်မာနိုင်ငံအပေါ် အရေးယူမှုလုပ်တာကတော့ မှန်ကန်တဲ့အလုပ်ပါ။ မြန်မာ့အထည်ချုပ် လုပ်ငန်းတွင် နစ်နာမှုရှိမယ်ဆိုတာလဲ သဘောပေါက်ပါတယ်၊ အဓိက ရည်ရွယ်တာက အစိုးရအပေါ်မှာပါလို့ …ဖြေခဲ့ပါတယ်။

အစိုးရနဲ့ပြည်သူဆိုတာ ရေမြင့်ကြာတင့်ဖြစ်ပါတယ်။ မနေမနား နိုင်ငံထူထောင်နေတဲ့ အစိုးရကို ထိခိုက်ရင်လဲ ပြည်သူကိုထိခိုက်တာပါ။ ပြည်သူကို ထိခိုက်ရင်လဲ အစိုးရကို ထိခိုက်တာပါပဲ။ အခုလို စီးပွားရေးပိတ်ဆို့အရေးယူမှုကြောင့် ပြည်သူတွေ ထိခိုက်နစ်နာတယ်ဆိုတာကို အမေရိကန်အစိုးရရဲ့ အစီရင်ခံစာမှာ ကိုယ်တိုင် ဖော်ပြထားပါလျက်နဲ့ မြန်မာနိုင်ငံအပေါ် ဆက်လက်ပိတ်ဆို့အရေးယူနေမှုဟာ ဘယ်လိုနည်းနဲ့မှ ပြည်သူကောင်းစားရေး၊ ဒီမိုကရေစီရေးအတွက် မဟုတ်ဘူးဆိုတာကို ထင်ရှားစေခဲ့ပါတယ်။

ဒါကြောင့် ဘယ်သူတွေ ဘယ်လောက်ပင် မြန်မာ့အရေးပျက်ပြားအောင်၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု ပြိုကွဲအောင်လုပ်ပေမယ့် ပြည်ထောင်စုဖွားတိုင်းရင်းသားပြည်သူတစ်ရပ်လုံးအဖို့ ကိုယ့်အရေးကိုယ်သာ တိုးတက်အောင် ဖန်တီးသွားရမှာ ဖြစ်ပါတယ်။ ပြည်ထောင်စုစိတ်ဓာတ် ပြည့်ဝစွာ မိမိတို့ပြည်ထောင်စုကြီး ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးကိုသာ အစဉ်ရှေးရှုကြိုးပမ်းသွားရမှာ ဖြစ်ပါတယ်။ အဲဒီလိုကြိုးပမ်းရာတွင် ၂၀၀၄ခုနှစ် (၅၇)နှစ်မြောက်ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များကို တစ်မျိုးသားလုံးစည်းလုံးညီညွတ်စွာ ခံယူကျင့်သုံးသွားဖို့ ဖြစ်ပါတယ်။ ဒါတွေကတော့…

- **ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော အမျိုးသားရေးမူဝါဒကို ပြည်ထောင်စု တိုင်းရင်းသားအားလုံး စောင့်ထိန်းကာကွယ်ရေး၊**
- **တိုင်းရင်းသားပြည်သူများအတွင်း ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ်ရှင်သန်ထွန်းကားရေး၊**
- **ပြည်ထောင်စုကြီး ထာဝရတည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားအားလုံးတက်ညီလက်ညီကာကွယ်ထိန်းသိမ်းရေး၊**
- **နိုင်ငံတော် တည်ငြိမ်အေးချမ်းမှုနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်မှုတို့အား နှောင့်ယှက်ဖျက်ဆီးသည့် ပြည်တွင်းပြည်ပ အဖျက်သမားများ၏ အန္တရာယ်ကို တိုင်းရင်းသားစည်းလုံးညီညွတ်မှုဖြင့် ကာကွယ်တားဆီးရေး၊**
- **နိုင်ငံတော် ရှေ့ဆက်သွားရမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်စွာအကောင်အထည်ဖော်နိုင်ရေးအတွက် ပြည်ထောင်စုတိုင်းရင်းသားအားလုံး ဝိုင်းဝန်းကြိုးပမ်းရေး။**

မကြာသေးခင် ဇန်နဝါရီလ ၃၀ရက်နေ့ ရန်ကုန်တိုင်း လှည်းကူးမြို့နယ် ဗဟိုဝန်ထမ်းတက္ကသိုလ် (ဖောင်ကြီး)မှာ ဖွင့်လှစ်သော တက္ကသိုလ်၊ ကောလိပ်၊ ဆရာ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ် (၄) သင်တန်းဆင်းပွဲ အခမ်းအနားမိန့်ခွန်းတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်ကလည်း အခုလိုပဲ ပြောကြားသွားခဲ့ပါတယ်။

"ဤသို့ အပြန်အလှန် ချစ်ကြည်ရေးခရီးစဉ်များ ဖြစ်ထွန်းနေမှု၊ မြန်မာနိုင်ငံအနေဖြင့် အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများနှင့် ဆက်သွယ်ဆက်ဆံရေး တိုးတက်ကောင်းမွန်အောင် ကြိုးပမ်းဆောင်ရွက်နိုင်မှုများကြောင့် မြန်မာနိုင်ငံအပေါ် ချစ်ကြည်ရင်းနှီးမှု၊ နားလည်စာနာမှုနှင့် စိတ်ကောင်း စေတနာထားရှိမှုတို့ကို ပိုမိုဖြစ်ထွန်းစေနိုင်ခဲ့သည်ကို တွေ့ရကြောင်း။

ထို့ကြောင့်လည်း အနောက်နိုင်ငံများက ဖိအားအမျိုးမျိုးပေးခဲ့သော်လည်း အာဆီယံနိုင်ငံများက မြန်မာနိုင်ငံဘက်မှ ပြတ်သားစွာရပ်တည်ပြီး ဘာလီကျွန်း၌ကျင်းပသည့် ထိပ်သီးညီလာခံ ကြေညာချက်တွင် အာဆီယံနိုင်ငံများအနေဖြင့် မြန်မာနိုင်ငံ၏ ဒီမိုကရေစီစနစ်ဖော်ဆောင်ရေးအစီအစဉ်ကို ထောက်ခံ အားပေးသင့်ကြောင်း၊ မြန်မာနိုင်ငံအပေါ် ပိတ်ဆို့အရေးယူမှုများသည် ဒီမိုကရေစီစနစ် ပေါ်ပေါက်လာရေးအတွက် အထောက်အကူ မဖြစ်နိုင်ကြောင်းဖြင့် အတိအလင်း ထုတ်ပြန်ကြေညာခဲ့ကြခြင်းဖြစ်ကြောင်း၊ အလားတူပင် ဂျပန်နိုင်ငံခရီးစဉ်အတွင်းတွင်လည်း ဂျပန်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံ၏ ဒီမိုကရေစီတည်ဆောက်ရေးလုပ်ငန်းစဉ်များ အကောင်အထည်ဖော်ရာတွင် ကူညီပံ့ပိုးသွားမှာဖြစ်ကြောင်း ထုတ်ဖော်ပြောဆိုခဲ့သည်လည်း ရှိကြောင်း။

မြန်မာနိုင်ငံသည် ပထဝီအနေအထားအရ အရှေ့တောင်အာရှနှင့် တောင်အာရှဒေသများကို ဆက်သွယ်ပေးသည့် အချက်အချာနေရာဒေသ ဖြစ်သည့်အတွက် ဒေသတွင်းနိုင်ငံများနှင့် ဆက်သွယ်ဆက်ဆံမှု၊ ပူးပေါင်း ဆောင်ရွက်မှု တိုးမြှင့်လာနိုင်သည်နှင့်အမျှ မိမိနိုင်ငံအတွက်သာ ဒေသတွင်း နိုင်ငံများအတွက်ပါ များစွာ အကျိုးဖြစ်ထွန်းစေမှာ ဖြစ်ကြောင်း။"

ဒါကြောင့် အခုလို နိုင်ငံတော်မှ ရှေ့လုပ်ငန်းစဉ် (၇)ရပ်ချမှတ်ပြီး အမျိုးသားပြန်လည် သင့်မြတ်စည်းလုံးရေး၊ စည်းကမ်းပြည့်ဝပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီပြည်ထောင်စု ထူထောင်ရေး ကြိုးပမ်းနေချိန်တွင် အမေရိကန်နဲ့ အနောက်အုပ်စု အပေါင်းပါတွေရဲ့ **စီးပွားရေးပိတ်ဆို့မှုများဟာ ဒီမိုကရေစီ ထွန်းကားရေးအတွက် အပြုပိုင်းမဟုတ် အဖျက်ပိုင်းသာဖြစ်တယ်** ဆိုတာကို တင်ပြလိုက်ရပါတယ်။ ။

မြဝတီရုပ်မြင်သံကြား

၁၇-၂-၂၀၀၄
(အင်္ဂါနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်းရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနှားဝင်
၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၁၅ ၁၀။ အပိတ်နှုတ်ဆက်စကား
၈:၁၆ ၁၁။ ပြီးပါပြီ။

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄:၁၅ ၄။ လက်စွမ်းပြဟန်ဂီတသံ
၄:၂၀ ၅။ အလွမ်းတေးပန်းချီချစ်သူဆီ
၄:၃၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၄:၅၀ ၇။ မျိုးချစ်တပ်မတော်
၅:၀၀ ၈။ အဝေးသင်ပညာရေးပို့ချမှုအစီအစဉ် Organeyation of Nervous System
၅:၃၀ ၉။ စက်မှုနိုင်ငံဖြစ်ထွန်းဖို့ နိုင်ငံသားတိုင်းကြိုးပမ်းစို့
၅:၄၅ ၁၀။ သာယာသီကြွေးခေတ်ဆန်းတေး
၆:၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၂။ နိုင်ငံတကာသတင်း
၆:၂၀ ၁၃။ မိုးလေဝသသတင်း
၆:၂၅ ၁၄။ မြန်မာ့ရှုခင်း
၆:၄၀ ၁၅။ လျှပ်တစ်ပြက်
၇:၀၀ ၁၆။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"မောင့်ရွှေနဖာစုး၊ မယ့်ရွှေနဖူးစာ"**(အပိုင်း-၈)
၈:၀၀ ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
၁၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၁၉။ လျှပ်တစ်ပြက်
၂၀။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
၂၁။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"သစ္စာမဏ္ဍိုင်"**(အပိုင်း-၁၂)
၂၂။ သင့်အတွက်မနက်ဖြန်
၂၃။ အပိတ်နှုတ်ဆက်စကား
၂၄။ ပြီးပါပြီ။

ဆုချီးမြှင့်

လှိုင်သာယာမြို့နယ် အမှတ် (၃၀) အခြေခံပညာမူလတန်းကျောင်းတွင် ဇန်နဝါရီ ၂၄ရက်က ၂၀၀၂-၂၀၀၃ ပညာသင်နှစ် ပညာရည် ချွန်ဆုပေးပွဲ ကျင်းပရာ ဒုတိယတန်းကျောင်းသူ မသက်ထားဆုအား ကျောင်းအုပ်ဆရာမကြီး ဒေါ်တင်မြက ဂုဏ်ပြုဆုချီးမြှင့်စဉ်။

(က-ပ)

■ *မြန်မာအင်ဂျင်နီယာများမှ*

ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ၏ လမ်းညွှန်မှုအရ တံတား အုတ်မြစ်တိုင်များအတွက် မြေစမ်းသပ်ခြင်း၊ မြေတိုင်းတာခြင်း၊ တံတားအူကြောင်း ရွေးချယ်ခြင်းနှင့် တံတားပုံစံထုတ်လုပ်ခြင်းများ ဆောင်ရွက်ပြီး ၂၀၀၀ ပြည့်နှစ် မတ်လ ၁၈ ရက်တွင် ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်း မော်လမြိုင်ဘက်

"သံမဏိသံပေါင်အတွင်းမှာ ကားလမ်းနဲ့ ရထားလမ်း ယှဉ်လျက်တည်ရှိနေတာက တံတားရဲ့ထူးခြားချက်ပါ"
ဦးဟန်ဇော် (အင်ဂျင်နီယာချုပ်)။

ကမ်းတိုင်အမှတ် M-3 တွင် ပန္နက်တင် မင်္ဂလာအခမ်းအနား ကျင်းပပြီး အုတ်မြစ်တိုင်လုပ်ငန်း စတင်ဆောင်ရွက်ခဲ့သည်။

မြန်မာပြည်တွင် အရှည်ဆုံးနှင့် အကြီးဆုံး တံတားဖြစ်လာမည့် သံလွင်တံတား (မော်လမြိုင်)ကိုတည်ဆောက်နေကြသည့် မြန်မာအင်ဂျင်နီယာများ၏အစွမ်းက အံ့မခန်းပင်ဖြစ်သည်။

ရေစီးနှုန်း

သံလွင်မြစ်ရေပြင်သည် ရေစီးအားသန်သည်။ မိုးတွင်းကာလ ပို၍ပင် ရေစီးအားက သန်သည်။ တစ်စက္ကန့် ၁၆ ဒသမ ၇၃ ပေ (၅ဒသမ ၁ မီတာ)နှုန်းဖြင့် စီးသဖြင့် တစ်နာရီ ၁၁ ဒသမ ၄မိုင်နှုန်းဖြင့် စီးဆင်းသည်။

ပြီးစီးမှု

ပင်မတံတား အုတ်မြစ်တိုင်များနှင့် တံတားတိုင်များ ပြီးစီးမှုသည် မော်လမြိုင်ဘက်ကမ်းတွင် RP-12 မှ RP-22အထိ ဘိုးပိုင်လုပ်ငန်း(Plain Concrete) ဝမ်းစာဖြည့် ကွန်ကရစ်လောင်းခြင်း၊ ဘိုးပိုင်ထိပ်အုပ်(Cap) ခုံလုပ်ခြင်း၊ တံတား ကိုယ်ထည်တိုင် (Shaft)လုပ်ခြင်း၊ တိုင်ထိပ်ရက်မ (Cross Arm)လုပ်ခြင်းနှင့် RP-22 မှ A-2အထိ သံကူကွန်ကရစ်သွန်းရက်မတင်ခြင်း ၂၈ ခန်းအထိ ဆောင်ရွက်ပြီးစီးနေပြီဖြစ်သည်။

မြစ်ပေါ်တွင် တည်ဆောက်သည့် ပင်မတံတားတိုင်RP-22 တိုင်ရှိရာ မော်လမြိုင်ဘက်ကမ်းမှ RP-12 မှ RP-22 အထိ တည်ဆောက်ရပြီး မုတ္တမဘက်ကမ်းမှ RP-1မှ RP-11 အထိ တည်ဆောက်ကြသည်။

ကြိုးစားလုပ်ကိုင်

သံလွင်တံတား (မော်လမြိုင်) ကို မြန်မာအင်ဂျင်နီယာများ ကိုယ်တိုင် အနီးကပ် ကြီးကြပ်ပြီး နေ့မအား ညမနားဖြင့် ကြိုးစားလုပ်ကိုင်လျက်ရှိကြသည်။မြန်မာအင်ဂျင်နီယာများ၏ စွမ်းအားကို ပြည်သူများ သိရှိလိုသောဆန္ဒဖြင့် တာဝန်ရှိသူ အင်ဂျင်နီယာချုပ်နှင့် အင်ဂျင်နီယာမှူး(မြို့ပြ)တို့အား မြန်မာ့အလင်းအဖွဲ့က တွေ့ဆုံမေးမြန်းခဲ့သည်။

သံလွင်တံတား (မော်လမြိုင်)၏ တံတားပုံစံနှင့် နည်းပညာပိုင်းဆိုင်ရာ တာဝန်ယူ လုပ်ဆောင်သည့် ဦးဟန်ဇော်(အင်ဂျင်နီယာချုပ်)က တံတားနှင့် ပတ်သက်၍ ရှင်းပြရာ၌ "ပုံမှန်တံတားအများစုက ကြိုတင် သွန်းလောင်းထားတဲ့ (Precast Decking Slab) ကွန်ကရစ်ကြမ်းခင်းပြားပေါ် နိုင်လွန်ကတ္တရာခင်းကြတယ်။

သံလွင်တံတား (မော်လမြိုင်)က (Precast Decking Slab)လုပ်ပြီး ကွန်ကရစ်ကြမ်းခင်းပြားအပေါ် ကွန်ကရစ် ထပ်ပိုးလွှာကြမ်းခင်း (Over Lay Slab)ကို ထပ်မံသွန်းလောင်းပြီးမှ နိုင်လွန်ကတ္တရာကို ခင်းမှာဖြစ်တယ်။ ဒီလိုလုပ်ရတာက တံတားအရှည် ပမာဏအလွန်ကြီးမားပြီး မြန်မာပြည်

"ဟိုက်ဒရောလစ် ဖိအားသုံး လွန်တူးစက်နဲ့ ကျောက်ဖောက်ပြီး၊ ကျောက်ထဲတူးပြီး အခိုင်အမာအုတ်မြစ်ချပါတယ်"
ဦးတင့်လွင်(အင်ဂျင်နီယာမှူး-မြို့ပြ) မော်လမြိုင်ဘက်ကမ်း။

မှာ အကြီးဆုံး၊ အရှည်ဆုံး ဖြစ်တာကြောင့်ခံနိုင်ဝန်ထိန်းထားနိုင်ရန်အတွက် ဒီနည်းလမ်းကို အသုံးပြုတာပါ။

ဒီတံတားရဲ့ ထူးခြားချက်က သံမဏိသံပေါင်အတွင်းမှာ ကားလမ်းနဲ့ ရထားလမ်းကို ယှဉ်လျက်တည်ရှိနေတာက ဘယ်တံတားနဲ့မှ မတူတဲ့ ထူးခြားချက်ပါ"ဟု နည်းပညာပိုင်းဆိုင်ရာများကို ရှင်းပြသည်။

မော်လမြိုင်ဘက်ကမ်း တံတားတည်ဆောက်မှုလုပ်ငန်းကို တာဝန်ယူဆောက်လုပ်သည့် ဦးတင့်လွင် အင်ဂျင်နီယာမှူး(မြို့ပြ)က တံတားတည်ဆောက်မှုအပိုင်းကို ရှင်းပြရာတွင်

"တံတားဆောက်တဲ့နေရာက ရေအလွန်နက်တယ်။ ရေမျက်နှာပြင် အမြင့်ဆုံးအချိန် ၁၇ဒသမ ၆၅မီတာ (ပေအားဖြင့် ၇၅ပေခန့်)နက်တယ်။ မိုးတွင်း ရေအများဆုံးတက်ချိန် ၉၇ပေထိ အနက်ရှိတဲ့အတွက် မြန်မာပြည်ရဲ့ အနက်ဆုံးမြစ်ပေါ်မှာ ပထမဆုံး တည်ဆောက်ရတာပါ။

သံပိုက်လုံးကို ဒီတံတားမှာ အရှည်ဆုံး အသုံးပြုရတယ်။ ဝန်ချီစက် (တွင်းတူးစက်)တစ်လုံးတည်း သုံးလို့မရဘဲ နှစ်လုံး၊ သုံးလုံး ဝိုင်းကူ တူးရတယ်။ အောက်ခံကျောက်သားအမာကိုဖောက်ပြီး ၅၂ပေ(၁၆ မီတာ)ထိ ရိုက်သွင်းရပါတယ်။

ဟိုက်ဒရောလစ်ဖိအားသုံး လွန်တူးစက်နဲ့ကျောက်ဖောက်ပြီး၊ ကျောက်ထဲတူးပြီး အခိုင်အမာ အုတ်မြစ်ချပါတယ်။

ပင်မတံတား သံပေါင်တပ်ဆင်ခြင်းကို ၂၀၀၃ခု မတ် ၃၀ရက်က သံပေါင်တင် မင်္ဂလာအခမ်းအနားနဲ့ စတင်ဆောင်ရွက်ခဲ့ပါတယ်။ တံတားသံပေါင်တပ်ဆင်ရာမှာ အစွန်းထွက်တပ်ဆင်နည်းကို အသုံးပြုပါတယ်။ တံတားက ကားလမ်းနဲ့ရထားလမ်းယှဉ်တွဲတည်ဆောက်ထားတဲ့အတွက် သံလွင်တံတား(မော်လမြိုင်)ပိုကြီး၍ တပ်ဆင်မှုအပိုင်းမှာ အန္တရာယ်မဖြစ်ပေါ်စေဖို့ အထူးကြပ်မတ်ဆောင်ရွက်ရပါတယ်။

တံတားရဲ့သံပေါင် Top Chord များတပ်ဆင်ရာမှာ ၁၇ဒသမ ၈မီတာရှိတဲ့ သံပေါင်အရှည်က RP°ရေလယ်တိုင် တံတားအပေါ်တင်တဲ့အခါ Vertical အရှည်ဆုံးနဲ့ အကြီးဆုံးဖြစ်လို့ မနိုင်တာနဲ့ မြစ်ထဲမှ Barge နှင့် Crane သို့မဟုတ် Floating Crane တို့နဲ့ ဝိုင်းကူပေးခြင်းဖြင့် ပူးတွဲတပ်ဆင်ရပါတယ်။

သံပေါင်ဖွဲ့စည်းပုံအနေနဲ့ ၁၂ခန်းကို မော်လမြိုင်ဘက်ခြမ်းကတပ်ဆင်တာ ၁၀ခန်းပြီးစီးပြီး မုတ္တမဘက်ကမ်းက ကိုးခန်းတပ်ဆင်တာ ခြောက်ခန်းပြီးစီးနေပါပြီ။ ၂၀၀၄ခုနှစ် မတ်လကုန်မှာ တံတားသံပေါင်နှစ်ခု ဆက်စပ်မိသည်အထိ ပြီးစီးအောင် အစွမ်းကုန်ကြိုးစားသွားပါမယ်"ဟု ရှင်းပြသည်။

မုတ္တမဘက်ကမ်း

ထို့နောက် မြန်မာ့အလင်းအဖွဲ့သည် မုတ္တမကမ်းသို့ ရေလမ်းဖြင့် သွားရောက်၍ ဓာတ်ပုံများ ရိုက်ကူးမှတ်တမ်းတင်သည်။ သံလွင်တံတား (မော်လမြိုင်)၏ မုတ္တမဘက်ကမ်း တံတားတည်ဆောက်မှုအပိုင်းကို တာဝန်ယူ လုပ်ကိုင်လျက်ရှိသည့် ဦးမျိုးဝင်း (အင်ဂျင်နီယာမှူး၊ မြို့ပြ)က တံတားတည်ဆောက်မှုအပိုင်းကို ရှင်းပြရာတွင် "ရေလယ်တိုင် RP-1မှ RP-9°ထိ ရိုးရိုးလွန်တူးဘိုးများနဲ့ အုတ်မြစ်တူးဖော်ဆောင်ရွက်ရပြီး ရေလယ်တိုင် RP-10 နဲ့ RP-11 ကို Caisson စနစ် ၂၈လုံးတွဲ ဘိုးပိုင်အုတ်မြစ်များနဲ့ ဆောင်ရွက်ခဲ့ရပါတယ်။

ရေလယ်တိုင်အမှတ် RP-11°°၏ ထူးခြားချက်မှာ ရေအနက်၁၀၀ ခန့်ရှိပြီး ရေစီးသန်တဲ့အတွက် ရေအောက်မြေမျက်နှာပြင်ကျောက် မာကျောခြင်းနဲ့ ဘိုးပိုင်တူးရန်အတွက် အရှည်မီတာ၃၀ရှိ Stand Pipe ရိုက်ရပါတယ်။ Craneတစ်စီးတည်းနဲ့ Stand Pipe ကို မထူထောင်နိုင်တာကြောင့် Crane နှစ်စီးနဲ့ ထူထောင်ရပါတယ်။ တစ်နေ့ကုန်တူးပေမယ့် အနက်တစ်ပေခန့်သာ တူးဖော်နိုင်ခဲ့ပါတယ်။ တစ်လကို အများဆုံး ဘိုးပိုင်သုံးလုံးနှုန်းအထိ တူးဖော်နိုင်ပေမယ့် ယခု တူးဖော်တဲ့ Caisson စနစ် ၂၈ လုံးတွဲ ဘိုးပိုင်ကခက်ခဲလို့ တစ်နှစ်လောက် အချိန်ယူဆောင်ရွက်ရပါတယ်'' ဟူ၍ ရှင်းပြသည်။

သံလွင်တံတား(မော်လမြိုင်) သည် မြန်မာအင်ဂျင်နီယာများ၏ အားထုတ်ကြိုးပမ်းမှု၊ နိုင်ငံအကြီးအကဲများ၏ ၏ ပံ့ပိုးကူညီမှုတို့ဖြင့် ယခုဆိုလျှင် တံတားကြီးသည် ၇၀ ရာခိုင်နှုန်းကျော် အောင်မြင်ပြီးစီးနေပြီဖြစ်ပြီး တံတားကြီး ပြီးစီးအောင်မြင်သောအချိန်တွင် တနင်္သာရီတိုင်း၊ ပဲခူးတိုင်း၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ် တစ်ဆက်တစ်စပ်တည်းအဖြစ် တည်ရှိကာ တနင်္သာရီတိုင်း ကော့သောင်းမြို့မှ ကချင်ပြည်နယ် ပူတာအိုအထိ ကုန်းလမ်းခရီးမှ ကူးလူးသွားလာနိုင်ပြီး မြန်မာပြည်အနှံ့ တိုင်းရင်းသားတို့ဒေသအနှံ့သို့ အချိန်တိုအတွင်း လွယ်ကူချောမွေ့စွာ သွားလာနိုင်တော့မည်ဖြစ်ကြောင်း ဝမ်းသာပီတိဖြင့် မြန်မာအင်ဂျင်နီယာများ၏ စွမ်းရည်ကို ဂုဏ်ပြုမှတ်တမ်းတင် ရေးသားလိုက်ရပါသည်။ ။ **(မြန်မာ့အလင်း)**

သစ်တောဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် မလေးရှားသို့ထွက်ခွာ

ရန်ကုန် ဖေဖော်ဝါရီ ၁၆

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့တွင်ကျင်းပမည့် (၇)ကြိမ်မြောက် ဇီဝမျိုးစုံ မျိုးကွဲထိန်းသိမ်းစောင့်ရှောက်ရေးဆိုင်ရာ ဝန်ကြီးအဆင့် အဆင့်မြင့်ညီလာခံသို့တက်ရောက်ရန်အတွက် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် မလေးရှားနိုင်ငံသို့ ထွက်ခွာသွားသည်။ (အပေါ်ပုံ)

မြန်မာကိုယ်စားလှယ်အဖွဲ့အား အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနဝန်ကြီး ဦးစိုးသာ၊ ဝန်ကြီးချုပ်ရုံးဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ၊ သစ်တောရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် ဆွေမျိုးမိတ်သင်္ဂဟများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

(၄၉)ကြိမ်မြောက် သူနာပြုညီလာခံ ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၆

မြန်မာနိုင်ငံသူနာပြုအသင်း၏ (၄၉)ကြိမ်မြောက် သူနာပြုညီလာခံကို ဖေဖော်ဝါရီ ၂၄၊ ၂၅၊ ၂၆ ရက်များတွင် ရန်ကုန်မြို့ ဗိုလ်ချုပ်အောင်ဆန်းလမ်းရှိ သူနာပြုတက္ကသိုလ်ခန်းမဆောင်၌ ကျင်းပမည်ဖြစ်သည်။

ပြည်နယ်၊ တိုင်းအသီးသီးရှိ မြို့နယ်သူနာပြုအသင်းခွဲများမှ ညီလာခံတက်ရောက်ကြမည့် ကိုယ်စားလှယ်များသည် ရန်ကုန်မြို့သို့ အချိန်မီလာရောက်ကြရန်နှင့် သူနာပြုအသင်းဝင်ကတ်ပြားများပါ တစ်ပါတည်း ယူဆောင်လာကြရမည်ဖြစ်သည်။

ညီလာခံကိုယ်စားလှယ်များ အချိန်မီမှတ်ပုံတင်နိုင်ရေးအတွက် ဖေဖော်ဝါရီ ၁၈ ရက်မှစ၍ အသင်းတည်ရာ အမှတ်(၈၀/၈၄)ရွှေဘုံသာလမ်း ပန်းဘဲတန်းမြို့နယ်၌ ရုံးဖွင့်လှစ်ထားရှိပြီး အသေးစိတ်သိလိုပါက ဖုန်း-၂၈၆၉၆၆၊ ၅၉၁၃၂၈ သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

သတ္တမနှစ် အမျိုးသားပတ်ဝန်းကျင်သန့်ရှင်းရေးရက်သတ္တပတ်လှုပ်ရှားဆောင်ရွက်

ရန်ကုန် ဖေဖော်ဝါရီ ၁၆

သတ္တမနှစ်အမျိုးသားပတ်ဝန်းကျင်သန့်ရှင်းရေး ရက်သတ္တပတ်လှုပ်ရှားမှု အစီအစဉ်အရ ဖေဖော်ဝါရီ ၁၄ ရက် နံနက် ၇ နာရီတွင် ဒေါပုံမြို့နယ် ကျိုက်စုရပ်ကွက်အတွင်းရှိ အိမ်သာများ အခြေအနေ စစ်ဆေးခြင်းလုပ်ငန်းကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ပံ့ပိုးကူညီမှုဖြင့် ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဝင်များ၊ ကြက်ခြေနီနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်ကျန်းမာရေးဌာနမှ ဝန်ထမ်းများ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝင်များ စုပေါင်းဆောင်ရွက်ကြကြောင်း သိရသည်။ **(အောက်ပုံ)**

(က-ပ)

မြန်မာ့ရုပ်မြင်သံကြား

၁၇-၂-၂၀၀၄(အင်္ဂါနေ့)

နံနက်ပိုင်း

၇:၀၀	၁။	အဘိဓမ္မာအဂ္ဂမဟာ သဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြုဆရာတော်ကြီးဦးဥတ္တမသာရ၏ ပရိတ်တရားတော်
၇:၂၅	၂။	ကျန်းမာဖို့အတူကစားစို့
၇:၃၀	၃။	နံနက်ခင်းသတင်း
၇:၄၀	၄။	သံသာချိုအေးမင်္ဂလာတေး
၇:၅၅	၅။	ကဗျာပန်းဥယျာဉ်
၈:၀၅	၆။	အတီးပြိုင်ပွဲ
၈:၁၅	၇။	နှောင်းခေတ်တေးပဒေသာ
၈:၃၀	၈။	International News
၈:၄၅	၉။	Grammar made Easy

ညပိုင်း

၁၆:၀၀	၁။	စစ်ချီတေး၊စစ်သည်တေး
၁၆:၁၅	၂။	မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
၁၆:၃၀	၃။	ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၁၆:၄၀	၄။	အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြား သင်ခန်းစာ ပထမနှစ်(ရက္ခဗေဒ၊သတ္တဗေဒ အထူးပြုများ) (သတ္တဗေဒ)
၁၆:၅၅	၅။	(၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ဂုဏ်ပြုအစီအစဉ်
၁၇:၁၀	၆။	ခံစားနားဆင်တေးဓာတ်ဝင်
၁၇:၂၀	၇။	ဆိုကြမယ်၊ ပျော်ကြမယ်
၁၈:၃၀	၈။	ညနေခင်းသတင်း
၁၉:၀၀	၉။	မိုးလေဝသအခြေအနေ
၁၉:၀၅	၁၀။	Milo Success in Soccer
၁၉:၁၀	၁၁။	ရင်မှာစွဲထင်ဓာတ်လမ်းရုပ်ရှင် (အပိုင်း-၂)
၁၉:၃၀	၁၂။	သားငါးဖွံ့ဖြိုးပြည့်အကျိုး
၁၉:၄၀	၁၃။	ကြေးမုံရိပ်သွင်တေးနှယဉ်
၂၀:၀၀	၁၄။	ပြည်တွင်းသတင်း
	၁၅။	နိုင်ငံတကာသတင်းများ
	၁၆။	မိုးလေဝသအခြေအနေ
	၁၇။	နိုင်ငံခြားဇာတ်လမ်းတွဲ **"တုံ့မယူလို"** (အပိုင်း-၂၈)
	၁၈။	Calcio Serie A Highlight

● *ကျောဖုံးမှ*

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် တိုင်းမှူး ဗိုလ်မှူးချုပ်အုန်းမြင့်၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ခင်မောင်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ လိုက်ပါလျက် မြိတ်–ထားဝယ်လမ်းပေါ်ရှိ မြိတ်–ကျွဲကူး–ကျောက်ဖျာ–သပွတ်–ပင်အို–ဒေါ–ပပြင်–ဘုတ်ခြ် လမ်းဖြစ်သည့် မြိတ်မြို့ရောင်ကွင်းလမ်းကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုကြသည်။

ဖြည့်စွက်ရှင်းလင်း

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့်အဖွဲ့သည် မြိတ်မြို့နယ် စန္ဒဝတ်ကျေးရွာရှိ စိုက်ပျိုးပညာပေးစခန်း၌ စိုက်ပျိုးထားသော နွေစပါးစိုက်ခင်းကို ကြည့်ရှုစစ်ဆေးရာ တောင်သူဦးကြီးများက စိုက်ပျိုးရေးလုပ်ငန်း ဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြကြပြီး ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ခင်မောင်နှင့် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း အထွေထွေမန်နေဂျာ ဒေါက်တာမင်းအောင်တို့က ဖြည့်စွက် ရှင်းလင်းတင်ပြကြသည်။

ကြိုဆို

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်အုန်းမြင့်၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်လှထွန်း၊ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ခင်မောင်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ တိုင်းရင်းသားလုပ်ငန်းရှင်များ လိုက်ပါလျက် ဖေဖော်ဝါရီ ၁၄ရက် နံနက် ၉နာရီခွဲတွင် လေကြောင်းခရီးဖြင့် မြိတ်မြို့မှ ကော့သောင်းလေဆိပ်သို့ ရောက်ရှိကြရာ ကော့သောင်းတပ်နယ်မှ ဗိုလ်မှူးကြီးမြင့်ထွန်း၊ ကော့သောင်းခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးတင်စိုးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့်အဖွဲ့သည် ကော့သောင်းမြို့နယ် ခမောက်ကြီးမြို့ရှိ ယုဇနကုမ္ပဏီလီမိတက်၏ တန် ၃၀ ဆီကြိမ်းစက်ရုံ တည်ဆောက်ရေး စီမံကိန်းလုပ်ငန်းခွင်သို့ ရောက်ရှိကြသည်။

ရှေးဦးစွာ ဘုရင့်နောင်ခန်းမ၌ ယုဇနကုမ္ပဏီလီမိတက်ဥက္ကဋ္ဌ ဦးဌေးမြင့်က ဆီအုန်းစိုက်ပျိုးရေးလုပ်ငန်း ဆောင်ရွက်မှုအခြေအနေနှင့် တန် ၃၀ ဆီကြိမ်းစက်ရုံတည်ဆောက်မည့် အစီအစဉ်တို့ကို ရှင်းလင်းတင်ပြရာ တိုင်းမှူး ဗိုလ်မှူးချုပ်အုန်းမြင့်နှင့် ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ခင်မောင်တို့က ဖြည့်စွက်ရှင်းလင်း တင်ပြကြသည်။ ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက လာမည့်နှစ်တွင် ဆီအုန်းစိုက်ကေတိုးချဲ့စိုက်ပျိုးရေးနှင့် လိုအပ်သည်များကို မှာကြားသည်။

ပန္နက်တင်

ထို့နောက် ယုဇနကုမ္ပဏီလီမိတက်၏ တန် ၃၀ ဆီကြိမ်းစက်ရုံပင်မ အဆောက်အအုံ ပန္နက်တင်မင်္ဂလာအခမ်းအနားကို အဆောက်အအုံတည်ဆောက်မည့်နေရာ၌ ကျင်းပရာ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို၊ ဝန်ကြီး ဗိုလ်ချုပ်လှထွန်း၊ ဝန်ကြီးဗိုလ်မှူးချုပ်သိန်းဇော်၊ ဒုတိယဝန်ကြီးဗိုလ်မှူးချုပ်ခင်မောင်၊ ကော့သောင်းတပ်နယ်မှ ဗိုလ်မှူးကြီးမြင့်ထွန်းနှင့် ကုမ္ပဏီဥက္ကဋ္ဌ ဦးဌေးမြင့်တို့က ပန္နက်တင်မည့် သတ်မှတ်နေရာအသီးသီး၌ နေရာယူကြသည်။ယင်းနောက် မင်္ဂလာအချိန်တွင် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့်အဖွဲ့ဝင်များက အစီအစဉ်အတိုင်း ပန္နက်များကို တင်ပေးကြပြီး အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့် အဖွဲ့ဝင်များက ပန္နက်တင်မင်္ဂလာအခမ်းအနား အောင်မြင်ခြင်းအထိမ်းအမှတ်အဖြစ် ရွှေမိုးငွေမိုး ရွာသွန်းဖြိုးသည်။

ဆက်လက်၍ ယုဇနကုမ္ပဏီလီမိတက်၏ ပင်မရုံးအဆောက်အအုံ အုတ်မြစ်စီ မင်္ဂလာအခမ်းအနားကို အဆိုပါရုံးတည်ဆောက်မည့်နေရာ၌ကျင်းပရာ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့် အဖွဲ့ဝင်များသည် သတ်မှတ်နေရာများ၌ နေရာယူကြသည်။

ယင်းနောက် မင်္ဂလာအချိန်တွင် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက အုတ်မြစ်စီမည့် ဗဟိုနေရာတွင် နဝရတ်ကိုးပါးငွေကြုတ်ကို မြှုပ်နှံပေးသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့်အဖွဲ့ဝင်များက ရတနာရွှေအုတ်များကို ပြိုင်တူစီပေးကြပြီး အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးကြသည်။

နံ့သာရည်ပက်ဖျန်း

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက နဝရတ်ကိုးပါးငွေကြုတ်မြှုပ်နှံထားသည့်အပေါ်၌ ကမ္ဗည်းမော်ကွန်းကျောက်ပြားကို ဖုံးအုပ်ပေးပြီး အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့်အဖွဲ့ဝင်များက အုတ်မြစ်စီမင်္ဂလာအခမ်းအနား အောင်မြင်ခြင်းအထိမ်းအမှတ်အဖြစ် ရွှေမိုးငွေမိုး ရွာသွန်းဖြိုးသည်။ ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့် အဖွဲ့သည် တန် ၃၀ ဆီကြိမ်းစက်ရုံ စီမံကိန်းလုပ်ငန်းခွင်ကို ရှုရပ်မှကြည့်ရှုကြကြောင်းသတင်းရရှိသည်။ **(အပေါ်ဝဲပုံ)** **(သတင်းစဉ်)**

ဒုတိယဝန်ကြီးဗိုလ်မှူးချုပ်သန်းထွန်း သင်တန်းများဖွင့်ပွဲတက်ရောက်အမှာစကားပြောကြား

ရန်ကုန် ဖေဖော်ဝါရီ ၁၆

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းထွန်းသည် ယနေ့နံနက် ၈ နာရီတွင် ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ် အမှတ်(၅၁) ရပ်ကွက်ရှိ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ဗဟိုလေ့ကျင့်ရေးကျောင်း၌ ဖွင့်လှစ်သော ဘဏ္ဍာရေးစည်းမျဉ်းအထူးသင်တန်း အမှတ်စဉ်(၁၅)နှင့် မြို့ပြစီမံကိန်း ရေးဆွဲရေးသင်တန်း အမှတ်စဉ်(၆) သင်တန်းများဖွင့်ပွဲသို့ တက်ရောက်၍ သင်တန်းဖွင့် အမှာစကားပြောကြားသည်။ **(သတင်းစဉ်)**

သုတပဒေသာစာစောင်ဖြန့်ချိ

ရန်ကုန် ဖေဖော်ဝါရီ ၁၆

နိုင်ငံတကာ မဂ္ဂဇင်းစာစောင်များမှ ကောင်းနိုးရာရာဝတ္ထု၊ ကဗျာ ဆောင်းပါးများကို ဘာသာပြန်ဆို၍ ပုံနှိပ်ထုတ်ဝေသော သုတပဒေသာစာစောင်ကို စာပေဗိမာန်က လစဉ်မပျက် ထုတ်ဝေလျက်ရှိရာ ၂၀၀၄ ခုနှစ် ဖေဖော်ဝါရီလထုတ် သုတပဒေသာ စာစောင်အတွဲ (၃၁) အမှတ်(၂)ကို ယနေ့ဖြန့်ချိ ရောင်းချနေပြီဖြစ်သည်။

သုတပဒေသာ စာစောင်ကို ရန်ကုန်မြို့ ကုန်သည်လမ်းရှိ စာပေဗိမာန်စာအုပ်ဆိုင်၊ ရန်ကုန်နှင့် နယ်စာပေဗိမာန်ကိုယ်စားလှယ်များထံတွင် ဝယ်ယူရရှိနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကျောက်ပန်းတောင်းအသင်း နှစ်ပတ်လည်စည်းဝေးမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၆

ကျောက်ပန်းတောင်းမြို့နယ်အသင်း (ရန်ကုန်)၏ နှစ်ပတ်လည်အစည်းအဝေး၊ ဂုဏဝိသိဋ္ဌပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲအခမ်းအနားကို မတ် ၇ရက်(တနင်္ဂနွေနေ့)မွန်းတည့်၁၂နာရီတွင် ရွှေတိဂုံဘုရားတောင်ဘက်မုခ်အနီး ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီခမ္မာရုံ၌ ကျင်းပမည်ဖြစ်သည်။

ပညာရည်ချွန်ဆုအတွက် အမှတ်စာရင်းမိတ္တူအထောက်အထား အပြည့်အစုံကို ဖေဖော်ဝါရီ၂၈ရက်နောက်ဆုံးထား၍ ဦးမောင်မောင် ဖုန်း–၅၈၀၇၁၄၊ ဦးဇော်လင်း ဖုန်း–၅၇၂၁၆၂၊ ဦးမောင်မောင်လှ ဖုန်း–၂၈၇၅၇၆၊ ဦးမြင့်လွင် ဖုန်း–၅၁၀၄၅၂၊ ဦးအေးလွင် ဖုန်း–၆၆၆၄၅၆၊ ဗိုလ်ကြီးမောင်ဝင်း ဖုန်း–၂၈၀၆၄၀၊ ဦးကံဦး ဖုန်း–၆၆၆၉၂၃တို့သို့ ဆက်သွယ်ပေးပို့နိုင်ကြောင်းသိရသည်။ **(က–ပ)**

အလုံမြို့နယ်နှင့် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် စံပြသမဝါယမအရောင်းဆိုင်ဖွင့်ပွဲများ ဝန်ကြီးဗိုလ်ချုပ်ဌေးဦးတက်ရောက်အားပေး

ရန်ကုန် ဖေဖော်ဝါရီ ၁၆

ရန်ကုန်တိုင်း အလုံမြို့နယ် အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်းစု၏ စံပြသမဝါယမ အရောင်းဆိုင်ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ၁၃ရက် နံနက် ၈ နာရီကအလုံမြို့နယ်အမှတ်(၇၂) ဆင်မင်းလမ်း ဆင်မင်းရပ်ကွက်ရှိ အဆိုပါအသင်းဆိုင်၌ ကျင်းပရာ သမဝါယမဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်ဌေးဦးတက်ရောက် အားပေးသည်။

ရှေးဦးစွာ အသင်းဆိုင်ကို သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးစိုးဝင်း၊ ရန်ကုန်တိုင်း အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမ အသင်းစုချုပ် ဥက္ကဋ္ဌ ဦးရဲအောင်နှင့် အလုံမြို့နယ် အထွေထွေစီးပွားရေး လုပ်ငန်း သမဝါယမအသင်းစုဥက္ကဋ္ဌ ဦးမြင့်သိန်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)** ထို့နောက် ဝန်ကြီးနှင့် ဧည့်သည်တော်များသည် အသင်းဆိုင်အတွင်း လှည့်လည် ကြည့်ရှုစစ်ဆေးသည်။ အဆိုပါ စံပြသမဝါယမ အရောင်းဆိုင်၌ အခြေခံစားကုန်၊ လူသုံးကုန် ပစ္စည်းများ ရောင်းချပေးလျက်ရှိသည်။

အလားတူဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်းစု၏ စံပြသမဝါယမအရောင်းဆိုင်ဖွင့်ပွဲ အခမ်းအနားကို နံနက်ပိုင်းတွင် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် (၅၃)ရပ်ကွက် အမှတ်(၁၅၅) ပုဂံလမ်းနှင့်ငွေကြာရံလမ်းထောင့်ရှိ အဆိုပါအသင်းဆိုင်၌ ကျင်းပရာ သမဝါယမဝန်ကြီးဌာန ဝန်ကြီးနှင့်အဖွဲ့ တက်ရောက်အားပေးကြသည်။ အဆိုပါအရောင်းဆိုင်ကို သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးစိုးဝင်း၊ ရန်ကုန်တိုင်း အထွေထွေစီးပွားရေးလုပ်ငန်းသမဝါယမအသင်းစုချုပ်ဥက္ကဋ္ဌ ဦးရဲအောင်နှင့် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်းစုဥက္ကဋ္ဌ ဦးမျိုးကျော်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ ယင်းနောက် ဝန်ကြီးနှင့်ဧည့်သည်တော်များသည်အသင်းဆိုင်အတွင်းလှည့်လည်ကြည့်ရှုစစ်ဆေးသည်။

အဆိုပါအသင်းဆိုင်၌ အခြေခံစားကုန်၊လူသုံးကုန်နှင့်စာရေးကိရိယာများကို ရောင်းချပေးလျက် ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဖေဖော်ဝါရီ ၅ ရက်က ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရန်ကုန်အနောက်ပိုင်းခရိုင်က ကြီးမှူး၍ ဒဂုံမြို့နယ်အမှတ်(၁) အခြေခံပညာမူလတန်းကျောင်းတွင် နယ်လှည့်စာကြည့်တိုက်၊ နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့်ဟောပြောပွဲဖွင့်ပွဲ ကျင်းပရာ ခရိုင်ဦးစီးအရာရှိဦးစိန်တိုးနှင့်ကျောင်းအုပ်ဆရာမကြီးဒေါ်နော်ကစ်တီတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (ခရိုင် ပြန်/ဆက်)

ဆုချီးမြှင့်

Myanmar Open 2004 ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ပထမရရှိသော ထိုင်းမှ Thong Chai Jaidee အား M.P.G.A နှင့် M.G.F ဥက္ကဋ္ဌ ဗိုလ်ချုပ်ဝင်းလှိုင်က Crystal Trophy ဆုချီးမြှင့်စဉ်။
(ဂေါက်သီးရိုက်အဖွဲ့ချုပ်)

အားကစားဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့် မြန်မာအိုးပင်းဂေါက်သီးရိုက်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲ တက်ရောက်အားပေးကြည့်ရှု

MYANMAR OPEN

ရန်ကုန် ဖေဖော်ဝါရီ ၁၆

M.P.G.A နှင့် Asian Tour တို့ ပူးပေါင်း၍ Rothmans of Pall Mall Myanmar Pte.,Ltd. က အဓိကပံ့ပိုးသည့် ၂၀၀၄ ခုနှစ် Myanmar Open ဂေါက်သီးရိုက်ပြိုင်ပွဲ၏ စတုတ္ထနေ့ ၁၈ကျင်းပြိုင်ပွဲကို ယမန်နေ့နံနက် ၇ နာရီတွင် ရန်ကုန်မြို့ ဒဂုံကုန်း ရန်ကုန်ဂေါက်ကလပ်၌ကျင်းပပြီး ဆုချီးမြှင့်ပွဲ အခမ်းအနားကို ညနေ ၄ နာရီခွဲတွင် ယင်းဂေါက်ကလပ်၌ ဆက်လက်ကျင်းပသည်။

ကြည့်ရှုအားပေး

ဆုချီးမြှင့်သည့် အခမ်းအနားသို့ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်နှင့် တာဝန်ရှိသူများ၊ M.P.G.A နှင့် M.G.F ဥက္ကဋ္ဌ ဗိုလ်ချုပ်ဝင်းလှိုင်၊ M.G.F အထွေထွေအတွင်းရေးမှူး ဦးအောင်ကြည်နှင့် အမှုဆောင်များ Rothmans of Pall Mall Myanmar Pte.,Ltd. မှ မန်နေဂျင်းဒါရိုက်တာ Mr. Arend NG နှင့် တာဝန်ရှိသူများ၊ အထူးဖိတ်ကြားထားသူများနှင့် ဂေါက်သီးရိုက်အားကစားဝါသနာရှင်များ တက်ရောက် ကြည့်ရှုအားပေးကြသည်။

စတုတ္ထနေ့ ၁၈ကျင်း ကစားအပြီး၌ ဆုချီးမြှင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ Tournament Director Mr. Wan Chai Mee Chai က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ချီးမြှင့်ပေးအပ်

ဆက်လက်၍ Rothman of Pall Mall Myanmar Pte.,Ltd. မှ မန်နေဂျင်းဒါရိုက်တာ Mr. Arend NG က M.P.G.A နှင့် M.G.F သို့ ဂုဏ်ပြုအမှတ်တရလက်ဆောင် ချီးမြှင့်ရာ M.P.G.A နှင့် M.G.F ဥက္ကဋ္ဌ ဗိုလ်ချုပ်ဝင်းလှိုင်က လက်ခံယူပြီး ရန်ကုန်ဂေါက်ကလပ်ကို အမှတ်တရ ဂုဏ်ပြုလက်ဆောင်ပေးအပ်ရာ ရန်ကုန်ဂေါက်ကလပ် အတွင်းရေးမှူး ဦးအေးချိုက လက်ခံယူသည်။ ဆက်လက်၍ M.P.G.A နှင့် M.G.F ဥက္ကဋ္ဌ ဗိုလ်ချုပ်ဝင်းလှိုင်က အပျော်တမ်း ပြိုင်ပွဲတွင် ပထမရရှိသော အောင်အောင်ကျော်အား Silver Plate ဆုကို လည်းကောင်း၊ ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည့် မြန်မာဂေါက်သီးရိုက်အားကစားသမားများ အနက် အကောင်းဆုံး အားကစားသမားဆုရရှိသော အောင်ဝင်း(Best Myanmar Players) အား Crystal Trophy ကို လည်းကောင်း၊ Octagon က ဆုအဖြစ် အမေရိကန်ဒေါ်လာ ၅၀၀ ကိုလည်းကောင်း၊ MAI Air Line, Sedona Hotel, Dagon Beer တို့ကလည်း ဆုများကို လည်းကောင်း၊ ရန်ကုန်ဂေါက်ကလပ် အတွင်းရေးမှူး ဦးအေးချိုက Hole-in-One ဆုရရှိသော အောင်ဝင်းအား Rothmans of Pall Mall Myanmar Pte.,Ltd.က ချီးမြှင့်သည့် အမေရိကန်ဒေါ်လာ ၃၀၀ ကို လည်းကောင်း၊ MAI Air Line, Sedona တို့က ချီးမြှင့်သည့် ဆုများကို လည်းကောင်းချီးမြှင့်ပေးအပ်လိုက်သည်။

ယင်းနောက် M.P.G.A နှင့် M.G.F ဥက္ကဋ္ဌ ဗိုလ်ချုပ်ဝင်းလှိုင်က သတ်မှတ်ရိုက်ချက်ထက် ခုနစ်ချက်လျှော့ရိုက်ပြီး ၇၀+၇၁+၇၃+၆၇ စုစုပေါင်း ၂၈၁ ချက်ဖြင့် တတိယရရှိသော Unho Park (ဩစတြေးလျ)၊ သတ်မှတ်ရိုက်ချက်ထက် ကိုးချက်လျှော့ရိုက်ပြီး ၆၉+၇၁+၆၈+၇၁ စုစုပေါင်း ၂၇၉ ချက်ဖြင့် ဒုတိယနှင့် သတ်မှတ်ရိုက်ချက်ထက် ၁၂ ချက်လျှော့ရိုက်ပြီး ၆၉+၇၂+၆၆+၆၉ စုစုပေါင်း ၂၇၆ ချက်ဖြင့် ပထမရရှိသော Thong Chai Jaidee(ထိုင်း)တို့အား ဆုများကို ချီးမြှင့်ပြီး Rothmans of Pall Mall Myanmar Pte.,Ltd. မှ မန်နေဂျင်းဒါရိုက်တာ Mr. Arend NG က ပထမရရှိသောထိုင်းမှ Thong Chai Jaidee အား ဆုကြေးငွေ ချက်လက်မှတ်ကို ချီးမြှင့်သည်။

အမှတ်တရ

ဆုချီးမြှင့်ပွဲအပြီးတွင် M.P.G.A နှင့် M.G.F ဥက္ကဋ္ဌ ဗိုလ်ချုပ်ဝင်းလှိုင်နှင့် တာဝန်ရှိသူများသည် အောင်ပွဲရ ဂေါက်သီးရိုက်အားကစားသမားများနှင့်အတူ အမှတ်တရဓာတ်ပုံရိုက်သည်။

Myanmar Open 2004 ဂေါက်သီးရိုက် ပြိုင်ပွဲတွင် ပထမဆုရရှိသော Thong Chai Jaidee (ထိုင်း)က ဆုကြေး အမေရိကန်ဒေါ်လာ ၃၂၃၀၀ ကိုလည်းကောင်း၊ ဒုတိယ ရရှိသော Andrew Pitts(အမေရိကန်ပြည်ထောင်စု)က ဆုကြေး အမေရိကန်ဒေါ်လာ ၂၂၂၆၀ ကိုလည်းကောင်း၊ တတိယရရှိသော Unho Park(ဩစတြေးလျ)က ဆုကြေး အမေရိကန်ဒေါ်လာ ၁၂၄၀၀ ကိုလည်းကောင်း အသီးသီးဆွတ်ခူးသွားကြသည်။

ပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ အောင်ဝင်း(YCDC)က ၇၁+၆၉+၇၁+၇၄ စုစုပေါင်း ၂၈၅ ချက်ဖြင့် အဆင့်(၉) ရရှိရာ ဆုကြေးအမေရိကန်ဒေါ်လာ ၄၂၃၀ ကိုလည်းကောင်း၊ ကြည်လှဟန်က ၇၆+၇၁+၇၂+၇၀ စုစုပေါင်း ၂၈၉ ချက်ဖြင့် အဆင့်(၂၆) ရရှိရာ ဆုကြေးငွေ အမေရိကန်ဒေါ်လာ ၁၉၈၀ ကိုလည်းကောင်း၊ စိုးကျော်နိုင်က ၇၂+၇၇+၇၇+၇၂ စုစုပေါင်း ၂၉၈ ချက် အဆင့်(၆၂)ရရှိရာ ဆုကြေးငွေ အမေရိကန်ဒေါ်လာ ၅၅၀ ကို လည်းကောင်း၊ ဝင်းထွေးလှိုင်က ၈၀+၆၉+၇၆+၇၄ စုစုပေါင်း ၂၉၉ ချက်ဖြင့် အဆင့်(၆၆)ရရှိရာ ဆုကြေးငွေ အမေရိကန်ဒေါ်လာ ၂၈၅ဒသမ ၁၈ ကိုလည်းကောင်း၊ ယဉ်ထွေးက ၇၁+၇၆+၈၂+၇၅ စုစုပေါင်း ၃၀၄ ချက်ဖြင့် အဆင့်(၇၄)ရရှိရာ ဆုကြေးငွေ အမေရိကန်ဒေါ်လာ ၁၇၇ဒသမ၇၇ ကိုလည်းကောင်း အသီးသီးရရှိသွားကြသည်။

၂၀၀၄ ခုနှစ် Myanmar Open ဂေါက်သီးရိုက်ပြိုင်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် Han Event Management နှင့် Octagon တို့က ပူးပေါင်း တာဝန်ယူဆောင်ရွက်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မျိုးဆက်သစ်အားကစားသမားများ ပေါ်ထွက်ရန်ရည်ရွယ် မြန်မာနိုင်ငံဘိလိယက်နှင့်စနူကာပြိုင်ပွဲကျင်းပ

သတင်းဆောင်းပါးနှင့်ဓာတ်ပုံ-သိန်းဝင်းလေး(မြန်မာ့အလင်း)

ရန်ကုန် ဖေဖော်ဝါရီ ၁၆

မြန်မာနိုင်ငံဘိလိယက်နှင့်စနူကာအဖွဲ့ချုပ်မှ မျိုးဆက်သစ် စနူကာအားကစားသမားများပေါ်ထွန်းရန်ရည်ရွယ်၍ (Fantasy World Cup 2004)စနူကာအကြီးတန်းနှင့် အငယ်တန်းပြိုင်ပွဲကို ဇန်နဝါရီ ၁၈ ရက်မှ ဖေဖော်ဝါရီ ၇ ရက်အထိ သိမ်ကြီးဈေးရှိ ဖင်တစီဝေါကလပ်တွင်ကျင်းပခဲ့ရာ အကြီးတန်း စနူကာပြိုင်ပွဲတွင် လက်ရှိဘိလိယက်လက်ရွေးစင်ကျော်ဦး၊ ခင်မောင်ဦးနှင့် အောင်ဆန်းဦးတို့ အပါအဝင် စုစုပေါင်း ၁၅ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။ အဆိုပါပြိုင်ပွဲမှ အကြီးတန်းစနူကာပထမဆုကို လက်ရှိစနူကာ လက်ရွေးစင် နေသွေးဦးကလည်းကောင်း၊ ဒုတိယဆုကို ကျော်ငွေကလည်းကောင်း၊ တတိယဆုကို ပေါက်စ (မြန်မာ့လက်ရွေးစင်ဟောင်း)က အသီးသီးရရှိခဲ့ကြသည်။

အငယ်တန်းစနူကာပြိုင်ပွဲတွင် ပထမဇော်ထွန်း (မေဗုါးကလပ်)၊ ဒုတိယခင်မောင်ထွေး(တာချီလိတ်)၊ တတိယဇော်ထွန်းလင်း(ပြည့်စုံ-သာကေတ)ကရရှိပြီးတစ်ကြိမ်တည်း အမှတ်အများဆုံးထိုးနိုင်သူဆုကို အငယ်တန်းစနူကာပြိုင်ပွဲမှ ပထမရရှိသွားသူ ဇော်ထွန်း(မေဗုါးကလပ်) က တစ်ကြိမ်တည်း (၆၁)မှတ်ထိုးပြီး ဆွတ်ခူးသွားသည်။

ဆုပေးပွဲအပြီးတွင် ပြိုင်ပွဲကျင်းပရခြင်း ရည်ရွယ်ချက်နှင့်ချန်ပီယံများ၏ ကြိုးပမ်းချက်များကို မြန်မာ့အလင်းက တွေ့ဆုံမေးမြန်းရာတွင် မြန်မာနိုင်ငံ ဘိလိယက်နှင့် စနူကာအဖွဲ့ချုပ် အတွင်းရေးမှူး ဦးဝင်းမြင့်မြတ်က "မြန်မာ့လက်ရွေးစင်အတွက် အားထားရမည့် မျိုးဆက်သစ်စနူကာအားကစားသမားများပေါ်ထွန်းရန်ရည်ရွယ်ပြီး ယခုပြိုင်ပွဲကို ကျင်းပရခြင်းဖြစ်ကြောင်း၊ မြန်မာပြည်တစ်ပြည်လုံးတွင်လည်း မှတ်ပုံတင်ပြီး ဘိလိယက်နှင့် စနူကာကလပ်ပေါင်း ၇၀၀ကျော်ခန့် ရှိပြီး ဘိလိယက်နှင့်စနူကာ လက်ရွေးစင်များ ပေါ်ထွန်းရန် အဖွဲ့ချုပ်က ဆောင်ရွက်လျက်ရှိကြောင်း" ပြောကြားသွားသည်။

"ယခုလို ပြိုင်ပွဲကျင်းပပေးခြင်းဖြင့် မြန်မာ့လက်ရွေးစင်အတွက် အားထားရမည့် မျိုးဆက်သစ်လူငယ်များ ပေါ်ထွန်းရန်ရည်ရွယ်" ဦးဝင်းမြင့်မြတ် (အတွင်းရေးမှူး) မြန်မာနိုင်ငံ ဘိလိယက်နှင့် စနူကာအဖွဲ့ချုပ်။ ဓာတ်ပုံ-သိန်းဝင်းလေး (မြန်မာ့အလင်း)

အကြီးတန်း စနူကာပထမဆုရ မြန်မာ့လက်ရွေးစင် နေသွေးဦးက "ယခုကဲ့သို့ ဆုရရှိသည့်အတွက် မိမိငယ်ဆရာဖခင် ဦးဉာဏ်ထွန်းက ဘိလိယက်ခုံထောင်ပေးပြီး သင်ကြားပေးကြောင်း၊ ၁၉၉၆ ခုနှစ်တွင် စနူကာမြန်မာ့လက်ရွေးစင်ဟောင်း ဦးတင်ဦးက ဆက်လက်သင်ကြားပေးကြောင်း၊ ၂၀၀၃ ခုနှစ် ဇူလိုင်လတွင် ထိုင်းနိုင်ငံ ဗန်ကောက်သို့ တစ်လခန့်သွားရောက်လေ့ကျင့်ပြီး အရှေ့တောင်အာရှပြိုင်ပွဲ ပါဝင် ယှဉ်ပြိုင်ခဲ့ကြောင်း၊ တစ်ဦးချင်း ကွာတားဖိုင်နယ်အထိ တက်ရောက်နိုင်ခဲ့ကြောင်း၊ လေ့ကျင့်မှုနိုင်ငံတကာ ပြိုင်ပွဲအတွေ့အကြုံကြောင့် ယခုလိုအနိုင်ရရှိခြင်းဖြစ်ကြောင်း၊ ဆက်လက်၍ နိုင်ငံတကာပြိုင်ပွဲတွင် ဆုရရှိအောင် ကြိုးစားမည်ဖြစ်ကြောင်း" ပြောကြားသည်။

ယင်းနောက် အငယ်တန်း ချန်ပီယံဆုနှင့် တစ်ကြိမ်တည်း အမှတ်အများဆုံး ထိုးနိုင်သူဆုရ ဇော်ထွန်း(မေဗုါးကလပ်)က "ယခုလိုဆုရရှိအောင် သင်ကြားပေးသည့် ဦးတင်ဦးနှင့် ဦးဝင်းမြင့်အားလည်းကောင်း၊ ပံ့ပိုးကူညီပေးပြီး လေ့ကျင့်မှုနေရာပါပေးတဲ့ မေဗုါးကလပ်ဥက္ကဋ္ဌ ဦးသိန်းဇော်အား အထူးပင်ကျေးဇူးတင်ကြောင်း၊ အဓိက ကစားသည့်အခါ စိတ်တည်ငြိမ်မှုရှိရန် လိုအပ်ကြောင်း၊ ဆုံးဖြတ်ချက်ပြတ်သားမှုရှိ၍ ယခုလိုအနိုင်ရရှိကြောင်း ပြိုင်ပွဲဝင်ဦးရေ ၁၁၀ တွင် ပထမရရှိ၍ အထူးဝမ်းသာကြောင်း၊ ရှေ့ပြိုင်ပွဲတွေအတွက်ကြိုးစားလေ့ကျင့်ပြီး စနူကာလက်ရွေးစင်ဖြစ်အောင် ကြိုးစားသွားမှာဖြစ်ကြောင်း" ပြောကြားသွားသည်။

အဆိုပါပြိုင်ပွဲတွင် အငယ်တန်းနှင့်အကြီးတန်း စနူကာပြိုင်ပွဲပထမဆု ကျပ်နှစ်သိန်းစီ၊ ဒုတိယဆုကျပ်တစ်သိန်းစီ၊ တတိယဆုကျပ် ငါးသောင်းစီနှင့် ကျန်ဆုများကို ကျပ်နှစ်သောင်းစီ ချီးမြှင့်ပြီး တစ်ကြိမ်တည်းအမှတ်အများဆုံး ထိုးနိုင်သူအား ကျပ်ငါးထောင် ချီးမြှင့်ခဲ့ပေသည်။ ။

(မြန်မာ့အလင်း)

ဝဲမှယာ-အငယ်တန်းပထမ ဇော်ထွန်း (မေဗုါးကလပ်)၊ နည်းပြဆရာ ဦးတင်ဦး (မြန်မာ့လက်ရွေးစင်ဟောင်း) နှင့် အကြီးတန်း ပထမဆုရ နေသွေးဦး (မြန်မာ့လက်ရွေးစင်)တို့အား ဆုယူအပြီး တွေ့ရစဉ်။
ဓာတ်ပုံ-သိန်းဝင်းလေး (မြန်မာ့အလင်း)

အဆင့်မြင့်တန်း အမှတ်ပေးပြိုင်ပွဲဆက်

ရန်ကုန် ဖေဖော်ဝါရီ ၁၆

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် ၂၀၀၃-၂၀၀၄ ခုနှစ် ဘောလုံးရာသီ အဆင့်မြင့်တန်း အမှတ်ပေးဘောလုံးပြိုင်ပွဲကို ယနေ့ ညနေ ၃ နာရီခွဲတွင် အောင်ဆန်းအားကစားပြိုင်ကွင်း၌ ဆက်လက်ကျင်းပရာ ပို့ဆောင်ရေးအသင်းက လျှပ်စစ်စွမ်းအား အသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။

ပို့ဆောင်ရေးအသင်းအတွက် ပထမဂိုးကို ၁၇ မိနစ်တွင် ဇာနည်မောင်က သွင်းယူသည်။ ဒုတိယဂိုးကို ၃၆ မိနစ်တွင် ဇာနည်မောင်က ပင် သွင်းယူသည်။ ပထမပိုင်းအပြီးတွင် ပို့ဆောင်ရေးအသင်းက နှစ်ဂိုး-ဂိုးမရှိဖြင့် ဦးဆောင်နေသည်။

လျှပ်စစ်စွမ်းအားအသင်းအတွက် တစ်လုံးတည်းသော ချေပဂိုးကို ၆၅ မိနစ်တွင် မျိုးမင်းရဲက သွင်းယူပေးသည်။ ပို့ဆောင်ရေးအသင်းအတွက် တတိယဂိုးကို မိနစ် ၈၀ တွင် ဝင်းမင်းထွန်းက သွင်းယူသည်။ ပွဲစဉ်အလိုက် အကောင်းဆုံးဆုကို ပို့ဆောင်ရေးအသင်းမှ ဇာနည်မောင်က ရရှိသည်။

ပို့ဆောင်ရေးအသင်းသည် ရှစ်ပွဲကစား၊ ခြောက်ပွဲနိုင်၊ တစ်ပွဲသရေ၊ တစ်ပွဲရှုံး (၁၉) မှတ်ရရှိပြီး ဒုတိယနေရာ၌ ရပ်တည်နေသည်။ လျှပ်စစ်စွမ်းအား အသင်းက ရှစ်ပွဲကစား၊ တစ်ပွဲနိုင်၊ တစ်ပွဲသရေ၊ ခြောက်ပွဲရှုံး (၄)မှတ်ဖြင့် အဆင့်(၁၃)၌ ရပ်တည်နေသည်။

ယနေ့ပွဲ

ဖေဖော်ဝါရီ ၁၇ ရက်(ယနေ့) ညနေ ၃ နာရီခွဲတွင် အောင်ဆန်းအားကစားပြိုင်ကွင်း၌ မြို့တော်စည်ပင်အသင်းနှင့် မလိခ အသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

(မြန်မာ့အလင်း)

ထိမ်းမြားမင်္ဂလာ ကျေးဇူးတင်လွှာ

ရန်ကုန်မြို့နေ ဒေါက်တာချစ်(ဒုတိယဝန်ကြီး၊ ငြိမ်း)-ဒေါ်ကြည်ကြည်ညွန့်တို့၏သား

မောင်နေလင်း (B.E, Electrical)

နှင့်

ရန်ကုန်မြို့နေ ဒေါက်တာကျော်ထွေး (Loi Hein Co., Ltd.)-ဒေါက်တာရီရီလွင်(မြန်မာ့မီးရထား) တို့၏သမီး

မချောကလျာ (B.Arch)

တို့အား

၁၂-၂-၂၀၀၄ရက်တွင် Sedona Hotel၌ မင်္ဂလာမော်ကွန်းတင် လက်မှတ်ရေးထိုးလက်ထပ်ပေးသော တရားရုံးချုပ်တရားသူကြီး ဒေါက်တာတင်အောင်အေးနှင့်ဇနီးအားလည်းကောင်း၊ ၁၄-၂-၂၀၀၄ရက်တွင် Nikko Royal Lake Hotel၌ ကျင်းပသော မင်္ဂလာဧည့်ခံပွဲအခမ်းအနားသို့ ကြွရောက်ချီးမြှင့်ကြပါသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်ဇနီး ဒေါက်တာဒေါ်တင်လင်းမြင့်တို့အားလည်းကောင်း၊ ဝန်ကြီးများနှင့် ဇနီးများအားလည်းကောင်း၊ မင်္ဂလာလက်ထပ်လက်စွပ်ဆင်မြန်းချီးမြှင့်ပေးသော ပို့ဆောင်ဆက်သွယ်ရေးဝန်ကြီးဌာနဝန်ကြီး(ငြိမ်း) ဦးစိန်ရန်နှင့် ဇနီး ဒေါ်အေးအေးစိုးတို့အားလည်းကောင်း၊ ဒုတိယဝန်ကြီးများနှင့် ဇနီးများ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် ဇနီးများအားလည်းကောင်း၊ မင်္ဂလာလက်ဆောင်မွန်များ ပေးပို့ချီးမြှင့်သော ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးသော ဦးကျော်စိုး၊ အခါတော်ပေးသီဆိုပေးသော တေးသံရှင် ဟေမာနေဝင်း၊ စန္ဒရားမျိုးနိုင်၊ သတို့သမီးဝတ်စုံ ချုပ်လုပ်ဆင်မြန်းပေးသော မမဥ္ဇူ၊ မိတ်ကပ်နှင့်ဆံပင် အလှဆင်ပေးသော အောင်အောင်(တောင်ကြီး)၊ ဗီဒီယိုမှတ်တမ်းတင်ပေးသော အသေးလေး(ဥက္ကာမင်း)နှင့် ကိုတင့်စန်း၊ ဓာတ်ပုံမှတ်တမ်းတင်ပေးသော ဦးအောင်ထွန်းနိုင်(ပြည်မြန်မာ)၊ ပန်းအလှပြင်ပေးသော ကိုဆွေနှင့် Eternal Flower Nikko Royal Lake Hotelမှ ဝန်ထမ်းများ၊ မင်္ဂလာပွဲဖြစ်မြောက်ရေးအတွက် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပံ့ပိုးပေးကြသော ဆွေမျိုးမိတ်သင်္ဂဟများအားလုံးကိုလည်းကောင်း လှိုက်လှဲစွာကျေးဇူးဥပကာရတင်ရှိပါကြောင်း။ **နှစ်ဖက်သောမိဘများနှင့် မောင်နေလင်း-မချောကလျာ။**

တရားပွဲကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၆

အင်းစိန်မြို့ စော်ဘွားကြီးကုန်း ရပ်ကွက် ၁၀မိုင် ဗိုလ်တေဇလမ်း အောင်မင်္ဂလာ ဣစ္ဆာသယ ရွှာမကြီး ကျောင်း၏ ဦးစီးပဓာန နာယက ဆရာတော်ကြီး ဦးနာရဒ (၂)နှစ်ပြည့် အထိမ်းအမှတ် တရားပွဲကို ဖေဖော်ဝါရီ ၁၈ ရက် (ဗုဒ္ဓဟူးနေ့)မှ ၂၂ ရက် (တနင်္ဂနွေနေ့)အထိ ငါးရက် တရားစခန်းပွဲကို အဆိုပါကျောင်းတိုက်၌ ကျင်းပမည်ဖြစ်သည်။ **(က-ပ)**

ပတ်ဝန်းကျင်သန့်ရှင်းရေး ပညာပေးဟောပြော

ရန်ကုန် ဖေဖော်ဝါရီ ၁၆

ဗဟန်းမြို့နယ် ကျန်းမာရေးဦးစီးဌာနနှင့် ကျိုက္ကဆံရပ်ကွက် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းခွဲတို့ ပူးပေါင်း၍ ဖေဖော်ဝါရီ ၁၄ ရက်က သတ္တမနှစ် အမျိုးသားပတ်ဝန်းကျင်သန့်ရှင်းရေး လှုပ်ရှားမှုရက်သတ္တပတ် အထိမ်းအမှတ်အဖြစ် ကျိုက္ကဆံရပ်ကွက်အတွင်း ယင်လုံအိမ်သာများ စစ်ဆေးခြင်း၊ ပိုးလောက်လမ်း စစ်ထားခြင်းများကို တစ်အိမ်တက်ဆင်း စစ်ဆေးပညာပေးဟောပြောကြောင်းသိရသည်။ **(က-ပ)**

ပြန်ကြားရေးဝန်ကြီးဌာန
ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်းတွင်
အသုံးပြုရန်လိုအပ်သောရုံးသုံးစက်များဝယ်ယူရန်

တင်ဒါခေါ်ယူခြင်း

၁။ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်းတွင် အသုံးပြုရန်လိုအပ်သော အောက်ဖော်ပြပါ ရုံးသုံးစက်ပစ္စည်းများကို ဝယ်ယူလိုပါသည်။

Item	Description	Qty
(˚1.˚)	30 KVA/40 KVA Generating Set	2 Nos
(˚2.˚)	Computer (˚with C. D Writer)	4 Nos
	- Pentium 4-2. 4/2.66 GH Processor	
	- 128 MB DDR RAM 40 GB Hard Disk	
	- AGP 32 MB 3˚D 15" SVGA Digital Color Monitor PS/2 Mouse PS/2 Key Board 52 x CD Rom Drive 800 W Multimedia Speaker	
(˚3.˚)	Printer (Colour)	4 Nos
(˚4.˚)	Flatbed Scanner	1 No
(˚5.˚)	Air Conditioner (Window Type) (1.5 HP˚)	25 Nos
(˚6.˚)	Air Conditioner (Split Type) (1.5 HP˚)	6 Nos
(˚7.˚)	Pallet Truck (Hydraulic Type)	3 Nos
(˚8.˚)	Type Writer (Myanmar) 18"	3 Nos

၂။ တင်ဒါပေးသွင်းမှုကို ၂၇-၂-၂၀၀၄ ရက် ၁၆:၃၀ နာရီတွင် ပိတ်ပါမည်။

၃။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်ဝယ်ယူနိုင်ပါသည်။

ပြည်တွင်း/ပြည်ပ ပစ္စည်းများဝယ်ယူရေးနှင့် ထုခွဲရောင်းချရေးကော်မတီ
ပြန်ကြားရေးဝန်ကြီးဌာန အမှတ်၂၂၈၊ သိမ်ဖြူလမ်း၊ ရန်ကုန်မြို့၊
ဖုန်း-၂၄၅၆၃၁၊ ၂၄၅၆၂၄၊ ၂၄၅၆၄၅

မင်္ဂလာဧည့်ခံပွဲ ကျေးဇူးတင်လွှာ

ပဲခူးတိုင်း သုံးဆယ်မြို့ ဘိုကြီးကုန်းရွာနေ (ဦးမြဒိုး)-ဒေါ်သန်းစိန်တို့၏သား

မောင်မြင့်အေး

B.Sc (Geology), DAG (Hydrogeology)
Bridge Asia Japan (BAJ) Water Supply Project, Bagan.

နှင့်

ရန်ကုန်မြို့ အင်းစိန်မြို့နယ် အေးသိဒ္ဓိလမ်း အမှတ် (၄၂-က)နေ
ဦးသာအောင်(ညွှန်ကြားရေးမှူး၊ သတ္တုတွင်းဦးစီးဌာန)-ဒေါ်ကြည်ကြည်မြင့်တို့၏ သမီး

မဥမ္မာသာအောင် B.Sc (Botany)

တို့၏

၁၂-၂-၂၀၀၄ရက် (ပြည်ထောင်စုနေ့)တွင် Yuzana Garden Hotel ၌ ကျင်းပပြုလုပ်သော မင်္ဂလာဧည့်ခံပွဲအခမ်းအနားတွင် မင်္ဂလာအောင်စံပယ်ပန်းကုံး ချီးမြှင့်ပေးသော သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်နှင့်ဇနီး ဒေါ်စန်းစန်း၊ မင်္ဂလာစိန်လက်စွပ်ချီးမြှင့်ပေးသော သတ္တုတွင်းဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးမြင့်သိန်းနှင့် ဇနီးဒေါ်ခင်မေစန်းတို့အားလည်းကောင်း၊ ကြွရောက်ချီးမြှင့်ပေးသော ဌာနဆိုင်ရာဂုဏ်သရေရှိလူကြီးမင်းများနှင့် ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ အခမ်းအနားမှူးအဖြစ်ဆောင်ရွက်ပေးသော ဦးကျော်စိုးဦးအားလည်းကောင်း၊ Yuzana Garden Hotel မှ မန်နေဂျာနှင့် ဝန်ထမ်းများအားလည်းကောင်း၊ မင်္ဂလာပွဲဖြစ်မြောက်ရေးအတွက် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပံ့ပိုးပေးကြသော ဆွေမျိုးမိတ်သင်္ဂဟများနှင့် သူငယ်ချင်းများ၊ ကျေးဇူးတင်ထိုက်သူများအားလုံးကိုလည်းကောင်း လှိုက်လှဲစွာကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့် မောင်မြင့်အေး-မဥမ္မာသာအောင်။

မင်္ဂလာဆုမွန်လွှာ

Yuzana Garden Hotel ၌ ကျင်းပပြုလုပ်ခဲ့သော **ကိုမြင့်အေး** နှင့် ညီမလေး **မဥမ္မာ** တို့ရဲ့ ၁၂-၂-၂၀၀၄ ရက် (ပြည်ထောင်စုနေ့) မင်္ဂလာရက်မြတ်မှသည် နောင်နှစ်တစ်ရာကျော်တိုင် ပျော်ရွှင်ချမ်းမြေ့စွာ အတူလျှောက်လှမ်းနိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက်။

ကိုကြီး-မမသင်းနှင့်သမီးလေးမေမျိုးသုခ (အိုအိုးလေး)။

နိုင်ငံတကာအဆင့်မီ မြန်မာအိုးပင်းဂေါက်သီးရိုက်ပြိုင်ပွဲ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြု

Myanmar Professional Golfers°°°Association (MPGA)မှ **အထွေထွေအတွင်းရေးမှူး ဦးချမ်းဟန်က မြန်မာ့အလင်းသို့ ရှင်းပြစဉ်။** (မြန်မာ့အလင်း)

ရန်ကုန် ဖေဖော်ဝါရီ ၁၆

၂၀၀၄ခုနှစ် Myanmar open ဂေါက်သီးရိုက်ပြိုင်ပွဲကို Myanmar Professional Golfers Association (MPGA)နှင့် Asian Tourတို့က ပူးပေါင်း၍ Rothmans of Pall Mall Myanmar Pte., Ltd.က အဓိကပံ့ပိုးမှုဖြင့် ရန်ကုန်မြို့ တည င်းကုန်း ရန်ကုန်ဂေါက်ကလပ်၌ ဖေဖော်ဝါရီ ၁၂ရက်မှ ၁၅ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။

မြန်မာအိုးပင်း ဂေါက်သီးရိုက်ပြိုင်ပွဲကို ၁၉၉၆ခုနှစ်မှ စတင်၍ နှစ်စဉ်ကျင်းပလာခဲ့ရာ ယခုဆိုလျှင် (၈) ကြိမ်မြောက်သို့ ရောက်ရှိလာခဲ့ပြီဖြစ်သည်။ မြန်မာအိုးပင်း ဂေါက်သီးရိုက်ပြိုင်ပွဲသည် ကမ္ဘာ့ဂေါက်သီးရိုက်အဖွဲ့ချုပ်များက အသိအမှတ်ပြုထားသော နိုင်ငံတကာအဆင့်မီ ဂေါက်သီးရိုက်ပြိုင်ပွဲဖြစ်သည်။ ၂၀၀၄ခုနှစ် Myanmar open ဂေါက်သီးရိုက်ပြိုင်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ခဲ့မှုအနေအထားနှင့် ပြိုင်ပွဲကျင်းပရခြင်း ရည်ရွယ်ချက်အား သိရှိနိုင်ရန် Myanmar Professional Golfers Association (MPGA) မှ အထွေထွေအတွင်းရေးမှူး ဦးချမ်းဟန်နှင့် မြန်မာ့အလင်းက သွားရောက် တွေ့ဆုံမေးမြန်းဖြစ်ခဲ့သည်။

ပထမဦးစွာ Myanmar Professional Golfers Association (MPGA) အထွေထွေအတွင်းရေးမှူး ဦးချမ်းဟန်အား Myanmar open ဂေါက်သီးရိုက်ပြိုင်ပွဲ ကျင်းပခဲ့ခြင်းနှင့်စပ်လျဉ်း၍ မေးမြန်းရာ "Myanmar openဂေါက်သီးရိုက်ပြိုင်ပွဲ ပထမအကြိမ်ကျင်းပခဲ့စဉ်က ခက်ခက်ခဲခဲ လုပ်ဆောင်ခဲ့ကြရကြောင်း၊ မြန်မာ့ဂေါက်သီးလောကသားများအနေဖြင့် Myanmar openဂေါက်သီးရိုက်ပြိုင်ပွဲအပေါ် ရှင်းရှင်းလင်းလင်း နားလည်သဘောပေါက်မှု မရှိခဲ့ကြကြောင်း၊ အထူးသဖြင့် အပျော်တမ်းဂေါက်သီးရိုက်အားကစားနှင့်ကြေးစားဂေါက်သီးရိုက် အားကစားကို ခွဲခွဲခြားခြားမသိရှိကြကြောင်း၊ မိမိနှင့် ကြည်လှဟန်တို့ အပင်ပန်းခံပြီး လုပ်ခဲ့ကြရကြောင်း၊ တစ်နှစ်ထက်တစ်နှစ် အောင်မြင်မှုရှိ၍ အပင်ပန်းခံရကျိုးနပ်ကြောင်း၊ ယခုကဲ့သို့ အောင်မြင်မှုရရှိခဲ့သည်မှာ နိုင်ငံတော်အပိုင်းကလည်း ပံ့ပိုးမှုများပေးခဲ့သည့်အတွက် ဖြစ်ကြောင်း၊ ကမ္ဘာ့အဆင့်မီ နိုင်ငံတကာပြိုင်ပွဲတစ်ခု ကျင်းပနိုင်ရေးမှာ မလွယ်ကူကြောင်း၊ ငွေကြေးကုန်ကျမှု အလွန်များသဖြင့် အာရှတိုက်မှ အချို့နိုင်ငံများပင်လျှင် မြန်မာအိုးပင်းကဲ့သို့ ပြိုင်ပွဲမျိုး ကျင်းပနိုင်ခြင်းမရှိကြောင်း၊ အထူးသဖြင့် မြန်မာအိုးပင်းဂေါက်သီးရိုက်ပြိုင်ပွဲ အောင်အောင်မြင်မြင်ကျင်းပနိုင်ရေးအတွက် ငွေကြေးပံ့ပိုးပေးသူများက အားတက်သရောပါဝင်လာမှုကြောင့် တစ်ပွဲထက်တစ်ပွဲ အဆင်ပြေလာခဲ့ခြင်းဖြစ်ကြောင်း၊ နိုင်ငံတကာပြိုင်ပွဲတစ်ခု ကျင်းပခွင့်ရရေးအတွက် အဆင့်သတ်မှတ်ချက်များထားရှိကြောင်း၊ အဆင့်သတ်မှတ်ချက်များထဲတွင် ပြိုင်ပွဲကျင်းပရန် ကမ္ဘာ့အဆင့်မီ ဂေါက်ကွင်းဖြစ်ရန်လိုကြောင်း၊ ထို့အပြင် ပြိုင်ပွဲဝင်အားကစားသမားများ ပျော်ပျော်ရွှင်ရွှင်၊ စိတ်ချမ်းချမ်းသာသာ နေနိုင်ရန် ဟိုတယ်ကောင်းကောင်း လိုအပ်ကြောင်း၊ သွားရေးလာရေး အခက်အခဲမရှိဘဲ အဆင်ပြေမှုရှိရန်လိုကြောင်း၊ အဓိကအချက်အနေဖြင့် ပြိုင်ပွဲ၏ ပမာဏ မည်မျှကျယ်ကျယ်

သတင်းဆောင်းပါး – ကိုထွေး

ပြန့်ပြန့်ဖြစ်လာ နိုင်မည်ကို စောင့်ကြည့်ကြောင်း၊ အဆိုပါအချက်များနှင့်ပြည့်စုံမှသာ နိုင်ငံတကာပြိုင်ပွဲ ကျင်းပခွင့်ပြုကြောင်း၊ ပြိုင်ပွဲဝင် အားကစားသမားများအနေဖြင့် စိတ်ချမ်းသာ၊ ကိုယ်ချမ်းသာ နေထိုင်သွားလာ ပြိုင်ပွဲဝင်နိုင်ခြင်းမရှိပါက ပြိုင်ပွဲကျင်းပရကျိုးမနပ်ဘဲ ဖြစ်နိုင်ကြောင်း၊ ဆုငွေချီးမြှင့်မှုပမာဏ ပိုမိုများပြားလာလျှင် ပြိုင်ပွဲ ယခုထက်ပိုမို၍ ကြီးမားကျယ်ပြန့်သွားမည်ဖြစ်ကြောင်း၊ ဆုကြေးများလျှင် နိုင်ငံတကာမှ နာမည်ကြီးဂေါက်သီးရိုက် အားကစားသမားများ ပိုမိုလာရောက်ယှဉ်ပြိုင်မှာဖြစ်ကြောင်း၊ Myanmar Open ဂေါက်သီးရိုက်ပြိုင်ပွဲအပေါ် ပိုမိုယုံကြည်မှုရှိလာသည်နှင့်အမျှ ပြည်တွင်းမှ စပွန်ဆာများလည်း ပိုမိုပူးပေါင်းပါဝင်လာမည်ဖြစ်ကြောင်း" မြန်မာ့အလင်းသို့ ပြောကြားသည်။

ဆက်လက်၍ Myanmar open ဂေါက်သီးရိုက်ပြိုင်ပွဲ၌ လာရောက်ယှဉ်ပြိုင်ကြသည့် ဂေါက်သီးရိုက် အားကစားသမားများ၏ အဆင့်အတန်းနှင့် ပြိုင်ပွဲအဆင့်အတန်းကို မေးမြန်းရာ မြန်မာအိုးပင်း ဂေါက်သီးရိုက်ပြိုင်ပွဲ၌ လာရောက် ယှဉ်ပြိုင်ကြသည့် အားကစားသမားများသည် အာရှအဆင့်အနေဖြင့် ပြောရလျှင် အဆင့်မြင့်သည်ဟု ဆိုနိုင်ကြောင်း၊ ပြီးခဲ့သည့် ပြိုင်ပွဲများတွင် လာရောက်ယှဉ်ပြိုင်ခဲ့ကြသူများသည် ကမ္ဘာ့အဆင့်ကို ဝင်တိုးနေသူများဖြစ်ကြကြောင်း၊ အိန္ဒိယ၊ တရုတ်(တိုင်ပေ)မှ အားကစားသမားများ ကမ္ဘာ့အဆင့်သို့ ဝင်ရောက်ယှဉ်ပြိုင်နေကြောင်း၊ မြန်မာနိုင်ငံမှ ကြည်လှဟန်နှင့် ဇော်မျိုးတို့ပင်လျှင် Myanmar Open၌ အတော်ရိုက်ယူနေရသည့် သဘောမှာရှိကြောင်း၊ ပြိုင်ပွဲ၌ ဗိုလ်စွဲခဲ့ကြသည့် ထိုင်းမှ Thon Chai Jaidee၊ တရုတ်(တိုင်ပေ)မှ Wang Tar Chang စသည့် ဂေါက်သီးရိုက် အားကစားသမားများကို ကြည့်ခြင်းအားဖြင့် အဆင့်မြင့်မားမှုကို သိရှိနိုင်ကြောင်း၊ ယခင်က မြန်မာနိုင်ငံ၌ ဂေါက်သီးရိုက်ပြိုင်ပွဲများ ကျင်းပခဲ့သော်လည်း နိုင်ငံတကာအဆင့်မီ ပြိုင်ပွဲမျိုး မဟုတ်ကြောင်း၊ နိုင်ငံတကာအဆင့်မီ ပြိုင်ပွဲဖြစ်ရေးမှာ နိုင်ငံတကာပြိုင်ပွဲများနှင့် ပွဲစဉ်တိုက်ဆိုင်မှု မရှိအောင် ကျင်းပရကြောင်း၊ Myanmar Open ဂေါက်သီးရိုက်ပြိုင်ပွဲသည် ဆုကြေးငွေနည်းသော်လည်း ကမ္ဘာ့အဆင့် သတ်မှတ်ခြင်းခံရသည့် ပြိုင်ပွဲဖြစ်ကြောင်း၊ အားကစားသမားများ လာရိုက်ချင်စိတ်ရှိအောင် လိုလေသေးမရှိ လေးလေးနက်နက် လုပ်ဆောင်ရကြောင်း၊ နိုင်ငံတော်မှလည်း အားပေးမှုရှိသည့်အတွက် ယခုလို စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ခြင်းဖြစ်ကြောင်း၊ ပထမနှစ် ကျင်းပစဉ်က ကွင်းအခက်အခဲ အချို့ရှိခဲ့ကြောင်း၊ ယခုအခါ ပြိုင်ပွဲကျင်းပမှုအပေါ် လက်ခံသွားကြပြီး ယုံယုံကြည်ကြည် ဖြစ်လာကြောင်း၊ ပြိုင်ပွဲ အဆင့်မြင့်မားမှုရှိစေရန် အမှတ်ပေးဘုတ်ပြားမှအစ ညွှန်ခံမှုနှင့် ပရိသတ်အားပေးမှု အဆင့်အတန်းကိုပါ ဂရုစိုက်ရကြောင်း" မြန်မာ့အလင်းသို့ ပြောကြားသည်။

ဆက်လက်၍ ဦးချမ်းဟန်က Myanmar Open ဂေါက်သီးရိုက် ပြိုင်ပွဲကျင်းပခြင်းအားဖြင့် အကျိုးဖြစ်ထွန်းနိုင်မှုကို ပြောကြားရာတွင် "Myanmar Open ဂေါက်သီးရိုက်ပြိုင်ပွဲ ကျင်းပပေးနေခြင်းသည် မြန်မာ့ဂေါက်သီးရိုက်အားကစား မြှင့်တင်ရေးအတွက်သာမကဘဲ နိုင်ငံခြားမှ ကမ္ဘာလှည့်ခရီးသည်များ မြန်မာနိုင်ငံသို့ ပိုမိုလာရောက်ရေးအတွက်ပါ အထောက်အကူပြုကြောင်း၊ ကမ္ဘာ့လှည့် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာအကျိုးသက်ရောက်မှုရှိကြောင်း၊ ဂေါက်သီးရိုက်ပြိုင်ပွဲ၌ ပါဝင်ယှဉ်ပြိုင်ရန်လာရောက်ရင်း မြန်မာတို့၏ ညွှေ့ဝတ်ကျေပွန်မှုနှင့် မြန်မာနိုင်ငံ၏ အေးချမ်းသာယာ ဖွံ့ဖြိုးတိုးတက်မှုများကို မျက်ဝါးထင်ထင် မြင်တွေ့သွားနိုင်ကြောင်း၊ အာရှမှဆိုလျှင် ကြည်လှဟန်အပေါ် ပုဂ္ဂိုလ်ရေး လေးစားမှုကြောင့် မြန်မာအိုးပင်းပြိုင်ပွဲကို APGA ပွဲတော်တစ်ပွဲအနေဖြင့် လေးလေးစားစားရှိလာကြောင်း၊ ကြည်လှဟန်က အာရှအနေဖြင့်လုပ်နေစဉ် မိမိက မြန်မာပြည်အနေဖြင့်လုပ်နေကြောင်း၊ မြန်မာဂေါက်သီးရိုက် အားကစားသမား မျိုးဆက်သစ်များအနေဖြင့် ဂေါက်သီးရိုက်အားကစားနည်းကို အသက်မွေးဝမ်းကျောင်းတစ်ခုဖြစ်လာအောင် လုပ်ပေးသွားလိုသည့် ဆန္ဒရှိကြောင်း၊ ကြိုးစားမှုရှိပါက မည်သည့်အဆင့်ပဲ ဖြစ်ဖြစ် ရောက်ရှိနိုင်ကြောင်း၊ မြန်မာ ဂေါက်သီးရိုက် အားကစားသမားများ ကြိုးစားကြစေလိုကြောင်း၊ မြန်မာ ဂေါက်သီးရိုက် အားကစားသမားများထဲမှ အောင်ဝင်း ယခုကဲ့သို့ အခြေအနေမျိုး ရောက်ရှိလာသည်ကို ဝမ်းသာမိကြောင်း၊ ချန်ပီယံတွေကို မွေးဖွားလာခြင်း မဟုတ်ဘဲ ကြိုးစားယူ၊ လုပ်ယူမှ ရကြောင်း၊ အောင်မြင်မှုရရှိရေးအတွက် စိတ်ဓာတ်ပြင်းထန်မှုရှိရန် လိုကြောင်း၊ မြန်မာအိုးပင်း ဂေါက်သီးရိုက်ပြိုင်ပွဲ များ၌ မြန်မာဂေါက်သီးရိုက် အားကစားသမားများ ပိုမိုအောင်မြင်မှုရရှိလာခြင်းအားဖြင့် နိုင်ငံတကာသို့ ပိုမိုထိုးဖောက်နိုင်မည်ဖြစ်ကြောင်း" မြန်မာ့အလင်းသို့ ပြောကြားခဲ့သည်။ ။

(မြန်မာ့အလင်း)

မြန်မာဗီဒီယိုရုပ်ရှင်အကြောင်းအရာစုံလင် လက်ဇော့၊ အငြိမ့်၊ နှစ်ပါးခွင် အပြည့်အဝရိုက်ကူးပြသ

မောင်ဆွေထွန်း

ဖေဖော်ဝါရီ ၂၁ ရက်တွင် ဖြန့်ချိ ပြသမည့် ဒါရိုက်တာကိုခင်ဌေး (ဧမ္ဗူတလူ) ၏ 'ကျေးရွာ တရား' ဇာတ်ကားမှ မင်းခေတ် နှင့် လှအဥ္စလီတင့်။

ရန်ကုန် ဖေဖော်ဝါရီ ၁၆

မြန်မာဗီဒီယို ဇာတ်ကားများကို ဗီဒီယိုထုတ်လုပ်သူများက ရိုက်ကူးထုတ်လုပ်ရာတွင် အချစ်၊ အိမ်ထောင်ရေး၊ ရာဇဝင်၊ စစ်ကား၊ ဟာသစသည်ဖြင့် အကြောင်းအရာမျိုးစုံကို ဇာတ်လမ်းဆင်ရိုက်ကူးခဲ့ကြရာမှ ယခုအခါ မြန်မာ့လက်ဇော့၊ ဇာတ်သဘင်၊ နှစ်ပါးခွင် စသော အကြောင်းအရာများကိုပါ အပြည့်အဝ ရိုက်ကူးထုတ်လုပ်လာကြသည်ကို တွေ့ရသည်။

နှစ်ပါးခွင်

ဗီဒီယိုပရိသတ်ကလည်း မြန်မာ့လက်ဇော့ပညာသည်များ ထိုးသတ်ပုံ ပွဲအစအဆုံး၊ အငြိမ့်နှင့် ဇာတ်သဘင် နှစ်ပါးခွင် ကပြမှုများ အစအဆုံး ပြည့်ပြည့်ဝဝ ကြည့်ရသဖြင့် နှစ်သက်လက်ခံကြသည်ဟုဆိုသည်။

ဖေဖော်ဝါရီ ၁၆ ရက်မှ ၂၂ အထိ တစ်ပတ်အတွင်း ဗီဒီယို ဇာတ်ကား ၁၃ ကား ရက်ချိတ်ဖြန့်ချိ ခွင့်ရရှိခဲ့ရာ ရုပ်ရှင်ဇာတ်ကားကြီးကို ဗီဒီယိုအဖြစ် ပြန်လည် ကူးပြောင်းသော ဗီဒီယိုဇာတ်ကားပါဝင်သလို ဒီဗီဒီအဆင့်မြင့် ဗီဒီယိုဇာတ်ကားမှ ဗီဒီယို အဖြစ် ပြန်လည်ရိုက်ကူးသော ဇာတ်ကားလည်း ပါဝင်သည်။

ဘောလုံးဇာတ်

ထိုဇာတ်ကားများအနက် ဒါရိုက်တာ ဇော်ဆက်ရိုက်ကူး၍ လူမင်း၊ ကင်းကောင်၊ ခိုင်နှင်းဝေ၊ ပွင့်နဒီမောင်တို့ ပါဝင်သည့် **'ကန်ကြမယ်ဟေ့ ကောင်းကောင်း'** ဗီဒီယိုဇာတ်ကားမှာ အဆင့်မြင့် ဒီဗီဒီ ဇာတ်ကားအဖြစ် ရိုက်ကူးခဲ့သော ဘောလုံးဇာတ်ကားဖြစ်သည်။ ဒါရိုက်တာ လပြည့်ဝန်း ရိုက်ကူး၍ တင်မိုးဝင်း၊ ချစ်မင်းကို၊ ရွှေလမင်းတို့ ပါဝင်သော ပန်တျာ တင်မိုးဝင်း (နှစ်ပါးခွင်) မှာ ဇာတ်သဘင်ဇာတ်ကားအဖြစ် တွေ့ရသည်။

ဓားတောင်ကိုကျော်၍

ထို့ပြင် ဒါရိုက်တာကျော်ဟိန်းရိုက်ကူး၍ကျော်ဟိန်း၊ နေအောင်၊ ကျော်သူ၊ မင်းဦးတို့ပါဝင်သော **'ဓားတောင်ကို ကျော်၍ မီးပင်လယ်ကို ဖြတ်မည်'** ဗီဒီယိုမှာ ရုပ်ရှင်ဇာတ်ကားကြီးကို ဗီဒီယိုအဖြစ် ပြန်လည်ရိုက်ကူးခြင်း ဖြစ်သည်။

ယခုအပတ် ဗီဒီယိုဇာတ်ကားများ ထုတ်လုပ်ဖြန့်ချိရာတွင် ဒါရိုက်တာ သီဟတင်သန်း ရိုက်ကူး၍ လွင်မိုး၊ ခိုင်သင်းကြည်တို့ပါဝင်သော **"မပြောရဲလို့"** ဇာတ်ကား၊ ဒါရိုက်တာ မောင်နန္ဒ ရိုက်ကူး၍ ခန့်စည်သူ၊ ထွန်းအိန္ဒြာဗို၊ ခင်စိုးပိုင်နှင့် ချိုပြုံးတို့ ပါဝင်သော **"မာယာနှလုံးသား"** ဇာတ်ကား၊ ဒါရိုက်တာ မဟာရိုက်ကူး၍ အရိုင်း၊ ခင်လှိုင်၊ မန်းဝင်း၊ အာကာမြင့်အောင် တို့ ပါဝင်သော **"အောဘ့ကြောလန်"** ဇာတ်ကား၊ ဒါရိုက်တာကိုခင်ဌေး (ဧမ္ဗူတလူ) ရိုက်ကူး၍ မင်းခေတ်၊ လှအဥ္စလီတင့်တို့ပါဝင်သော **"ကျေးရွာ တရား"** ဇာတ်ကား၊ ဒါရိုက်တာ သီဟ တင်စိုး ရိုက်ကူး၍ သီဟတင်စိုးနှင့် ဇင်မာဦးတို့ပါဝင်သော **"မဆုတ်စတမ်း"** ဇာတ်ကားများ ပါဝင်ကြသည်။

စန္ဒီးပိုက် ဗီဒီယိုထုတ်လုပ်ရေးမှ ဝတ္ထုဇာတ်ညွှန်း ကိုလွင်၊ ဒါရိုက်တာ မောင်မောင်ဦး (စန္ဒီးပိုက်) ရိုက်ကူးသည့် **"ဝိညာဉ်ပစ်တဲ့မြား"** အဆင့်မြင့် ဒီဗီဒီ ဇာတ်ကား ဖေဖော်ဝါရီ၂၇ရက်သောကြာ ပတ်တွင် ရွှေဂုန်၊ ရွှေမန်း၊ စံပြနှင့် သီတာ ရုံများ၌ ရုံတင်ပြသမည်ဟု သိရသည်။

သရုပ်ဆောင်များအဖြစ် နိုင်းနိုင်း၊ အိန္ဒြာကျော်ဇင်၊ မိုးဟေမာန်ခင်တို့ ပါဝင်ထားကြသည်။ **(မြန်မာ့အလင်း)**

ရုံတင်ပြသတော့မည့် 'ဝိညာဉ်ပစ်တဲ့မြား' အဆင့်မြင့် ဒီဗီဒီ ဇာတ်ကားမှ နိုင်းနိုင်းနှင့် အိန္ဒြာကျော်ဇင်။

အောဘ့ကြောလန်

စိန်ဌေးဗီဒီယိုထုတ်လုပ်ရေးမှ ဒါရိုက်တာမဟာ၏ 'အောဘ့ကြောလန်' ဟာသ ဗီဒီယိုဇာတ်ကားမှ ဇာတ်ဝင်ခန်း။

ညောင်တုန်းမြို့နယ် (၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားကို အထက(၁) လှိုင်ပညာခန်းမတွင် ဖေဖော်ဝါရီ ၁၂ ရက်က ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေထံမှပေးပို့သော ပြည်ထောင်စု နေ့ သဝဏ်လွှာကို ညောင်တုန်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ ဥက္ကဋ္ဌ ဦးနေထွန်းက ဖတ်ကြားစဉ်။ (မြို့နယ်ပြန်/ဆက်)

ပြည်ထောင်စုနေ့အခမ်းအနား မော်ဘီမြို့နယ်တွင် ကျင်းပ

မော်ဘီ ဖေဖော်ဝါရီ ၁၃

မော်ဘီမြို့နယ်၏(၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားကို ဖေဖော်ဝါရီ၁၂ရက်နံနက် ၇နာရီက မော်ဘီမြို့ မြို့မအားကစားကွင်း၌ ကျင်းပရာအခမ်းအနားတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌဗိုလ်ချုပ်မှူးကြီးသန်းရွှေ ထံမှပေးပို့သော သဝဏ်လွှာကို မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဦးစိုးမြင့်အောင်က ဖတ်ကြား၍ အခမ်းအနားသို့ မြို့နယ် ဌာနဆိုင်ရာအကြီးအကဲများနှင့်ဝန်ထမ်း များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ကျောင်းဆရာ ဆရာမများနှင့် ကျောင်း သား ကျောင်းသူများ တက်ရောက် ကြသည်။ **(မြို့နယ် ပြန်/ဆက်)**

ဇန်နဝါရီ ၁၈ ရက်က ပုဂံမြို့ အာနန္ဒာစေတီတော်မြတ်ကြီး ဗုဒ္ဓပူဇနိယ ပွဲတော်တွင် ဂေါပကအဖွဲ့က ကြီးမှူး၍ နယ်လှည့်ဈေးသူဈေးသားများနှင့် ဒေသခံဈေးသူဈေးသားများ စုပေါင်း၍ ဒုတိယအကြိမ် စေတီတော်မြတ်ကြီး ရွှေသင်္ကန်းကပ်လှူရန် အလှူတော်ငွေကျပ် ၁၁ သိန်းကျော်နှင့် သံဃာတော် ၁၀၈ ပါးတို့အား စာရေးတံမဲနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို စည်ကား သိုက်မြိုက်စွာ ကျင်းပစဉ်။ (၁၀၀)

အလှူရှင်စက်ရေတွင်းဖွင့်

မန္တလေး ဖေဖော်ဝါရီ ၉

(၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် မြစ်သားမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၀၃–၂၀၀၄ခု ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ခဲ့သော လက်ပံဆိပ်ကျေးရွာ အုပ်စု ပဋ္ဌမအကြိမ် စက်ရေတွင်းဖွင့်ပွဲကို ဖေဖော်ဝါရီ ၆ရက်က ကျင်းပရာ မြို့နယ်စည်ပင်သာယာရေး အဖွဲ့ လက်ထောက် အင်ဂျင်နီယာ ဦးမျိုးမင်းသန့်ကစက်ရေတွင်း တူးဖော်ခြင်းနှင့်ပတ်သက်၍ ရှင်းလင်း ပြောကြားပြီး မြို့နယ်ရဲတပ်ဖွဲ့မှူး ဦးတင်ဝင်းနှင့် မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေး အသင်း အတွင်းရေးမှူး ဦးအောင်ကြည်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

အဆိုပါ စက်ရေတွင်းကို ဂျပန်နိုင်ငံ တိုကျိုမြို့မှ ဆရာတော် ဦးဝိစိတ္တသာရ၏ လှူဒါန်းငွေကျပ်ငါးသိန်းဖြင့် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(က–ပ)**

မကွေးတိုင်းစည်ပင်ညွှန်ကြားရေးမှူး မင်းဘူးမြို့နယ် စည်ပင်ဝန်ထမ်းများနှင့်တွေ့ဆုံ

မင်းဘူး ဖေဖော်ဝါရီ ၈

မကွေးတိုင်း စည်ပင်သာယာရေး အဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုးတင့်နှင့် ဒုတိယအင်ဂျင်နီယာမှူးကြီးဦးသိန်းဝင်း တို့သည် မင်းဘူးမြို့နယ် စည်ပင် သာယာရေးအဖွဲ့ကို ဇန်နဝါရီ၃၀ရက် က ဝန်ထမ်းများနှင့် တွေ့ဆုံကာ ၂၀၀၃–၂၀၀၄ခု ဘဏ္ဍာရေးနှစ် ရငွေများအချိန်မီကောက်ခံရရှိရေး လုပ်ငန်းများ အရည်အသွေးမီ ကောင်းမွန်စေရေး၊ ဘဏ္ဍာရေးလုပ်ထုံးလုပ်နည်းများနှင့်အညီဆောင်ရွက်ရေး၊ တစ်ဦးချင်း တာဝန်ယူဆောင်ရွက်မှုတို့ကို တင်ပြနိုင်ရေးလမ်းညွှန်မှာကြားပြီးအမှုဆောင် အရာရှိ ဦးမြင့်အောင်နှင့်ဌာနခွဲ၊ ဌာနစိတ် တာဝန်ခံများက ရှင်းလင်းတင်ပြကြောင်းသိရသည်။ **(မြို့နယ်စည်ပင်)**

ဇန်နဝါရီ ၂၄ရက်က မိုးမိတ်မြို့နယ် မန်ကျည်းပင်ကျေးရွာအထက(ခွဲ)တွင် နိုင်ငံသား စိစစ်ရေး ကတ်ပြားပေးအပ်ပွဲ ကျင်းပရာ ကျောက်မဲခရိုင် ဦးစီးဌာနမှူး ဒုတိယ ညွှန်ကြားရေးမှူး ဦးအောင်မြတ်က နိုင်ငံခြားစိစစ်ရေးကတ်ပြားများကို ကျောင်းအုပ်ဆရာမကြီး ဒေါ်မာကြူမင်းထံ ပေးအပ်စဉ်။ (က–ပ)

ကောလင်းမြို့နယ် မူလတန်းလွန်ကျောင်းဆောင်သစ် ပညာရေးဌာနသို့ လွှဲပြောင်းပေးအပ်

ကောလင်း ဖေဖော်ဝါရီ ၁၀

ကောလင်းမြို့နယ် တောင်ကြား အုပ်စု ဆင်းမကျေးရွာ အခြေခံပညာ မူလတန်းကျောင်းဆောင်သစ် လွှဲပြောင်းပေးအပ်ခြင်း အခမ်းအနားကို ဇန်နဝါရီ ၂၄ရက် နံနက်က အဆိုပါ ကျောင်းမြက်ခင်းပြင်တွင်ကျင်းပသည်။

ကျောင်းဆောင်သစ်ကို မြို့နယ် ဥက္ကဋ္ဌဦးအောင်ကျော်စိုး၊ မြို့နယ် ပညာရေးမှူး ဦးသိန်းဇော်ဝင်း၊ ကျောင်းဆောင်ဖြစ်မြောက်ရေး ကော်မတီ ဥက္ကဋ္ဌ ဦးရွှေမောင်တို့က ဖဲကြိုး ဖြတ်ဖွင့်လှစ်ပေးကြသည်။

ဖွင့်ပွဲတွင် မြို့နယ် ဥက္ကဋ္ဌနှင့် မြို့နယ်ပညာရေးမှူးတို့က အမှာစကား ပြောကြားသည်။

ထို့နောက် ကျောင်းဆောင်ဖြစ် မြောက်ရေးကော်မတီဥက္ကဋ္ဌက ကျေးဇူး တင်စကားပြောကြားကြသည်။

မူလတန်းလွန်ကျောင်းဆောင် သစ်နှင့်ပတ်သက်သည့် စာရွက်စာတမ်းများကို ကျောင်းအုပ်ဆရာကြီး ဦးကျော်ကျော်ဝင်းက မြို့နယ်ပညာရေးမှူး ဦးသိန်းဇော်ဝင်းသို့ လွှဲပြောင်းပေးအပ် ကြသည်။ (၀၂၆)

မီးဘေးကြိုတင်ကာကွယ်

ရပ်စောက် ဖေဖော်ဝါရီ ၈

ရှမ်းပြည်နယ်(တောင်ပိုင်း) ရပ်စောက်မြို့နယ် မီးဘေးကြိုတင် ကာကွယ်ရေးအတွက် မြို့နယ်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ လမ်းညွှန်မှုဖြင့် မြို့နယ်မီးသတ်ဦးစီးမှူး ဦးကံဝင်းနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များသည် ဇန်နဝါရီ ၂၀ ရက်က မြို့နယ်အတွင်း မီးသုံးစွဲမှုစည်းကမ်းချက်များလိုက်နာနိုင်ရန် ကြေညာခြင်းနှင့် ရပ်ကွက်များအတွင်း လှည့်လည် စစ်ဆေးခြင်းများဆောင်ရွက်ကြကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

အမြို့မြို့ အနယ်နယ် သတင်းများ

ဇန်နဝါရီ ၂၄ရက်က အိမ်မဲမြို့နယ် ညောင်ပိုင်းကြီးကျေးရွာတွင် ကျေးလက် ဖွံ့ဖြိုးရေးကိုယ့်အားကိုယ်ကိုး တုမရစာကြည့်တိုက်ဖွင့်ပွဲ ကျင်းပရာ မြို့နယ် ပညာရေးမှူးဦးတင်မြင့်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင် အရာရှိ ဦးမျိုးဝင်းနှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှူး ဒေါ်မေမြင့်တို့ကဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ် ပြန်/ဆက်)

(၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် ဝေါမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ တာဝန်ယူဆောင်ရွက်ပြီးစီးခဲ့သော သဘော့ကန်–မင်းရွာကျေးလက် မြေသားလမ်းနှင့် ကော့ဝင်းချောင်းကူးသစ်သားတံတား ဖွင့်ပွဲကို ဖေဖော်ဝါရီ ၇ရက်က လမ်းမုခ်ဦးတွင် ကျင်းပရာ ဥက္ကဋ္ဌ ဦးခင်ဇော်မြင့်နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးစောရွှေတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (က–ပ)

မီးဘေးကြိုတင်ကာကွယ်ရေး အချိန်အဟုန်မြှင့်ဆောင်ရွက်

မတ္တရာ ဖေဖော်ဝါရီ ၈

မန္တလေးတိုင်း မီးသတ်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးသန်းကျော်ကျော်သည် ဇန်နဝါရီ ၁၇ ရက်က မတ္တရာမြို့ မီးသတ်ဦးစီးဌာန မီးသတ်တပ်ဖွဲ့ခန်းမတွင် တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ မတ္တရာမြို့နယ် အတွင်း မီးဘေးကြိုတင်ကာကွယ်ရေး လုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်ရေး၊ မီးသတ်စက်နှင့် ယာဉ်များကို ကောင်းမွန်စွာ အသင့်ရှိစေရန်နှင့် ရေအလုံအလောက်ရှိရေး လုပ်ငန်းများ ဆောင်ရွက်ထားရန်တို့ကို မှာကြားသည်။

စမ်းသပ်စစ်ဆေး

ထို့နောက်မတ္တရာမြို့နယ်မီးသတ် ဦးစီးမှူး ဦးစောလွင်မြင့်က မီးဘေး ကြိုတင် ကာကွယ်ထားရှိမှုနှင့် မီးငြိမ်း သတ်ရေး လုပ်ငန်းမြေပုံလေ့ကျင့်ခန်း များကို အသေးစိတ်ရှင်း လင်းတင်ပြ ပြီးနောက် တိုင်းဦးစီးမှူးက မီးသတ် စခန်း သန့်ရှင်းသာယာလှပရေးနှင့် မီးသတ်စက်ယာဉ်များကို စက်နှိုး စမ်းသပ်စစ်ဆေးကြသည်။ **(၃၆၄)**

ဇန်နဝါရီ ၂၈ရက်က ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန သရက်ခရိုင် ရုံးခန်းမတွင် ကျင်းပသော ထူးချွန်ဆုရ ခရိုင်နှင့် ပြည်နယ်ရုံးများ ထပ်ဆင့်ဂုဏ်ပြုပွဲတွင် သရက်ခရိုင်ဥက္ကဋ္ဌ ဒုတိယ ဗိုလ်မှူးကြီးမောင်မောင်စန်း အမှာစကားပြောကြားစဉ်။ (မြို့နယ် ပြန်/ဆက်)

အင်္ဂလိပ်–မြန်မာ ဥပဒေဝေါဟာရအဘိဓာန်



ရန်ကုန် ဖေဖော်ဝါရီ ၁၆

ရွှေနေချုပ်ရုံးက ပုံနှိပ်ထုတ်ဝေသော အင်္ဂလိပ်–မြန်မာ ဥပဒေ ဝေါဟာရ အဘိဓာန် (စတုတ္ထအကြိမ် တည်းဖြတ်ပုံနှိပ်ခြင်း) စာအုပ်ကို တစ်အုပ်လျှင် ကျပ် ၁၀၀၀နှုန်းဖြင့် ရွှေနေချုပ်ရုံးက ဖေဖော်ဝါရီမှစ၍ ထုတ်ဝေ ဖြန့်ချိလျက်ရှိသည်။ **(ဝဲပုံ)** ယင်းစာအုပ်များကို ရွှေနေချုပ်ရုံး၊ ဥပဒေ စာအုပ်အရောင်းဆိုင်၊ စာပေ ဗိမာန်စာအုပ်ဆိုင်၊အင်းဝစာအုပ်တိုက် နှင့် သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း စာအုပ်ဆိုင်များတွင် ဝယ်ယူရရှိနိုင် ကြောင်း သိရသည်။ **(က–ပ)**

သုံးဆယ်မြို့ လမ်းမတော်မူလတန်းကျောင်း (အငြိမ်းစား) ကျောင်းအုပ်ဆရာမကြီးဒေါ်သန်းအား စတုတ္ထအကြိမ် ပူဇော်ကန်တော့ပွဲအခမ်းအနား

သုံးဆယ်မြို့ လမ်းမတော်မူလတန်းကျောင်းအသက် (၈၇) နှစ်ရှိ (အငြိမ်းစား) ကျောင်းအုပ် ဆရာမကြီး ဒေါ်သန်းအား တပည့်ဟောင်းများက ပူဇော်ကန်တော့ပွဲ အခမ်းအနားကို ၆-၃-၂၀၀၄ရက်နေ့တွင် အမှတ်၆၅၊ မင်္ဂလာလမ်း၊ စမ်းချောင်းမြို့နယ် ရန်ကုန်မြို့၌ ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ တပည့်ဟောင်းများက အောက်ပါပုဂ္ဂိုလ်များထံ ဆက်သွယ်ပူဇော်ကန်တော့နိုင်ပါသည်။

ဦးစန်းလွင် – အရှေ့လက်ပံခုန် သုံးဆယ်မြို့
ဦးအေးကို – ပန်းကန်စက် သာယာဝတီမြို့
ဦးခင်မောင် – မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းသိုလှောင်ရုံ (အုတ်ကျင်း) ဖုန်း–၆၅၁၀၅၆
ဒေါ်ခင်သိန်းဝင်း – (သီသီ) ဖုန်း–၅၀၅၇၉၈

ဇလွန်မြို့နယ်အသင်း သင်းလုံးကျွတ်အစည်းအဝေးကျင်းပမည်

ဇလွန်မြို့နယ်အသင်း၏ ၂၀၀၃ ခုနှစ် သင်းလုံးကျွတ်အစည်းအဝေး၊ ဘွဲ့ရဆရာတော်များအား ဂုဏ်ပူဇော်ပွဲ၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန် ဆုပေးပွဲကို ၂၂-၂-၂၀၀၄ရက် တနင်္ဂနွေနေ့ (နံနက် ၀၈:၀၀) နာရီတွင် ရောဝတီတိုင်းမွေးရုံတွင် ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။ အသက် (၇၅)နှစ်ပြည့်နှင့်အထက် အသင်းဝင်များနှင့် အသင်းဝင်များ၏ မိဘများအားပူဇော်ကန်တော့ခြင်း၊ ၂၀၀၂-၂၀၀၃ ခုနှစ်တွင် တက္ကသိုလ်ဝင်စာမေးပွဲကို ဂုဏ်ထူးဖြင့်အောင်မြင်ကြသော အသင်းဝင်များ၏ သားသမီးများကို ပညာရည်ချွန်ဆုချီးမြှင့်မည်ဖြစ်၍ ဘိုးဘွားစာရင်းနှင့် ဂုဏ်ထူးရကျောင်းသူ ကျောင်းသားများစာရင်းကို ၂၀-၂-၂၀၀၄ရက် နောက်ဆုံးထား၍ အမှတ်(၇၇)စမ်းချောင်းလမ်း၊ စမ်းချောင်းမြို့နယ် (ဖုန်း–၅၁၀၃၇၆)သို့ ဆက်သွယ်ပေးပို့ကြရန်နှင့် အသင်းဝင် မိသားစုများနှင့် အသင်းမဝင်ရသေးသော မြို့နယ်သူ၊ မြို့နယ်သားမိသားစုများ မပျက်မကွက်တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။ **(သီးခြားဖိတ်စာမပေးပို့ပါ)**

အမှုဆောင်အဖွဲ့၊ ဇလွန်မြို့နယ်အသင်း။

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့ လသာမြို့နယ် အမှတ်(၈၆/၉၀) စဉ့်အိုးတန်းလမ်းတွင် ရှိသော တိုက်အိမ်ဥပစာအား အိမ်ရှင်အဖြစ် ဌာနမှူး(ယာ/အုံ)နှင့် ကန်ထရိုက်တာ ဦးရှိန်ဝင်း(တက်လမ်းဆောက်လုပ်ရေး)တို့က ရှစ်ထပ်တိုက် ပြန်လည်ဆောက်လုပ်မည်ဖြစ်ပြီး ယင်းဆောက်လုပ်မည့်တိုက်၏ ဒုတိယထပ် အခန်းအမှတ်(၁၂)ကို ဒေါ်အေးအေးမြင့်၁၂/လသန(နိုင်)၀၁၅၅၄၉က ရရှိမည်ဖြစ်၍ ကန့်ကွက်လိုသူရှိပါက ကျွန်ုပ်ထံသို့ အထောက်အထား ခိုင်လုံစွာဖြင့်လာရောက်ကန့်ကွက်နိုင်သည်။

ဦးစိန်လှိုင် B.A,(Law), LL.B.Advocate
တရားရုံးချုပ်ရှေ့နေ(စဥ်–၂၀၈၄)
တိုက်အမှတ်(၆၁)၊အနောက်မြင်းပြိုင်ကွင်းလမ်း
ဗိုလ်စိန်မှန်ရပ်ကွက်၊ဗဟန်းမြို့နယ်၊ရန်ကုန်မြို့။

ဇီဝိတဒါန သံဃာ့ဆေးရုံကြီး ဗဟန်းမြို့နယ် နှစ်ပတ်လည်အစည်းအဝေးဖိတ်ကြားခြင်း

၂၀၀၃ ခုနှစ်အတွက် နှစ်ပတ်လည် အစည်းအဝေးကို ၆-၃-၂၀၀၄ (စနေနေ့)နံနက် ၀၉:၃၀ နာရီ အချိန်တွင် ဤဆေးရုံကြီး အလှူတော်မင်္ဂလာခန်းမ၌ ကျင်းပမည်ဖြစ်ပါ၍ အသင်းသားများနှင့် စေတနာရှင်များ အားလုံးတက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

အုပ်ချုပ်ရေးအဖွဲ့
ဇီဝိတဒါနသံဃာ့ဆေးရုံကြီး။



ကြော်ငြာစာ

အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ ၂၈၃
ရန်ကုန်တိုင်း တရားရုံးတော်၌
၂၀၀၄ ခုနှစ်၊ တရားမအသေးအဖွဲ့မှု အမှတ် – ၁၀

ကွယ်လွန်သူ ဦးခင်မောင်ကြီး(ခ)အေးအစ္စလာမ်နှင့်ဒေါ်လုံးတို့၏ ကျန်ရှိရစ်သော ပစ္စည်းများနှင့်စပ်လျဉ်းသည့်အမှု

